# ကြေးမုံ

The Mirror
Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်၊ တနင်္လာနေ့၊ (20-7-2015) (၈၂၆၇)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုလံဘီယာနိုင်ငံလွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၀

၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် ကျရောက်သည့် ကိုလံဘီယာ သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုလံဘီယာသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟွမ် မန်နျူရယ် ဆန်းတို့စ် ကယ်ဒီရှမ်ထံသို့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။(သတင်းစဉ်)

## မိုးရွာသွန်းမှု

(၁၉-၇-၂၀၁၅)

| | | | | | |
|---|---|---|---|---|---|
| မော်လမြိုင် | ၆ | ဒသမ | ၄၅ | လက်မ |
| ဖျာပုံ | ၅ | ဒသမ | ၃၅ | လက်မ |
| ကသာ | ၄ | ဒသမ | ၉၃ | လက်မ |
| မုဒုံ | ၄ | ဒသမ | ၇၂ | လက်မ |
| ကျိုက္ခမီ | ၄ | ဒသမ | ၆၅ | လက်မ |
| ပေါင် | ၄ | ဒသမ | ၄၀ | လက်မ |
| ချောင်းဆုံ | ၄ | ဒသမ | ၃၃ | လက်မ |
| မိုးညှင်း | ၄ | ဒသမ | ၀၆ | လက်မ |
| ကန့်ဘလူ | ၃ | ဒသမ | ၄၃ | လက်မ |
| ကော့ကရိတ် | ၃ | ဒသမ | ၁၉ | လက်မ |

# အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်း

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဇူလိုင် ၁၉

အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမဆောင်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နေပြည်တော်ကောင်စီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဈေးကုန်းကျောင်းတိုက်ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့



## (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်စား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက် လွမ်းသူ့ပန်းခွေချအလေးပြု

ရန်ကုန် ဇူလိုင် ၁၉

၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်စား (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးတို့တက်ရောက်၍ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုပြီး မေတ္တာပို့သအမျှပေးဝေကြသည်။(ဝဲပုံ)

စာမျက်နှာ ၈ ကော်လံ ၁ သို့




ကြေးမုံစာတည်းရှုထောင့် ၂၀-၇-၂၀၁၅၊ တနင်္လာနေ့

# ပြိုင်ဆိုင်မှု အခွင့်အလမ်းကောင်း

ယခုနှစ် အဆင့်မြင့်ပညာသင်ကြားရေးအတွက် ပညာရေးအခွင့်အလမ်းသစ် ဖွင့်လှစ်လိုက်ပြန်သည်။ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိနှစ်သက်ရာတက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားခွင့်ပြုလိုက်သောကြောင့်ဖြစ်သည်။ ယင်းအစီအစဉ်မှာ ယခုမှ ပထမဆုံးအကြိမ်ဆောင်ရွက်ခြင်းမဟုတ်ဘဲ တစ်ချိန်သောကာလကလည်း ယခုအစီအစဉ်မျိုး ဆောင်ရွက်ဖူးသည်။

ထိုအခွင့်အလမ်းမှာ မြို့ကြီးများနေ ကျောင်းသား ကျောင်းသူများထက် နယ်မြို့များနှင့် ကျေးလက်ဒေသနေ ကျောင်းသား ကျောင်းသူများအတွက် အခွင့်အလမ်းကောင်းပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြို့နယ်ကန့်သတ်ချက်မရှိဘဲ မိမိတက်ရောက်သင်ကြားလိုသောကျောင်းတွင် မိမိသင်ကြားခွင့်ရသော ဘာသာရပ်ကို သင်ယူနိုင်သောကြောင့်ဖြစ်သည်။

ထိုအခါ ကျောင်းသား ကျောင်းသူများအတွက် ပြိုင်ဆိုင်မှုအခွင့်အလမ်းကြီးမားလာမည်မှာ သေချာပါသည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် အကောင်းဆုံးကျောင်း၊ အကောင်းဆုံး ဘာသာရပ်ကိုသာ ရွေးချယ်သင်ယူကြမည်ဖြစ်သည်။ ကျောင်းအုပ်ချုပ်ရေးဘက်မှလည်း ယခင်နှစ်များကအတိုင်း တက္ကသိုလ်ဝင်ခွင့်ကို စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများ စုပြုံရောက်ရှိလာမည့်ဒေသမှာ ရန်ကုန်မြို့ဖြစ်သည်။ ရန်ကုန်မြို့သည် မူလကတည်းက ပညာရေး၏ ဘူမိနက်သန်ဖြစ်သည်။ ပညာရှာမှီးရာ အချက်အချာဒေသဖြစ်သည်။ အသိအမြင်ကြွယ်ဝပြီး အခွင့်အလမ်းကောင်းများ စုစည်းရာနေရာဖြစ်သည်။ ပင်မတက္ကသိုလ်ကြီးတည်ရှိရာ ရန်ကုန်တက္ကသိုလ်ကြီးသည် သမိုင်းအစဉ်အလာကြီးမားခဲ့ပြီး ကျောင်းတော်ကြီးမှ ထူးချွန်ပြောင်မြောက်သူများ အမြောက်အမြား ပေါ်ထွက်ခဲ့သည်။

ဆယ်စုနှစ် နှစ်ခုခန့်က ရန်ကုန်တက္ကသိုလ်ကြီးတွင် အဓိကအားထားပညာသင်ကြားသည့်စနစ်မှ ကိုယ့်အရပ်ကိုယ့်ဌာနတွင် ပညာသင်ကြားနိုင်ရန်ဟူသော ရည်ရွယ်ချက်ဟု ဆိုသည်။ အနယ်နယ်အရပ်ရပ်တွင် တက္ကသိုလ်၊ ကောလိပ် ၁၃၆ ခု ဖွင့်လှစ်ပေးခဲ့ရာ အချို့ဝေးလံသောဒေသမှ တက္ကသိုလ်များမှာ ကျောင်းကြီးမှာ ထည်ဝါသော်လည်း သင်ကြားသူနည်းသဖြင့် ပြတိုက်ကြီးသဖွယ် ဖြစ်ခဲ့ရသည်။

တက္ကသိုလ်ကျောင်းသားဟူသည်မှာလည်း ကျောင်း၏ဂုဏ်ဒြပ်ကို တန်ဖိုးထားကြသည်။ မည်သည့်ကျောင်းမှ ဘွဲ့ရခဲ့သည်ဟု ဂုဏ်ယူချင်ကြသည်။ သို့သော် တစ်ချိန်သောကာလက နေထိုင်သောအရပ်နှင့် ကျောင်းကန့်သတ်ချက်ရှိသောကြောင့် မိမိအရပ်ဒေသမှ တက္ကသိုလ်နှင့်ပင် ကိစ္စပြီးခဲ့သည်။ ကျောင်းနှင့်ဆက်စပ်၍လည်း ကျောင်းသားအရည်အသွေး ကွာခြားမှုရှိသည်မှာလည်း အမှန်ပင်ဖြစ်သည်။

ယခုနှစ်အတွက် အဆင့်မြင့်ပညာရေးအခွင့်အလမ်းများမှာ အားရဖွယ်ဖြစ်သည်။ ပြိုင်ဆိုင်မှုအခွင့်အလမ်းပြင်းထန်မည်ဖြစ်သော အခွင့်အရေးကို ရရှိရန်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ မူလကတည်ရှိခဲ့သော ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ တက္ကသိုလ်များလည်း အဆင့်မြင့်ပညာအောက်သို့ ရောက်ရှိတော့မည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ရာခိုင်နှုန်း မြင့်မားခဲ့သည်။ အောင်မြင်သူ နှစ်သိန်းကျော်ရှိပြီး ယခင်နှစ်ကထက် ကျောင်းသား ငါးသောင်းကျော် ပိုများနေသည်။ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း ကျောင်းကောင်းများရှိရာ ရန်ကုန်မြို့ရှိ တက္ကသိုလ်များတွင် တက်ရောက်သင်ကြားလိုပေလိမ့်မည်။ ထိုအခါ မိမိတို့ရမှတ် အနည်း အများအလိုက် ထိုကျောင်းတွင် လက်ခံသင်ကြားနိုင်သော ကျောင်းသားဦးရေကို စိစစ်လက်ခံပေလိမ့်မည်။

အမှတ်ကောင်းသူများမှာ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ကောင်းများတွင် တက်ရောက်နိုင်ကြမည်ဖြစ်ပြီး အမှတ်မမီသူများမှာ မီရာတက္ကသိုလ်များတွင် တက်ရောက်ခွင့်ရကြလိမ့်မည်။ အမှတ်နည်းသောသူများမှာ မိမိတို့ဒေသတွင်ပင် သင်ကြားခြင်းဖြင့် ပြိုင်ဆိုင်မှုအခွင့်အလမ်းသစ်ကို ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ ထို့ကြောင့် ကျောင်းသား ကျောင်းသူများ ပညာကိုကြိုးစားသင်ယူခြင်းဖြင့် မိမိတို့ဘဝအတွက် ဂုဏ်ယူဝင့်ကြွားနိုင်မည်ဟု ကြေးမုံက ရှုမြင်ပါသည်။ ။

# သမ္ဗုဒ္ဓေ-ဘေးရန်ကင်းစေတီတော် ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်းနှင့် ရတနာအုတ်မြစ်တော်စီ အခမ်းအနားကျင်းပ

**မန္တလေး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် စကားအင်းကျေးရွာ မန္တလေး-ရန်ကုန် အမြန်လမ်းမကြီးအနီး မိုင်တိုင်အမှတ် (၃၅၂/၁)စကားအင်းလမ်းအသုံးပြုကောက်ခံရေးဂိတ်အနီးတွင် အများကောင်းမှုဖြင့် တည်ထားကိုးကွယ်မည့် သမ္ဗုဒ္ဓေ-ဘေးရန်ကင်းစေတီတော် ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်းနှင့် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အလှူရှင်များက ဆရာတော် သံဃာတော်များထံ ရတနာပန္နက်တော်၊ ရတနာအုတ်မြစ်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့အကျိုးတော်ဆောင် ဘေးလုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပညာသာရထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူ ကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်းနှင့် ရတနာအုတ်မြစ်တော်တို့ကို မင်္ဂလာအချိန်တွင် သတ်မှတ်နေရာ အသီးသီးတို့၌ ပန္နက်တော်များကို တင်လှူပူဇော်ခြင်း၊ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ခြင်း၊ တွင်းတော်ဝန်းမင်္ဂလာ တစ်ပြိုင်တည်း ပြုလုပ်သည်။

ထို့နောက် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို မင်္ဂလာဌာန၌ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက ရတနာရွှေကြုတ်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပတ္တမြားအုတ်၊ တာဝန်ရှိသူများက ရတနာအုတ်မြစ်တော်များကို ထည့်သွင်းပူဇော်ခြင်းနှင့် ကမ္ဗည်းမော်ကွန်း ကျောက်စာပြားထည့်သွင်းပူဇော်ခြင်းတို့ကို အစီအစဉ်အလိုက် ဆောင်ရွက်ကြသည်။

**အောင်သူရ(မန်းကိုယ်ပွား)**





# အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ဆွမ်း၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း

**တပ်ကုန်း ဇူလိုင် ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ သံဃာတော် အရှင်သူမြတ်များအား ပင့်ဖိတ်ပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် အလှူဒါနပြုလုပ် အမျှပေးဝေခြင်းကို ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။**(ဓာတ်ပုံ)**

အခမ်းအနားတွင် တက်ရောက်လာသည့် ဧည့်သည်များက ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများအားရည်စူးကာ တပ်ကုန်းမြို့ မြို့ဦးဆရာတော် ဦးပဏ္ဍာဝနှင့် သံဃာတော်များအား နေ့ဆွမ်း၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်ချ အမျှပေးဝေခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီများ၊ မြို့နယ်အဆင့် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီအသီးသီးမှ တာဝန်ခံများ တက်ရောက်ကြကြောင်း သိရသည်။

**(တင်စိုးလွင်)**

❖ ❖ ❖



## ပြည်တွင်းရေးရာ

**ဝရွှေဖုံးမှ**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မဟာသီဟနာဒကျောင်းတိုက် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဆရာတော်သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**အမျှပေးဝေ**

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ဈေးကုန်းကျောင်းတိုက်ပဓာနနာယကဆရာတော်ထံမှ သံဝေဂကထာတရားနာယူကြကာ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ဗြိတိသျှကိုလိုနီလက်ပါးစေများ၏ လုပ်ကြံမှုကြောင့် ကျဆုံးခဲ့ရသော အာဇာနည်ခေါင်းဆောင်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွား စဝ်စံထွန်း၊ ဦးရာဇတ်၊ ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့အား ရည်စူးကုသိုလ် အမျှပေးဝေကြသည်။

**နေ့ဆွမ်းဆက်ကပ်**

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ဆရာတော်သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(ယာပုံ)**

**(သတင်းစဉ်)**



# မြန်မာပြည်သူတို့ မမေ့နိုင် ၁၉ ဇူလိုင်

၂၀၁၅ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းမှစတင်ကာ မိုးများတဖွဲဖွဲရွာနေသည့်ကြားမှပင် အာဇာနည်နေ့ အခမ်းအနားကို ရန်ကုန်မြို့ ရွှေတိဂုံစေတီခြေတော်ရင်းရှိ အာဇာနည်ဗိမာန်တွင်သာမက မြန်မာနိုင်ငံ အရပ်ဒေသအသီးသီးရှိ အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ပတ်သက်ဆက်နွှယ်ရာနေရာတိုင်းတွင် ဆွမ်းကပ်အမျှဝေသူ၊ ဂုဏ်ပြုအလေးပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ ပြတိုက်အဖြစ် ဖွင့်လှစ်ထားရှိသည့် ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့သည့်နေအိမ်နှင့် ကန်တော်ကြီးပတ်လမ်းရှိ ဗိုလ်ချုပ်ကြေးရုပ်တို့တွင်လည်း လာရောက်ဂါရဝပြုသူများ အများအပြားရှိခဲ့သည်။ နှစ်ပေါင်းများစွာက ဝင်ရောက်ကြည့်ရှုခွင့်မရခဲ့သော ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရာ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိယခုဝန်ကြီးများရုံးဟောင်း (ယခင်အတွင်းဝန်ရုံး)သည်လည်း ယခုနှစ်တွင် ပြန်လည်သက်ဝင်လှုပ်ရှားလာခဲ့ကာ ပြည်သူတို့ လွတ်လပ်စွာဝင်ရောက်ကြည့်ရှု ဂါရဝပြုနိုင်ကြပြီဖြစ်သည်။

“ပြီးခဲ့တဲ့နှစ်က ကျွန်တော်မြန်မာပြည်မှာမရှိခဲ့ဘူး။ ဒီနှစ်ပြန်ရောက်တဲ့အခါ တိုက်ဆိုင်စွာနဲ့ပဲ အတွင်းဝင်ရုံးမှာ ဗိုလ်ချုပ်တို့ကျဆုံးတဲ့နေရာကို ကြည့်ခွင့်၊ ဂါရဝပြုခွင့်ရတယ်။ ပြည်သူတစ်ယောက်အနေနဲ့ ဝမ်းသာတယ်။ ဗိုလ်ချုပ်တို့ တိုက်ပွဲဝင်ကာလက တိုင်းရင်းသားပေါင်းစုံနဲ့အတူ ဆရာကြီး ဦးရာဇတ်တို့လည်း ပါဝင်ခဲ့တယ်ဆိုတာ သမိုင်းကို မမေ့ဖို့၊ သမိုင်းနဲ့အတူ ကိုယ့်ကျေးဇူးရှင်တွေကို အောက်မေ့သတိရဖို့အတွက်နဲ့ တိုင်းပြည်အတွက် ကောင်းဖို့လုပ်တဲ့အခါ အားလုံး စည်းစည်းလုံးလုံး အမြင်ကြည်လင်စွာနဲ့ အတူယှဉ်တွဲနေထိုင်ပြီး ဆောင်ရွက်ကြမယ်ဆိုရင် အကောင်းဆုံးပဲလို့မြင်တယ်။ နောက်နှစ်တွေလည်း ဗိုလ်ချုပ်တို့ကျဆုံးတဲ့နေရာကို လာရောက်လေ့လာနိုင်အောင် ဖွင့်ထားလိမ့်မယ်လို့ မျှော်လင့်ပါတယ်”ဟု ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် ယခုဝန်ကြီးများရုံးဟောင်း (ယခင်အတွင်းဝန်ရုံး)သို့ လာရောက်ဂါရဝပြု ကြည့်ရှုလေ့လာသည့် ကိုမင်းသိန်း (ကမ်းလွန်ရေနံအင်ဂျင်နီယာ)က ဆိုသည်။

ယနေ့နံနက်ပိုင်းကလည်း ရန်ကုန်မြို့တော်ခန်းမတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအတွက် သံဃာတော်များအား ဆွမ်းကပ်အမျှပေးဝေလှူခြင်းပြုလုပ်ခဲ့ရာ အခမ်းအနားသို့ တက်ရောက်လာသည့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက “နိုင်ငံတော်အတွက် အလုပ်လုပ်ရင်း ကျဆုံးသွားတာဖြစ်တဲ့အတွက် စိတ်မကောင်းစရာ၊ ဝမ်းနည်းပူဆွေးစရာကောင်းပါတယ်။ လွတ်လပ်ရေးရယူပေးခဲ့တဲ့ ခေါင်းဆောင်တွေဖြစ်တဲ့အတွက် စံပြုထိုက်ပြီး ဂုဏ်ပြုရမှာဖြစ်ပါတယ်။ တိုင်းပြည်ပြိုကွဲတာ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပြိုကွဲစေတာ ဒါတွေကိုမဖြစ်အောင် လူငယ်တွေရော၊ လူကြီးတွေရော ထိန်းသိမ်းရမယ်။ တိုင်းပြည်ဖွံ့ဖြိုးဖို့ ဘယ်ရှုထောင့်ကပဲကြည့်ကြည့် ရည်မှန်းချက်အတူတူရှိကြဖို့လိုပါတယ်။ စည်းစည်းလုံးလုံး နေထိုင်ကြစေချင်ပါတယ်”ဟု ၎င်း၏အမြင်ကို သုံးသပ်ပြောကြားခဲ့သည်။

ထို့နောက် ချင်းဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇိုင်ဆာခ်က “အာဇာနည်နေ့က အင်မတန်မှကို ကြေကွဲစရာကောင်းပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ကျဆုံးသွားတဲ့ အာဇာနည်ခေါင်းဆောင်တွေသာ ယနေ့တိုင် အသက်ရှင်နေမယ်ဆိုရင် နှစ်ပေါင်း(၆၀)ကြာဖြစ်နေတဲ့ ပြည်တွင်းစစ်ကလည်း ဒီလောက်ရှည်ချင်မှရှည်မှာ။ ပိုပြီး ယူကျုံးမရဖြစ်ရတာက အခြားလူမျိုးကလုပ်ကြံတာမျိုးမဟုတ်ဘဲ ကိုယ့်တိုင်းရင်းသားအချင်းချင်း ကိုယ့်သွေးချင်းညီအစ်ကိုအချင်းချင်း လုပ်ကြံသတ်ဖြတ်တာ၊ အသုံးချခံရပြီး လုပ်ကြံသတ်ဖြတ်မှုမှာ ပါဝင်တာဆိုတော့ အင်မတန်မှကို ဝမ်းနည်းဖို့ကောင်းပါတယ်။ အခုဖြစ်နေတဲ့ လက်နက်ကိုင်တိုင်းရင်းသားတွေနဲ့လည်း အမြန်ဆုံးငြိမ်းချမ်းရေး ရယူစေချင်ပါပြီ”ဟု ပြောကြားခဲ့သည်။

ထို့အပြင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်တွင် လာရောက်ဂါရဝပြုသူ တိုင်ရီဖိနပ်စက်ရုံမှ ဒေါ်မိုးဝေကလည်း “ကျွန်မတို့နိုင်ငံကို လွတ်လပ်ရေးရရှိအောင် အသက်သွေးချွေးတွေရင်းနှီးပြီး ဆောင်ရွက်ခဲ့တဲ့ အာဇာနည်တွေကို ဂါရဝပြုတဲ့အနေနဲ့ အခုလို လွတ်လပ်ရေးကျောက်တိုင်မှာ ပန်းစည်းတွေနဲ့ ဂါရဝပြုတာပါ။ အာဇာနည်ဗိမာန်မှာက လူအလွန်များတယ်လေ။ ဒီနေ့က အလုပ်ပိတ်ရက်ဆိုတော့ အာဇာနည်ဗိမာန်မဟုတ်ပေမယ့် ဒီလွတ်လပ်ရေးကျောက်တိုင်ပေါ်မှာ အာဇာနည်ခေါင်းဆောင်ကြီးတွေချမှတ်ခဲ့တဲ့ လမ်းစဉ်တွေရှိတဲ့အပြင် အထင်ကရနေရာလည်းဖြစ်တဲ့အတွက် ဒီကို အလုပ်သမားတွေစုပြီး ဂါရဝလာပြုတာပါ”ဟု ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်သို့ လာရောက်ကြည့်ရှုသည့် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်မှ ကိုလင်းကိုကလည်း “ ဗိုလ်ချုပ်သာ ယနေ့အချိန်အထိ အသက်ထင်ရှားရှိနေမယ်ဆိုရင် သူ့ခြံဝင်းလေးထဲမှာ သစ်ပင်စိုက်ပြီး နိုင်ငံ့အတွက် အကျိုးပြုမယ့်စာပေတွေ ရေးနေမှာကို မြင်ယောင်မိတယ်” ဟုဆိုသည်။

ဇူလိုင် ၁၉ ရက် ၁၀ နာရီ ၃၇ မိနစ် ရန်ကုန်မြို့တွင်း အရပ်မျက်နှာပေါင်းစုံက ထွက်ပေါ်လာသည့် အာဇာနည်နေ့ ဂုဏ်ပြုကားဟွန်းသံများနှင့် ဥဩဆွဲသံများက လမ်းမပေါ် သွားလာနေသည့် လူအများ၏ခြေလှမ်းများကို ရပ်တန့်သွားစေခဲ့ပြီး ဦးခေါင်းများကို အလိုလိုအောက်သို့ ဦးညွတ်ပြီးသား ဖြစ်စေခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ (၆၈)နှစ်တာကာလသို့ပင် ရောက်ခဲ့ပြီဖြစ်သည်။ တိုင်းပြည်အတွက် အသက်ကိုပင်ပေးဆပ်ကာ စွန့်လွှတ်အနစ်နာခံခဲ့သည့် အာဇာနည်ကိုးဦးတို့ ကျဆုံးခဲ့သည့် ဇူလိုင် ၁၉ ရက်နေ့ရောက်တိုင်း မြန်မာပြည်သူတို့ မမေ့နိုင်စရာ နေ့မြတ်တစ်ခုဖြစ်နေဆဲ၊ ကြေကွဲဝမ်းနည်းနေဆဲ၊ ဂုဏ်ပြုနေမြဲသာဖြစ်သည်။



သတင်းဆောင်းပါး » သီသီမင်း

ဓာတ်ပုံ » ဖိုးခွား

## အာဇာနည်နေ့အခမ်းအနားနှင့် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုဖွင့်ပွဲ ကျင်းပ

**ကြံခင်း ဇူလိုင် ၁၉**

၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီက ကြံခင်းမြို့ ဇေရာဦးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဖွံ့/ထောက်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်သံဃနာယက ဆရာတော်များကို အာရုံဆွမ်းဆက်ကပ်လှူဒါန်းပြီး အာဇာနည်ခေါင်းဆောင်ကြီးများကို အမျှပေးဝေကြသည်။

ထိုနောက် နံနက် ၇ နာရီတွင် ကြံခင်းမြို့ မက်သနောလ်လမ်းဆုံတွင် အာဇာနည်နေ့အထိမ်းအမှတ် ဗိုလ်ချုပ်ကြေးရုပ်တု ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပပြီး ရွာသစ်ရပ်ကွက် အာဇာနည်ကျောက်တိုင်ကွင်းရှိ အာဇာနည်ကျောက်တိုင်တွင် လွမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်းများ ပြုလုပ်ကြသည်။

**မသူ (ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့နယ်အချို့ရှိ စပါးစိုက်ခင်းများ ရေနစ်မြုပ်

**နေပြည်တော် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင် ၁၅ ရက်မှ ၁၈ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြို့နယ်အချို့ရှိ သီးနှံစိုက်ခင်းများ ရေနစ်မြုပ်လျက်ရှိသည်။

အဆိုပါရေနစ်မြုပ်မှုများတွင် နွေစပါးနစ်မြုပ်မှုမှာ ဒီပဲယင်းမြို့နယ်တွင် ၄၂ ဧက၊ ကန့်ဘလူမြို့နယ်တွင် ၁၅၁ ဧက၊ တန့်ဆည်မြို့နယ်တွင် ၁၄၂၄ ဧက၊ ရေဦးမြို့နယ်တွင် ၈၃၆ ဧက စုစုပေါင်း ၂၄၅၃ ဧက၊ မိုးစပါး နစ်မြုပ်မှုမှာ ကသာမြို့နယ်တွင် ၁၅ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၂၁၀၉ ဧက၊ ကောလင်းမြို့နယ်တွင် ဧက ၂၆၅၀၀၊ အင်းတော်မြို့နယ်တွင် ၂၁ ဧက၊ ဝန်းသိုမြို့နယ်တွင် ဧက ၃၆၇၀၊ ပင်လည်ဘူးမြို့နယ်တွင် ၆၆၆ ဧက၊ မင်းကင်းမြို့နယ်တွင် ၁၀၉၅ ဧက၊ ရေဦးမြို့နယ်တွင် ၂၅၉၅ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၈ ဧက စုစုပေါင်း ၃၆၆၈၉ ဧကနှင့် မိုးစပါးပျိုးထောင်ထားမှုနစ်မြုပ်မှုမှာ ဒီပဲယင်းမြို့နယ်တွင် ၁၅၉ ဧက၊ ကန့်ဘလူမြို့နယ်တွင် ဧက ၁၃၃၀၊ တန့်ဆည်မြို့နယ်တွင် ၄၈၈ ဧက၊ ရေဦးမြို့နယ်တွင် ဧက ၁၁၇၀ စုစုပေါင်း ၃၁၄၇ ဧကဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သတင်းများအရ သိရှိရသည်။

**(သတင်းစဉ်)**

# အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းပြီး အမျှပေးဝေ

**ရန်ကုန်　ဇူလိုင်　၁၉**

၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။

အဆိုပါ ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးသန်းဆွေ၊ ကော်မတီအတွင်းရေးမှူး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ထန်းတပင်လှည်းဆိပ်ဆရာတော် ဘဒ္ဒန္တကုသလထံမှ ဥပုသ်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်နှင့်သံဃာတော်များက ချီးမြှင့်သည့် မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြသည်။

ထို့နောက် (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌဆရာတော်ထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူကြကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အမျှပေးဝေကြသည်။

**(သတင်းစဉ်)**

---

**☆ ကျောဖုံးမှ**

(၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေးဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ



**ဦးအောင်ဆန်းဦး။**

ဦးခင်အောင်မြင့်နှင့် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးတို့က အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား နှုတ်ဆက်အားပေးစကား ပြောကြားကြသည့် မြင်ကွင်းကလည်း ကြည်နူးစရာပင်။

အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား တစုတစည်းတည်းတွေ့ရချိန်တွင် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးက"မြန်မာပြည်သူပြည်သားအားလုံး ကျန်းမာချမ်းသာကြပါစေ" ဟုဆုမွန်စကားပြောကြားခဲ့သည်။

အာဇာနည် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ကမူ"အာဇာနည်နေ့ဆိုတာကတော့ အာဇာနည်စိတ်ဓာတ်အကြောင်း စဉ်းစားရမယ့်နေ့ပေါ့။ ဘာပဲပြောပြော အတိတ်ကဖြစ်ရပ်တွေဟာ အနာဂတ်အတွက် ပိုပြီးတော့ အသုံးကျတဲ့ သင်ခန်းစာတွေဖြစ်ဖို့ အရေးကြီးတာပေါ့။ အမြဲပဲ အတိတ်ကို လှည့်ကြည့်ဖို့မဟုတ်ဘဲနဲ့ အတိတ်ကတော့ အနာဂတ်အတွက် ဆက်ပြီးတော့ လျှောက်ရမယ့်လမ်းအတွက် ခင်းပေးတယ်လို့ပဲ ဒီလိုပဲ မြင်ရမှာပေါ့။ အရေးကြီးတာကတော့ နိုင်ငံရေးအရ အဓိက အရေးကြီးတာပေါ့။ နိုင်ငံတည်ဆောက်ရေးအရ အရေးကြီးတာပေါ့။ လွတ်လပ်ရေးရအောင်လုပ်တယ်ဆိုတာကလည်း နိုင်ငံကို ကိုယ့်နိုင်ငံသူ နိုင်ငံသားတွေ အကောင်းဆုံးဖြစ်အောင် တည်ဆောက်ဖို့ပဲ။ နိုင်ငံတည်ဆောက်ရေးလမ်းစဉ်မှာ ဒီလိုပဲ ကျဆုံးရသူတွေ၊ အနစ်နာခံရတဲ့သူတွေ ရှိတာပဲ။



**ဒေါ်အောင်ဆန်းစုကြည်။**

ဒါကတော့ ရှောင်လို့မရဘူး။ လူတိုင်းကနေပြီးတော့ ကိုယ့်တာဝန် ကိုယ်ထမ်းဆောင်ဖို့က အရေးကြီးတယ်။ အာဇာနည်တွေပဲ လုပ်ကြဆိုပြီးတော့ ဒီလိုပဲ ထိုင်ကြည့်နေလို့ မရဘူး။ ဒီလိုနေ့မျိုးကို လေးစားတဲ့ နိုင်ငံတိုင်းမှာတော့ ဒီလိုအခမ်းအနားတွေ လုပ်လေ့လုပ်ထရှိပါတယ်။ သတင်းစာတွေမှာ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုတွေကို အင်တာဗျူးလုပ်ပြီးတော့ ဖော်ပြနေတယ်။ အဲဒါက အာဇာနည်နေ့မှာ လုပ်ဖို့သင့်တော်တဲ့ အလုပ်ပါ"ဟု ပြောသည်။

ယနေ့ကျင်းပသည့် အာဇာနည်နေ့ အခမ်းအနားမစတင်မီ ရန်ကုန်မိုးက အုံ့မှိုင်းနေရာမှတစ်ဆင့် ရွာသွန်းခဲ့ရာ လွန်ခဲ့သည့် (၆၈)နှစ်က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ လုပ်ကြံခံရမှုမြင်ကွင်းကို ပြန်ပြောင်းသတိရစရာ ဖြစ်ရသည်။

ထို့အတူ မြန်မာပြည်သူများအနေဖြင့်လည်း အာဇာနည်နေ့ကို ကမ္ဘာတည်သရွေ့ အောက်မေ့သတိရမှုနှင့်အတူ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များကိုလည်း အစဉ်ကရုဏာသက်ဝင် ချစ်ခင်နေကြမည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။

**အင်တာဗျူးဆောင်းပါး »**
**ရီရီမြင့်(သတင်းစဉ်)**

---

# အမျိုးသားစာပေဆု ချီးမြှင့်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ရေးအတွက် စာအုပ်များပေးပို့ကြရန် စာရေးသူများ၊ စာပေထုတ်ဝေဖြန့်ချိသူများနှင့် စာဖတ်ပရိသတ်များသို့ မေတ္တာရပ်ခံနှိုးဆော်

**ရန်ကုန်　ဇူလိုင်　၁၉**

နိုင်ငံတော်အစိုးရသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သော အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဖွဲ့စည်းကာ ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ထုတ်ဝေသောစာအုပ်များကို ဘာသာရပ် ၁၆ မျိုးခွဲခြား၍ အမျိုးသားစာပေဆုများ နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိပါသည်။

အမျိုးသားစာပေဆုသည် နိုင်ငံတော်အဆင့်စာပေဆုဖြစ်၍ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရာတွင် လွတ်လပ်ပြီးမျှတမှုရှိစေရန် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ မပါဝင်စေဘဲ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့်သာ ဖွဲ့စည်းထားပါသည်။ ရွေးချယ်ရာတွင်လည်း ဆုရသင့်၊ ရထိုက်သည့်စာအုပ်များ ရရှိစေရန် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူ၍ အဆင့်သုံးဆင့်ပိုင်းခြားစိစစ်ရွေးချယ်လျက်ရှိပါသည်။

ယခုအခါ ထုတ်ပြန်ပြီးဖြစ်သည့်ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ မူပိုင်ခွင့်မှတ်ပုံတင်ဌာနခွဲသို့ အဖိုးအခလွတ်ပေးပို့ရမည့် စာအုပ်စာရင်းများတွင် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအတွက်မပါရှိတော့ပါ။ သို့ပါ၍ ၂၀၁၅ခုနှစ်အတွင်း မိမိတို့ရေးသားခဲ့သော ပထမအကြိမ်ထုတ် စာအုပ်များမှ လေးအုပ်စီကို စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီသို့ ပေးပို့နိုင်ရန် နှိုးဆော်အပ်ပါသည်။

စာအုပ်ရရှိရေးအစီအမံ ပိုမိုပြည့်စုံစေရန်နှင့် စာရေးဆရာများအခွင့်အရေးဆုံးရှုံးမှုမရှိစေရန် စာပေထုတ်ဝေဖြန့်ချိသူများနှင့် စာဖတ်ပရိသတ်တစ်ဦးချင်းတို့က အမျိုးသားစာပေဆုတွင် ထည့်သွင်းစဉ်းစားသင့်သည့် စာအုပ်များကိုဖြစ်စေ၊ စာအုပ်စာရင်းကိုဖြစ်စေ၊ အကြံပြုချက်များကိုဖြစ်စေ ပေးပို့လိုပါက ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

အမျိုးသားစာပေဆုအတွက် ထည့်သွင်းစဉ်းစားသင့်ကြောင်း အကြံပြုလိုသည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် စာအုပ်အမည်၊ ရေးသားသူ၊ ထုတ်ဝေသည့် စာအုပ်တိုက်၊ ထုတ်ဝေသည့် ခုနှစ်တို့ကို ဖော်ပြ၍ "စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ၊ စာပေဗိမာန်အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၇၇၂၄နှင့် ၀၁-၃၈၁၄၄၉" တို့သို့ ပေးပို့နိုင်ပါသည်။ စာတိုက်မှ ပေးပို့လိုသူများအနေဖြင့် မှတ်ပုံတင်ပြုလုပ်၍ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေ

**(ဇူလိုင် ၁၉ ရက် ည ၇ နာရီ ထုတ်ပြန်ချက်)**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

**မနက်ဖြန်ညနေထိခန့်မှန်းချက်**

မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

---

# မိုးရေချိန်စံချိန်သစ်များ

ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ အောက်ဖော်ပြပါစခန်းများ၌ ဇူလိုင်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိခဲ့ပါသည်။

**မိုးရေချိန် စံချိန်သစ်များ**

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | မိုးရေချိန်စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | အမ်း | ၂၀၈ | ၈. ၅၈ | ၂၀၃ | ၇. ၉၉ | ၃၁. ၇. ၂၀၀၉ | ၁၄ |
| ၂။ | ကန့်ဘလူ | ၁၉၉ | ၇. ၈၃ | ၁၂၃ | ၄. ၈၄ | ၂. ၇. ၂၀၀၄ | ၂၄ |

---

# စာပေဗိမာန်စာမူဆု ချီးမြှင့်နိုင်ရေး ပြိုင်ပွဲဝင်စာမူများ ဖိတ်ခေါ်

**ရန်ကုန်　ဇူလိုင်　၁၉**

နိုင်ငံတော်အစိုးရသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စာပေဗိမာန်စာမူဆုပြိုင်ပွဲကို နှစ်စဉ် ကျင်းပပေးလျက်ရှိသည်။ အဆင့်မီသော စာမူများကို ရွေးချယ်ဆုချီးမြှင့်နိုင်ရန် စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းပြီး ပြိုင်ပွဲဝင်စာမူများကို ဘာသာရပ် ၁၃ မျိုးခွဲခြား၍ စာပေဗိမာန်စာမူဆုများ နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိသည်။

စာပေဗိမာန်စာမူဆုသည် ပြန်ကြားရေးဝန်ကြီးဌာနက ချီးမြှင့်သော စာမူဆုဖြစ်၍ စာမူများစိစစ်ရွေးချယ်ရာတွင် လွတ်လပ်ပြီးမျှတမှုရှိစေရန် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ မပါဝင်စေဘဲ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့်သာ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ရွေးချယ်ရာတွင်လည်း ဆုရသင့် ရထိုက်သည့် စာအုပ်များရရှိစေရန် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူ၍ အဆင့်သုံးဆင့် ပိုင်းခြားစိစစ်ရွေးချယ်လျက်ရှိပါသည်။

သို့ပါ၍ ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ရွေးချယ်ချီးမြှင့်နိုင်ရန် ပြိုင်ပွဲဝင်စာမူများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီခွဲအထိ ပြိုင်ပွဲဝင်ပုံစံတွင် ဖြည့်သွင်း၍ ပတ်စပို့အရွယ်ဓာတ်ပုံ နှစ်ပုံနှင့်အတူ "စာတည်းမှူးချုပ်၊ စာပေဗိမာန် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ထံပေးပို့တင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၃၈၇၇၂၄ နှင့် ၀၁-၃၈၁၄၄၉ " တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရေဘေးသင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိ

**မုံရွာ ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်နှင့် ကသာခရိုင်တို့တွင် ဇူလိုင် ၁၆ ရက်မှ စတင်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ဆည်ရေများလျှံပြီး ကျေးရွာအချို့တွင် ရေဝင်ခြင်း၊ ရထားလမ်းနှင့် ကားလမ်းပိုင်းအချို့တွင် ရေကျော်ခြင်းများ ဖြစ်ပွားခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အခြားဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ဝင်များက ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကယ်ဆယ်ရေးစခန်းများ ယနေ့တွင် ထပ်မံဖွင့်လှစ်ပြီး ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် သန့်ရှင်းသော သောက်သုံးရေများကို အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးလျက်ရှိပြီး အခြားလိုအပ်သည်များကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြသည်။

အလားတူ ကန့်ဘလူနှင့် ကျွန်းလှမြို့နယ်တို့တွင် ရေကြီးရေလျှံပြီး ရေဝင်ရောက်လျက်ရှိသော ကျေးရွာများမှ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကယ်ဆယ်ရေးနှင့်ကူညီရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ရွှေဘိုခရိုင် ရွှေဘို-မြစ်ကြီးနား ရထားလမ်းပိုင်းတွင် မိုးရွာသွန်းမှုကြောင့် လမ်းဘေးဝဲယာတွင် ရေလွှမ်းမိုးမှုအခြေအနေများအား လည်းကောင်း၊ ကျွန်းလှမြို့အတွင်း ရေဝင်ရောက်မှုအခြေအနေများအားလည်းကောင်း လှည့်လည်စစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်နှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ကျွန်းလှမြို့မှ ရဟတ်ယာဉ်ဖြင့် မင်းမြင်ဆည်ရေသိုလှောင်မှုအခြေအနေအား ကြည့်ရှုစစ်ဆေးပြီး ရေပိုလွှဲမှ ရေထုတ်လွှတ်မှုကြောင့် ပြောင်းရွှေ့နေရာချထားရသည့်ကျေးရွာများမှ ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**



**စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားရာဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။** (သတင်းစဉ်)

# ကန့်ဘလူမြို့နယ်ရှိ မင်းမြင်ရေလှောင်တမံ ကြံ့ခိုင်မှုရှိပြီး ရေသိုလှောင်မှုလျော့နည်းကျဆင်းလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင် ၁၄ ရက်မှ ၁၈ ရက်အထိ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ကန့်ဘလူမြို့နယ်၌ ဇူလိုင် ၁၈ ရက်တွင် မိုးရေချိန် ၇ ဒသမ ၈၃ လက်မ ရွာသွန်းခဲ့ပြီး စံချိန်တင်ခဲ့ရာ ယင်းမြို့နယ်ရှိ မင်းမြင်ရေလှောင်တမံတွင် ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီခန့်က သတ်မှတ်ရေပြည့်မှတ် ၆၉၂ ဒသမ ၃၀ ပေအထိ အမြင့်ဆုံးရောက်ရှိသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်ခဲ့သည်။

မင်းမြင်တမံကို ရေပြည့်အမြင့်မှတ်ကျော်လွန်ပါက ရေပိုလွှဲမှရေကျော်ကျစေရန် တည်ဆောက်ထားခြင်းဖြစ်သော်လည်း အချိန်တိုအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေပိုလွှဲမှ ရေပိုမိုထုတ်လွှတ်ခဲ့ရာ တမံအောက်ဘက်ရှိ နေရာအချို့တွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ မင်းမြင်တမံကြံ့ခိုင်မှုအတွက် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက အချိန်ပြည့် စောင့်ကြည့်စစ်ဆေးခြင်း၊ လိုအပ်သောနေရာများတွင် တပ်မတော်သားများနှင့် ပူးပေါင်း၍ သဲအိတ်များချပြီး ကာကွယ်ခြင်းများ ဆောင်ရွက်ခဲ့ကာ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း တပ်မတော်သားများနှင့်ပူးပေါင်း၍ တမံအောက်ဘက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ဘေးကင်းလုံခြုံရာသို့ ကြိုတင်ရွှေ့ပြောင်းပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ တမံတွင် ရေပြည့်အမှတ်ထက်ကျော်လွန်သည်အထိ ရေဝင်ရောက်မှုများကြောင့် မြေသားတမံအလျားပေ ၂၀ ခန့် ရေစီးကြောင်းတိုက်စားမှုကြောင့် မြေသားပဲ့ကျမှုသာဖြစ်ပေါ်ခဲ့ပြီး တမံ၏ကိုယ်ထည်နှင့် အခြားအဆောက်အအုံများထိခိုက်ပျက်စီးမှုမရှိကြောင်း၊ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများသည် တပ်မတော်သားများနှင့်ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်ပြီးနိုင်ခဲ့ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိသဖြင့် ဘေးကင်းလုံခြုံပြီး စိတ်ချရမှုရှိပြီးဖြစ်ကြောင်း၊ မင်းမြင်တမံ၏ ရေပြည့်မှတ်မှာလည်း ယနေ့ နံနက် ၆ နာရီတွင် RL. ၆၈၈ ဒသမ ၆၀ ပေသို့ ပြန်လည်ကျဆင်းခဲ့ပြီး မိုးရွာသွန်းမှုလျော့နည်းလာမှုနှင့်အတူ ဆက်လက်ကျဆင်းမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေမြောင်းများပြန်လည်တူးဖော်ခြင်းနှင့် တံတားများပြန်လည်ပြုပြင်ခြင်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မုံရွာမြို့နယ် ခံတောကျေးရွာနှင့် အခြေခံပညာမူလတန်းကျောင်းတို့၌ ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ရာ ဇူလိုင် ၁၆ ရက်တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများက ကျေးရွာအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်များဆယ်ယူပေးခြင်း၊ ရေမြောင်းများပြန်လည်တူးဖော်ပေးခြင်းနှင့် တံတားများပြန်လည်ပြုပြင်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးဗိုလ်ချုပ်မင်းနောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရှားပင်ကျေးရွာအုပ်စု ထောက်ရှာပင်ကျေးရွာတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကာ အန္တရာယ်ရှိလာသဖြင့် ကျေးရွာပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ကျန်ရှိသော နေအိမ် ၂၅ လုံးအား ပခုက္ကူတပ်နယ်မှ တပ်မတော်သားများက ဇူလိုင် ၁၇ ရက်တွင် ဆက်လက်ရွှေ့ပြောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# မိုးကောင်းပြည်သူ့ဆေးရုံနှင့် ရပ်ကွက်အချို့ရှိ လူနေအိမ်များ ရေဝင်နစ်မြုပ် ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၉**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း ဇူလိုင် ၁၇ ရက် ညနေ ၆ နာရီမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နန့်ရင်းချောင်းရေမှာ စိုးရိမ်ရေမှတ်အထက် ၉၄ စင်တီမီတာနှင့် နန့်ကောင်းချောင်းရေမှာ စိုးရိမ်ရေမှတ်အထက် ၇၂ စင်တီမီတာအထိ မြင့်တက်ခဲ့ရာ မိုးကောင်းမြို့ နောင်ကိုင်တောင်ရပ်ကွက်တွင် လူနေအိမ်အလုံး ၅၀၊ ဈေးကုန်းရပ်ကွက်တွင် လူနေအိမ်အလုံး ၄၀၊ အရှေ့ရပ်ကွက်တွင် လူနေအိမ်အလုံး ၄၀၊ အလယ်ရပ်ကွက်တွင် လူနေအိမ် ခုနစ်လုံး၊ နန့်ရင်း ရပ်ကွက်တွင် လူနေအိမ်အလုံး ၁၅၀နှင့် ရွာသစ်ရပ်ကွက်တွင် လူနေအိမ်အလုံး ၂၉၀ တို့ ရေဝင်နစ်မြုပ်ခဲ့သဖြင့် မိသားစုဝင်များ ၎င်းတို့၏ဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့ နေထိုင်လျက်ရှိရာ မိုးကောင်းမြို့နယ် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များက လုံခြုံရေးနှင့်အခြားလိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အိုးတန်းရပ်ကွက်ရှိ မိုးကောင်း ပြည်သူ့ဆေးရုံအတွင်း ရေများဝင်ရောက်မှုကြောင့် ဆေးရုံတွင် ဆေးကုသမှုခံယူနေသည့်လူနာ ၄၇ ဦးအနက် ၂၅ ဦးအား ဈေးကုန်းရပ်ကွက်ရှိ သာသနာ့ဗိမာန်သို့လည်းကောင်း၊ ကျန် ၂၂ ဦးအား ၎င်းတို့၏ နေအိမ်များသို့ လည်းကောင်း မိုးကောင်းမြို့နယ် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ... အဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကူညီရွှေ့ပြောင်းပေးခဲ့ပြီး ဆေးကုသမှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**



# စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၊ ကျွန်းလှမြို့နယ်အတွင်းရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော ကျေးရွာများအား သဘာဝဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် ဇူလိုင် ၁၈ ရက်က ကန့်ဘလူမြို့နယ် မင်းမြင်ရေလှောင်တမံ၏ ရေပြည့်မှတ်ထက် ကျော်လွန်လျှံတက်မှုကြောင့် မြေသားတမံ၏ အလျားပေ ၂၀ ခန့်ရှိ နေရာနှစ်ခုတွင် ရေတိုက်စားကာ မြေသားပဲ့ကျမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါမြေသားတမံ ပြိုကျပျက်စီးမှုကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများက ဇူလိုင် ၁၈ ရက် ညနေပိုင်းမှ ညပိုင်းအထိ သဲအိတ်များဖို့ကာ မြေထိန်းတမံ ရေတိုက်စားမြေသားပဲ့ကျမှုများ ထပ်မံမဖြစ်ပေါ်စေရန် ဝိုင်းဝန်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်မှုကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်နှင့် တာဝန်ရှိသူများ သွားရောက် ကြည့်ရှုစစ်ဆေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယခုအချိန်တွင် သဲအိတ်များဖြင့် အချိန်မီ တမံဖို့ပြီးဖြစ်၍ မင်းမြင်ရေလှောင်တမံမှာ စိုးရိမ်ဖွယ်ရာမရှိကြောင်း၊ ပိုမိုစိတ်ချစေရန် စစ်သည်များနှင့်အထောက်အကူပြုပစ္စည်းများကို ရဟတ်ယာဉ်သုံးစင်းဖြင့် ထပ်မံပို့ဆောင်ပေးကာ သဲအိတ်ချတာဖို့ခြင်းများဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရေကျဆင်းသွားသည့် ကျွန်းလှမြို့ပေါ်ရှိ ရပ်ကွက်များ၊ လူနေအိမ် ပတ်ဝန်းကျင်များတွင် ကူးစက်ရောဂါများ မဖြစ်ပေါ်စေရေး ကျွန်းလှမြို့နယ် ပြည်သူ့ဆေးရုံနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်လှည့် ဆေးကုသရေးအဖွဲ့မှ ဆေးဖျန်းခြင်း၊ ရေတွင်းရေကန်များကို ရေသန့်ဆေးများ ခတ်ခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကိုလံဘီယာနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၀**

၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် ကျရောက်သည့် ကိုလံဘီယာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကိုလံဘီယာသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ မရီယာ အန်ဂျလာ ဟိုဂင် ကွေလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ❒ ရေကြီးရေလျှံမှုမှ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့ရှိ တောင်နဝင်း ရေလှောင်တမံ၏ ရေလှောင်ပမာဏ ၂၁၁၉၆ ဧကပေ၊ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့ရှိ မန်းရေလှောင်တမံ၏ ရေလှောင်ပမာဏ ဧကပေ ၁၂၀၀၀၀ နှင့် ပွင့်ဖြူမြို့ရှိ ကြီးအုံကြီးဝ ရေလှောင်တမံ၏ ရေလှောင်ပမာဏ ဧကပေ ၃၅၅၆၂၀၊ ရခိုင်ပြည်နယ် စစ်တွေခရိုင် ကျောက်တော်မြို့ရှိ ပြိုင်းချောင်းရေလှောင်တမံ၏ ရေလှောင်ပမာဏ ၂၅၂၀၅ ဧကပေ၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့အတွင်းရှိ ဘန့်ဘွေးကုန်း ရေလှောင်တမံ၏ ရေလှောင်ပမာဏ ၁၇၃၅ ဧကပေနှင့် ဇာမဏီအင်းရေလှောင်တမံ ရေလှောင်ပမာဏ ၅၃၆၄ ဧကပေ၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့ရှိ ကညင်ရေလှောင်တမံ၏ ရေလှောင်ပမာဏ ဧကပေ ၁၄၅၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါရေလှောင်တမံတို့တွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီပြီဖြစ်၍ ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ပိုလျှံရေများအား ရေပိုလွှဲများမှတစ်ဆင့် ရေထုတ်လွှတ်လျက်ရှိကြောင်း၊ ထို့ပြင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပွားသည့်နေရာများတွင် တာဝန်ရှိသူများက အရေးပေါ် ရေဘေးကယ်ဆယ်ရေးလုပ်ငန်း စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကောလင်း၊ ခင်ဦး၊ သပိတ်ကျင်းနှင့် ရေတာရှည်မြို့နယ်တို့၌ ရေကြီးရေလျှံမှုဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် ဇူလိုင် ၁၆ရက်မှ ၁၈ ရက်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျေးရွာအချို့ ရေနစ်မြုပ်ခဲ့ရာ ယင်းကျေးရွာများမှ ဒေသခံ ၈၀၀ ခန့်ကို ကောလင်းမြို့ရှိအလယ်ကျောင်း၊ အနောက်ကျောင်းကြီးနှင့် ရေဝန်းကျောင်းစသည့် ဘုန်းတော်ကြီးကျောင်းများ၌ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိကာ အစားအစာများထောက်ပံ့ခြင်း၊ ဆေးဝါးကုသခြင်းများကို ကသာခရိုင်မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံများက ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကောလင်း(မြန်/ဆက်)**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မူးမြစ်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပြီး မြို့နယ်အတွင်းရှိ ကားဆိပ်၊ ကျွန်းတောကြီး၊ ဥယျာဉ်၊ ယာတော်၊ ဆည်ကြီး၊ သာဝတ္ထိ၊ ငါးရုံကြီး၊ တာတိုင်နှင့် မူးသာကျေးရွာများတွင်ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ အိမ်ခြေ ၃၈၉ အိမ်နှင့်လူဦးရေ ၁၇၃၇ ဦးခန့် ရေဘေးသင့်ခဲ့ပြီး ကျေးရွာချင်းဆက် တံတားတစ်စင်းပျက်စီးခဲ့သည်။

အဆိုပါရေဝင်ရောက်သည့် ကျေးရွာများသို့ မြို့နယ်မှ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပူးပေါင်းအဖွဲ့များကွင်းဆင်း၍ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများအတွက် စားဝတ်နေရေးနှင့် ကျန်းမာရေးကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်ဦး(မြန်/ဆက်)**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် တကောင်းမြို့ပေါ်နှင့် ကျေးရွာများတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်ကာ ရေတိုက်စားကမ်းပါးပြိုကျ၍ လူနေအိမ်အချို့ ပျက်စီးခဲ့သည်။

ထို့ပြင် မြေနိမ့်ပိုင်းရှိ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်များအတွင်းရှိ လူနေအိမ်များ၊ လမ်းများတွင် ရေဝင်ရောက်ပြီး မန္တလေး-ဗန်းမော်ကားလမ်း၊ တကောင်းမြို့နှင့် သပိတ်ကျင်းမြို့နယ်အတွင်းရှိ လမ်းတံတားများ ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည်။

ယင်းမြို့တွင် ထူးခြားမိုးရေချိန်အဖြစ် ဇူလိုင် ၁၆ ရက်က မိုးရေချိန် ၄ ဒသမ ၈၀ လက်မ၊ ဇူလိုင် ၁၇ ရက်က ၁ ဒသမ ၇၇ လက်မ၊ ဇူလိုင် ၁၈ ရက်က ၅ ဒသမ ၈၇ လက်မနှင့် ဇူလိုင် ၁၉ ရက်က ၅ ဒသမ ၉၈ လက်မ ရွာသွန်းခဲ့ကြောင်း သိရသည်။ **(ကိုကိုအောင်)**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်တွင် ဇူလိုင် ၁၇ ရက်မှစ၍ မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် ရေတာရှည်မြို့နယ်ရှိ ညောင်ပင်ကိုင်းကျေးရွာနှင့် ညောင်ပင်သာကျေးရွာများအတွင်း ရေသုံးပေခန့်အထိ ဝင်ရောက်ခဲ့ပြီး သပြေတန်း၊ ဝါးတောကြီး၊ ဘိုးကြာညို၊ ညောင်ပင်သာ၊ ပိတောက်ခင်၊ အင်းပလက်၊ ဘိုးတော်ကုန်းနှင့် ဒိုးတန်းစသည့်ကျေးရွာများရှိ လယ်ကွင်းများ ရေနစ်မြုပ်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၈ ရက် ည ၉ နာရီမှ ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီထိ ညောင်ပင်ကိုင်း-ပိတောက်ခင်ကျေးရွာချင်းဆက်လမ်းနှင့် ညောင်ပင်သာ-အောင်ချမ်းသာကျေးရွာချင်းဆက် လမ်းများတွင် ရေနှစ်ပေခန့်၊ ရေတာရှည်မြို့နယ် မြောက်ဘက်နှင့် ညောင်ပင်သာကျေးရွာအကြား ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၁၉၂/၃ နှင့် ၁၉၂/၄)တို့အကြားတွင် ရေတစ်ပေခွဲခန့် ရေကျော်နစ်မြုပ်လျက်ရှိသည်။

ယနေ့ နံနက် ၁၀ နာရီတွင် မိုးရွာသွန်းမှုမရှိသဖြင့် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၁၉၂/၃နှင့် ၁၉၂/၄)ကြားတွင် ရေကျသွားပြီး ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။ **ရေတာရှည်(မြန်/ဆက်)**

# ကေကေအိုအဖွဲ့ ကျော်သက်နှင့် စောဆန်းအောင်ဦးစီးအဖွဲ့ထံမှ လက်နက်ခဲယမ်းများ ထပ်မံသိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၉**

ကော့ကရိတ်မြို့နယ် ကောင်းမူကျေးရွာ၏ အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်ရှိ တောင်ကုန်းများတွင် ကေကေအိုအဖွဲ့မှ ကျော်သက်နှင့် စောဆန်းအောင်ဦးစီးအဖွဲ့ကြွင်းကျန်များ ခိုအောင်းမှုမရှိစေရေးအတွက် တပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF)တို့က နယ်မြေရှင်းလင်းလျက်ရှိရာ ဇူလိုင် ၁၅ ရက်မှ ၁၇ ရက်ထိ ၎င်းအဖွဲ့များဖြင့် ထိတွေ့တိုက်ပွဲတစ်ကြိမ်ဖြစ်ပွားခဲ့ပြီး ၎င်းတို့ထံမှ လက်နက်မျိုးစုံ လေးလက်၊ ဗုံးသီးမျိုးစုံ ၂၆ လုံး၊ မိုင်းမျိုးစုံ ၃၂ လုံး၊ ကျည်မျိုးစုံ ၃၈၈၆ တောင့်၊ ကျည်အိမ်မျိုးစုံ ၈၁ ခု၊ ဆန် ၄၄အိတ်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်တစ်စီးတို့အား သိမ်းဆည်းရမိသည်။

ထို့အပြင် ကျိုက်မရောမြို့နယ် ကျွန်းရွာအနောက်ရပ်ကွက်ရှိ နေအိမ်တွင် ကျော်သက်၊ စောဆန်းအောင်အဖွဲ့နှင့် အဆက်အသွယ်ပြုလုပ်၍ လက်နက်၊ ခဲယမ်းများ ထိန်းသိမ်းထားကြောင်း သတင်းအရ ဇူလိုင် ၁၅ ရက်တွင် သွားရောက်စစ်ဆေးရှာဖွေရာ အဆိုပါနေအိမ်မှ လက်နက်မျိုးစုံလေးလက်၊ ကျည်မျိုးစုံ ၃၂ တောင့်၊ လမ်းလျှောက် စကားပြောစက်တစ်လုံးနှင့် လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီးတို့အား ထပ်မံသိမ်းဆည်းရမိသည်။

ဆက်လက်၍ တပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF) တို့က ဇူလိုင် ၁၈ ရက်တွင် ကောင်းမူကျေးရွာ၏ အရှေ့ဘက်နှင့် အရှေ့မြောက်ဘက် ပတ်ဝန်းကျင်အား ဆက်လက်ရှင်းလင်းစဉ် ဗုံးသီးမျိုးစုံ ၆၆လုံး၊ ဆက်သွယ်ရေးတာဝါတိုင် တစ်ခု၊ နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားငါးချပ်နှင့် အကျယ် ၁၅ ပေပတ်လည်၊ အမြင့် ၁၈ ပေရှိ အဆောက်အအုံအတွင်းမှ သေနတ်မျိုးစုံ ခုနစ်လက်၊ ကျည်အိမ်မျိုးစုံ ၁၃ ခု၊ မိုင်းမျိုးစုံ ၁၈ လုံး၊ အာပီဂျီဗုံးသီးနှစ်လုံး၊ ၇ ဒသမ ၆၂ ကျည် ၁၈၀ တောင့်နှင့် ဆန်အိတ် ၇၀ တို့အား ထပ်မံသိမ်းဆည်းရမိသည်။

တပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF) တို့က ကော့ကရိတ်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးအတွက် ဆက်လက်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



ပြည်တွင်းရေးရာ

# အာဇာနည်နေ့ ပြည်သူတို့မမေ့

တွေ့ဆုံမေးမြန်း - ခင်ဇာလီ၊ ကိုသက်
ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

ယနေ့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော နိုင်ငံ့ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချ၍ အလေးပြုသည့် (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားဖြစ်သည်။ "သေသောသူ ကြာလျှင်မေ့" ဟူသည့်ဆိုရိုးစကားရှိသော်လည်း ယနေ့တိုင် အမျိုးသားခေါင်းဆောင်ကြီး၏ပုံရိပ်နှင့် ၎င်းအပေါ်ထားရှိသော ပြည်သူလူထု၏ လေးစားတန်ဖိုးထားမှုများသည် အနာဂတ်လူငယ်များထိတိုင် မေ့ပျောက်၍မရနိုင်ဘဲ နှလုံးသား၌ အမြဲထာဝရ လွမ်းဆွတ်တသ သတိရစိတ်များရှိရာ ယင်းအခြေအနေများကို ကြေးမုံသတင်းစာတိုက်မှ တွေ့ဆုံမေးမြန်းရေးသားလိုက်ရပါသည်။


ဦးဝင်းမြင့်ထွန်း။


ကိုကိုထိုက်။


မစုစုမာသွင်။


ရဲဝင်းထွန်း။


ဒေါ်နုနုရီ။

**(အာဇာနည်ကုန်း)**
**ဦးဝင်းမြင့်ထွန်း [အထက်တန်းရှေ့နေ ဒဂုံ(မြောက်ပိုင်း)]**

ကျွန်တော်တို့လွတ်လပ်ရေးရဖို့ လက်တစ်ကမ်းအလို ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်မှာ မသမာသူလူတစ်စုရဲ့ လက်ချက်နဲ့ ကျွန်တော်တို့ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အားလုံးသော အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးခဲ့ရတယ်။

အဲဒီအတွက် တစ်နိုင်ငံလုံးယူကျုံးမရဖြစ်ခဲ့ရပါတယ်။ ဒါကိုနှစ်တိုင်းနှစ်တိုင်း အာဇာနည်နေ့အခမ်းအနားအဖြစ် ပြည်သူတွေကမမေ့ဘဲ လွမ်းသူ့ပန်းခွေချ အလေးပြုကြတယ်။

ဒါ့အပြင် အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ စိတ်ဓာတ်တွေကို မမေ့ပျောက်သင့်ဘဲ အာဇာနည်ခေါင်းဆောင်ကြီးတွေ ရည်မှန်းချမှတ်ခဲ့တဲ့ လမ်းစဉ်တွေအတိုင်း တိုင်းပြည်ကြီး သာယာဝပြောဖို့အတွက် လောကပါလ တရားတွေနဲ့အညီ ကျင့်သုံးနိုင်တဲ့ ဒီမိုကရေစီစနစ်ကြီးဖြစ်ထွန်းအောင်လို့ အားလုံးဝိုင်းဝန်းပြီးတော့ ဆောင်ရွက်ကြရမယ်ဆိုတဲ့ စိတ်ဓာတ်တွေကိုမွေးမြူပြီး လုပ်ကိုင်ရမှာပါ။

ဒါပေမယ့်လည်း ဒီအာဇာနည်ကုန်းပေါ်ကို လွန်ခဲ့တဲ့နှစ်တွေကတော့ ဝမ်းနည်းစွာနဲ့ပဲ လာခွင့်မကြုံခဲ့ရပါဘူး။ ဒီပေါ်ကိုတက်ခွင့်ရတာ သုံးနှစ်လောက်သာရှိပါသေးတယ်။ ဒါတောင်မှ ဒီနေ့ထိ လွတ်လွတ်လပ်လပ်နဲ့ လာခွင့်မရသေးပါဘူး။ အခက်အခဲအတားအဆီးတွေက ရှိနေသေးတာပဲ။ ဘယ်သူတွေက ဘယ်သူ့ကိုကြောက်နေလဲဆိုတာတော့ မပြောတတ်သေးဘူး။ ဒါပေမယ့် ဘယ်လိုပဲဖြစ်နေပါစေ၊ လူငယ်တွေ၊ ကျောင်းသားလေးတွေကတော့ အာဇာနည်နေ့ကို မမေ့သင့်ပါဘူး။ ကျွန်တော်တို့က အသက်ကြီးနေပါပြီ။ အနာဂတ်လူငယ်လေးတွေအနေနဲ့ အာဇာနည်ဗိမာန်မှာ အာဇာနည်ကြီးတွေရဲ့ ဂူဗိမာန်ကို အလေးပြုလေးစားကြသလို သူရဲကောင်းတွေရဲ့ စိတ်ဓာတ်ကိုပါ အတုယူလေးစားစေချင်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့လည်း ပြည်သူတွေ လွတ်လွတ်လပ်လပ်ဝင်ရောက်လေ့လာခွင့်ရအောင် အာဇာနည်ကုန်းကော၊ ပြတိုက်ကော၊ အတွင်းဝန်ရုံးကော ဖွင့်ထားပေးတယ်လို့ သတင်းစာတွေမှာ ဖတ်ရပါတယ်။ ဒီကပြီးရင်တော့ အတွင်းဝန်ရုံးကို ကျွန်တော်တို့ သွားရောက်လေ့လာမှာပါ။

**ကိုကိုထိုက်(ကျောက်တံခါးမြို့နယ်)**

ကျွန်တော့်အသက် ၂၃ နှစ်မှာ အာဇာနည်ဗိမာန်ရှေ့ကိုပထမဆုံး ရောက်ဖူးတာပါ။ ပျော်တဲ့စိတ်လည်း ဖြစ်မိသလို ဝမ်းနည်းတဲ့စိတ်လည်း တစ်ပြိုင်တည်းခံစားရတယ်။ပျော်တာက ကျွန်တော်ရောက်ဖူးချင်ခဲ့တဲ့နေရာကိုရောက်နေရလို့၊ ဝမ်းနည်းတာက ကျွန်တော်တို့နိုင်ငံရဲ့ အာဇာနည်ကြီးတွေကို အောက်မေ့သတိရမိလို့ပါ။ ဗိုလ်ချုပ်တို့ ကျဆုံးသွားခဲ့ရတာဟာ တိုင်းပြည်ရဲ့အနာဂတ်ပျောက်ဆုံးခဲ့သလိုပါပဲ။ ဒါ့ကြောင့် ဗိုလ်ချုပ်အပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးတွေက ကျွန်တော်တို့ လူငယ်တွေ အတုယူလေးစားထိုက်တဲ့ ပုဂ္ဂိုလ်တွေပါ။

**မစုစုမာသွင် (ဗဟန်းမြို့နယ် )**

ကျွန်မက ဆိုရင် ၁၉၈၈ ကိုမီခဲ့တဲ့ ၁၀ တန်းကျောင်းသူပါ။ အဲဒီတုန်းကတည်းက ပြောရမယ်ဆိုရင် ဝမ်းနည်းမိပါတယ်။ ပညာရေးဆိုတာလည်း ဆုံးခန်းမတိုင်ခဲ့ပါဘူး။ အများပြည်သူနဲ့ နိုင်ငံရေးကို တက်ကြွစွာ လုပ်မယ့်နေရာကျတော့လည်း ပညာရေးရဲ့ အားနည်းချက်ကြောင့် လုပ်ချင်ပေမယ့် နောက်ဆုတ်ခဲ့ရပါတယ်။ ပြီးတော့ ကျွန်မတို့ရဲ့ အဖေက ၁၉၇၄ ခုနှစ်က ကျောင်းသားသပိတ်၊ အလုပ်သမားသပိတ်တွေမှာပါခဲ့တဲ့ နိုင်ငံရေးအကျဉ်းသားတစ်ယောက်ပါပဲ။

ကျွန်မတို့အနေနဲ့ နိုင်ငံအတွက် အသက်ပေးလှူသွားတဲ့ ဘယ်ကျောင်းသားတွေကိုမဆို၊ အလုပ်သမားကိုမဆို လေးစားဂုဏ်ပြုရမှာပါ။ အာဇာနည်နေ့အတွက် ကတော့ ကျွန်မတို့အနေနဲ့ နိုင်ငံအတွက် အသက်ပေးလှူခဲ့တဲ့ အာဇာနည်ကြီးတွေကို ကျွန်မတို့ဘက်က မဖြစ်မနေ လာရောက်အလေးပြုရမှာပါ။

**(ဗိုလ်ချုပ်ကြေးရုပ်)**
**ရဲဝင်းထွန်း [ဒဂုံ(မြောက်ပိုင်း)]**

ဗိုလ်ချုပ်အတွက် ရေးစပ်ထားတဲ့ သီချင်းကို ဗိုလ်ချုပ်ကြေးရုပ်ရှေ့မှာ အားလုံးသံပြိုင်ညီ သီဆိုနေတာ ကြားရ၊ မြင်ရတာ ဝမ်းနည်းစိတ်တွေနဲ့ ကြက်သီးမွေးညင်းတောင်ထမိတယ်။ ကျွန်တော် အာဇာနည်နေ့ရောက်ခါနီးတိုင်း အဆိုတော်ကြီး မေလှမြိုင်ရဲ့ သီချင်းတွေနားထောင်ရင်း ဗိုလ်ချုပ်ရဲ့ တိုင်းပြည်ပေါ်ထားတဲ့စိတ်ဓာတ်တွေကို ခံစားနားလည်လာတယ်။

ကျွန်တော် ၂၀၀၉ ခုနှစ်လောက်ကတည်းက ဗိုလ်ချုပ်ကြေးရုပ်ရှေ့မှာ လာရောက်အလေးပြုခဲ့တယ်။ အခုဆိုရင် အာဇာနည်ခေါင်းဆောင်ကြီးတွေကျဆုံးခဲ့တာ (၆၈) နှစ်တောင်ရှိခဲ့ပါပြီ။ ဗိုလ်ချုပ်ကို တကယ်ချစ်ရင်၊ လေးစားရင် ဗိုလ်ချုပ်ပြောကြားခဲ့တဲ့ မိန့်ခွန်းတွေအတိုင်း လုပ်ဆောင်သင့်ပါတယ်။

ဗိုလ်ချုပ်ပြောကြားခဲ့တဲ့ငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အပစ်အခတ်ရပ်စဲရေး၊ ပညာရေးစတာတွေကို ခုထက်တိုးပြီး လုပ်ဆောင်သင့်တယ်လို့ ကျွန်တော် ထင်မြင်မိပါတယ်။

ဗိုလ်ချုပ်ကို တကယ်ချစ်ရင်၊ တကယ်လေးစားရင် လွှတ်တော်ကိုယ်စားလှယ်တွေကော၊ ပါတီဝင်တွေကော အားလုံးဝိုင်းဝန်းကြိုးစားပြီး နိုင်ငံကောင်းကျိုးကို ဖော်ဆောင်ပေးသင့်ပါတယ်လို့ ပြောကြားလိုပါတယ်။

**(ဗိုလ်ချုပ်ပြတိုက်)**
**ဒေါ်နုနုရီ (မြောက်ဥက္ကလာပမြို့နယ်)**

အဘွားတို့တုန်းကဆိုရင် လေးတန်းလောက်ကတည်းက ကျောင်းကဒီကိုအမြဲပို့ပေးတယ်။ အခု အဘွားအသက်က(၆၄)နှစ်ရှိပါပြီ။ အခုလည်း မြေးလေးကို လာပို့တာ။ တို့နိုင်ငံရဲ့ ခေါင်းဆောင်ကြီးတွေ ဘယ်လိုနေတယ်၊ ထိုင်တယ်ဆိုတာ မြေးလေးတွေကို သိစေချင်တဲ့အပြင် နိုင်ငံကိုချစ်တဲ့ စိတ်လေးတွေလည်း ဖြစ်ပေါ်စေချင်တယ်။

အဘွားတို့ကိုလည်း မိဘ၊ အဘိုးအဘွားတွေက လက်ဆင့်ကမ်းပြောကြားခဲ့သလို အဘွားလက်ထက်ကျတော့ သားသမီးမြေးတွေထိ လက်ဆင့်ကမ်းပြောပြရမယ်လေ။ ဗိုလ်ချုပ်အကြောင်းတွေ၊ အာဇာနည်နေ့ အကြောင်းတွေ ရုပ်မြင်သံကြားအစီအစဉ်တွေကလာတိုင်း အခုထိ ဝမ်းနည်းစိတ်တွေက ဖြစ်နေတုန်းပဲ။

ငယ်ငယ်ရွယ်ရွယ်နဲ့ လောကအလယ်ကနေ ထွက်ခွာသွားခဲ့ရတယ်။ သူနေခဲ့ရတဲ့ အခြေအနေတွေ၊ စားခဲ့ရတဲ့ အစားအစာလေးတွေအပြင် ဗိုလ်ချုပ်အိမ်ထဲရောက်တော့ သားသမီးတွေနေတဲ့ခုတင်လေးတွေကို မြင်တော့ ရင်ထဲမကောင်းလိုက်တာ။ အခုလည်း မြေးမေးသမျှ ပြောပြနေရတယ်။ ဒါမှလည်း အနာဂတ်ကလေးတွေကို အာဇာနည်ဆိုတာ ဘယ်သူတွေလဲ၊ ဘယ်လိုပုဂ္ဂိုလ်တွေကို ခေါ်တာလဲ၊ ဘာကြောင့် ကျင်းပရတာလဲဆိုတာ သိမှာပါ။ အာဇာနည်နေ့ဆိုတာက မမေ့သင့်တဲ့ နေ့တစ်နေ့လေ။

**(အတွင်းဝန်များရုံး)**
**ဆရာမ ဒေါ်အေးနွယ်**
**(သန်လျင် ခေမာရာမသီလရှင်စာသင်တိုက်ကျောင်း)**

အာဇာနည်နေ့ရဲ့ အနှစ်သာရလေးတွေကို ကလေးတွေကိုပြချင်တဲ့ ရည်ရွယ်ချက်နဲ့ လာဖြစ်တာပါ။ စာအုပ်ထဲမှာသာ ဖတ်ရတာပါ။ တကယ့်လက်တွေ့မှာတော့ ဒီနေရာမှာ ဒီလိုဖြစ်တယ်ဆိုတာလေးကို ဗဟုသုတရစေချင်လို့ ကျောင်းသားကျောင်းသူ ၆၂ ဦးကို ခေါ်လာပြီး ပြခွင့်ရတဲ့အတွက် ရင်ထဲမှာအတိုင်းမသိဝမ်းသာပါတယ်။ တစ်ခါမှလည်း မတွေ့ဖူးဘူး။ ကိုယ်ကိုယ်တိုင် ဆရာမဖြစ်မှ ကလေးတွေခေါ်လာပြီးပြဖြစ်တာ။ ဒီလိုအခွင့်အရေးရရှိမယ်လို့လည်း မတွေးခဲ့မိဘူး။ ကိုယ့်ကိုယ်ကိုယ် တော်တော်ကံကောင်းတယ်လို့ ယူဆမိပါတယ်။

ကိုယ့်ကျောင်းက ကလေးတွေတင်မက မြန်မာတစ်နိုင်ငံလုံးက ကျောင်းသား ကျောင်းသူလေးတွေကို စာထက်မျက်စိနဲ့ ကိုယ်တွေ့မြင်စေချင်ပါတယ်။ သူတို့လေးတွေရဲ့ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်းခံစားစေချင်ပါတယ်။

အနေနဲ့ အခွင့်သာတိုင်းလာရောက်လေ့လာနိုင်အောင်လို့ပါ။ ဒီလိုလေ့လာခွင့်ရတဲ့အတွက် စီစဉ်ပေးတဲ့သူတွေကို အလွန်ကျေးဇူးတင်ပါတယ်။

**ကိုသိန်းထွန်း(ရန်ကုန်)**

ကျွန်တော့်သားပါတယ်။ အမှတ်တရဖြစ်အောင် ကလေးကိုပြခဲ့တာပါ။ ခါတိုင်းမဖွင့်ဘူး။ ဒီနှစ်မှဖွင့်တယ်ဆိုတော့ လာကြည့်ဖြစ်တာပါ။

ဒီလို တိုင်းပြည်ရဲ့ နေ့ထူးနေ့မြတ်မှာဖွင့်တော့ ပိုကောင်းတာပေါ့။ ဖွင့်ပေးတာကောင်းပါတယ်။ နောင်လာမယ့် ကလေးတွေအတွက် ကြည့်ခွင့်လည်းရမယ်။ ဗဟုသုတအနေနဲ့ မှတ်လို့လည်းရတော့ အလွန်ကောင်းပါတယ်။

**မသီရိကျော်(ကန်တော်လေး)**

ဗိုလ်ချုပ်ကျဆုံးခဲ့တဲ့ နေရာကို တစ်ခါမှလည်း မမြင်ဖူးဘူး။ ပြီးတော့ ဝန်ကြီးများရုံးက အခုလို တစ်ခါမှ မဖွင့်ဖူးတော့ ပထမဆုံးအကြိမ်ဖွင့်လို့ ဂါရဝပြု လာလေ့လာတာပါ။ ဒီနေ့က အာဇာနည်နေ့ကဖြစ်ပြန် မိုးလေးက တဖွဲဖွဲဆိုတော့ ဝမ်းနည်းမှုတွေ ခံစားရပါတယ်။

ကျွန်မတို့ ငယ်ငယ်တုန်းကတော့ စာထဲပဲသင်ရတော့ စာတွေ့ပဲရှိတာ။ အခု လက်တွေ့မြင်ချင်လို့ လာလေ့လာတာပါ။ ဗိုလ်ချုပ်ကျဆုံးတုန်းက နာရီရှိတယ်လို့ကြားတယ်။ အခု မတွေ့ရဘူး။ ကျည်ဆန်ရာတွေတော့ တွေ့ရပါတယ်။ အခု ဘုရားခန်းလုပ်ထားပါတယ်။ အဆောက်အအုံတွေ နည်းနည်းပြုပြင်ထားတယ်လို့ ထင်ရပါတယ်။ ဒါကိုပြတိုက်အနေနဲ့ဖွင့်ရင် ပိုကောင်းတယ်။ သားတွေကို ပြချင်တာရယ်၊ ကိုယ်ကိုယ်တိုင် ကြည့်ချင်တာရယ်ကြောင့် လာရောက်ကြည့်ဖြစ်တာပါ။ မမြင်ဖူးတဲ့ဟာ မြင်ရတယ်။ မရောက်ဖူးတဲ့နေရာ ရောက်ဖြစ်တဲ့အတွက်ကြောင့် တကယ်ကျေးဇူးတင်ပါတယ်။ ကလေးတွေအတွက်လည်း ဗဟုသုတရတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်

နောက်ပြီး ဒီကိုလာလေ့လာဖို့ တစ်ရက်တည်း မဟုတ်ဘဲ နေ့တိုင်းဖွင့်ပေးစေချင်ပါတယ်။ ကလေးတွေ လို့ပြောချင်ပါတယ်။

**ကိုကျော်မျိုးမင်း(သန်လျင်)**

ကျွန်တော်အသက် (၃၈) နှစ်ရှိပြီ။ တစ်ခါမှ မရောက်ဖူးဘူး။ ကျွန်တော်တို့ရဲ့အာဇာနည်ပုဂ္ဂိုလ်တွေကို လေးစားသောအားဖြင့် ကျဆုံးသွားတဲ့နေရာကို ကြည့်ချင်လို့လာဖြစ်တာပါ။ ဒီလိုနေ့မျိုးကို လာရောက်ကြည့်ရှုခွင့်ရတဲ့အတွက် အလွန်ကိုဝမ်းသာပီတိဖြစ်မိပါတယ်။

နောက်ပြီး နောင်လာနောက်သားသားသမီးတွေကို ပြန်ပြောနိုင်အောင် လာကြည့်ဖြစ်တယ်။ မနက်ကဆို အိပ်လို့တောင်မပျော်ဘူး။ ကြည့်ရှုခွင့်ရတယ်ကြားလို့၊ နောက်ပိုင်းတွေမှာလည်း လာရောက်လေ့လာကြည့်ရှုခွင့်ရမယ်လို့ မျှော်လင့်မိပါတယ်။

ကျွန်တော့်အသက် (၃၈) နှစ်မှ ပထမဆုံးကြည့်ရှုခွင့်ရလို့ ပျော်ရွှင်မိသလို ကျွန်တော့်ထက်ကြီးတဲ့သူ၊ ငယ်တဲ့သူ၊ ရွယ်တူတွေလည်း လေ့လာခွင့်ရလို့ ကျွန်တော့်လိုမျိုး ခံစားရမယ်လို့ထင်ပါတယ်။ လေ့လာခွင့်ရရှိအောင် ခွင့်ပြုပေးတဲ့သူတွေကို အထူးကျေးဇူးတင်ပါတယ်။

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် (စနေနေ့) နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အတွင်းဝန်များရုံး (ယခုဝန်ကြီးများရုံး)၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဝန်ကြီး ဦးဘဝင်း၊ ဝန်ကြီး မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ဝန်ကြီး ဦးရာဇတ်၊ ဝန်ကြီး ဒီးဒုတ် ဦးဘချို၊ သခင်မြ၊ အတွင်းဝန် ဦးအုန်းမောင်၊ သက်တော်စောင့် ရဲဘော်ကိုထွေးတို့သည် ဂဠုန်ဦးစောနှင့် သူ၏နောက်လိုက်များ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ကျဆုံးသွားခဲ့ရခြင်းဖြစ်သည်။

ထို့ကြောင့် ဇူလိုင် ၁၉ ရက်ရောက်တိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည့်နေ့ကို အမှတ်တရရှိစေခြင်းငှာ အာဇာနည်နေ့အဖြစ်ကျင်းပလာခဲ့သည်မှာ (၆၈)နှစ်သို့ တိုင်ခဲ့ပြီဖြစ်သော်လည်း ပြည်သူများက ယနေ့ထက်တိုင် မမေ့နိုင်သေးပါ။ ❒

## ပြည်တွင်းရေးရာ

### ❍ (၆၈)နှစ်မြောက်မှ

(၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ (၆၈)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် အခမ်းအနားသို့တက်ရောက်လာကြသူများ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်စား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် အာဇာနည်ဗိမာန် နားနေဆောင်ခန်းမ၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်စား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် တက်ရောက်လာကြသူများသည် အာဇာနည်ဗိမာန်ရင်ပြင်၌ နေရာယူကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြသည်။

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ ဂုဏ်ပြုတပ်ဖွဲ့ဝင် **စာမျက်နှာ ၉ သို့** ✻



ဗိုလ်ချုပ်အောင်ဆန်း၏ သားဖြစ်သူ ဦးအောင်ဆန်းဦးနှင့်ဇနီး ဒေါ်လဲ့လဲ့နွယ်သိန်းတို့ လွမ်းသူ့ပန်းခွေချကန်တော့စဉ်။ (သတင်းစဉ်)



ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည် လွမ်းသူ့ပန်းခွေချကန်တော့စဉ်။ (သတင်းစဉ်)



သခင်မြ၏ ဂူဗိမာန်၌ သခင်မြ၏ မိသားစုများ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)



ဒီးဒုတ်ဦးဘချို၏ ဂူဗိမာန်၌ ဒီးဒုတ်ဦးဘချို၏ မိသားစုများ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❋ စာမျက်နှာ ၈ မှ

များက သေနတ်မြောက် အလေးပြုကြပြီး စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာမှုတ်၍ အလေးပြုကြသည်။

ဆက်လက်၍ အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နှစ်မိနစ်ငြိမ်သက်စွာဖြင့် မေတ္တာပို့သ အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်စား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးတို့သည် နံနက် ၈ နာရီတွင် အာဇာနည်ဗိမာန်မှ ပြန်လည်ထွက်ခွာသွားကြသည်။

ထို့နောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များသည် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြရာ ရှေးဦးစွာ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သားဖြစ်သူ ဦးအောင်ဆန်းဦးနှင့် ဇနီးဒေါ်လဲ့လဲ့နွယ်သိန်းတို့က အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြပြီး ရှိခိုးကန်တော့၍ မေတ္တာပို့သ အမျှပေးဝေကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုပြီး ရှိခိုးကန်တော့၍ မေတ္တာပို့သ အမျှပေးဝေသည်။

ထို့နောက် အာဇာနည်ခေါင်းဆောင်ကြီးများဖြစ်ကြသည့် သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ဦးရာဇတ်၊ ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့၏ မိသားစုဝင်များက အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြပြီး မေတ္တာပို့သ အမျှပေးဝေကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး

စာမျက်နှာ ၁၀ ကော်လံ ၁ သို့



ဦးဘဝင်း၏ ဂူဗိမာန်၌ ဦးဘဝင်း၏ မိသားစုများ လွမ်းသူ့ပန်းခွေချ ကန်တော့စဉ်။ (သတင်းစဉ်)



မန်းဘခိုင်၏ ဂူဗိမာန်၌ မန်းဘခိုင်၏ မိသားစုများ လွမ်းသူ့ပန်းခွေချကာဂါရဝပြု ဆုတောင်းစဉ်။ (သတင်းစဉ်)



နိုင်ငံရေးပါတီများ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ (သတင်းစဉ်)



တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ မိသားစုဝင်များ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချရန်လာရောက်စဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကိုယ်စားလှယ်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကိုယ်စားလှယ်များ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချရန် လာရောက်စဉ်။ (သတင်းစဉ်)

# ၂၀၁၅ ခုနှစ် (၂၃) ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းကြေညာချက်

**ယမန်နေ့မှ အဆက်**

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၈၆ ပါး၊ နှစ်ကျမ်းအောင် ၄၅ ပါး၊ တစ်ကျမ်းအောင် အပါး ၃၀ တို့ ဖြစ်ကြသည်။

ဒီဃနိကာယ်သုံးကျမ်းအောင် ၈၆ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ်၊ မုံ-၇၊ အရှင်ခေမာနန္ဒာလင်္ကာရ၊ အသက်(၃၁)နှစ်၊ အဘ-ဦးကျော်သန်း၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ စက-၉၊ အရှင်ဉာဏိကာလင်္ကာရ၊ အသက်(၂၂)နှစ်၊ အဘ-ဦးမောင်ဌေး၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ စက-၁၈၊ အရှင်ပါလိတာလင်္ကာရ၊ အသက်(၂၅)နှစ်၊ အဘ-ဦးမြဟန်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (တတိယ)

အုပ်စု(၃) မဇ္ဈိမနိကာယ (သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၃၉ ပါး၊ နှစ်ကျမ်းအောင် ၁၂ ပါး၊ တစ်ကျမ်းအောင် ၁၅ ပါးတို့ဖြစ်ကြသည်။

မဇ္ဈိမနိကာယ် သုံးကျမ်းအောင် ၃၉ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ်၊ စဥ့်-၅၊ အရှင်ကဝိဇောလင်္ကာရ၊ အသက်(၄၃)နှစ်၊ အဘ-ဦးအောင်မောင်ကြည်၊ တိုက်ကျောင်း၊ စဥ့်ကိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ ပူရ-၁၀၊ အရှင်ခန္တိဝရ၊ အသက်(၄၁)နှစ်၊ အဘ-ဦးထွန်းရင်၊ တူမောင်းကျောင်းတိုက်၊ အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ မုံ-၂၊ အရှင်အဘိဇာတာဘိဝံသ၊ အသက်(၄၅)နှစ်၊ အဘ-ဦးတင်ရ၊ သဒ္ဓမ္မဇောတကသုဗောဓာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (တတိယ)

အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ရှစ်ပါး၊ နှစ်ကျမ်းအောင် ခြောက်ပါး၊ တစ်ကျမ်းအောင် နှစ်ပါးတို့ ဖြစ်ကြသည်။

အုပ်စု(၅) အင်္ဂုတ္တရနိကာယ (သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၁၅၉ ပါး၊ နှစ်ကျမ်းအောင် ၆၂ ပါး၊ တစ်ကျမ်းအောင် ၂၅ ပါးတို့ ဖြစ်ကြသည်။

အင်္ဂုတ္တရနိကာယ်သုံးကျမ်းအောင် ၁၅၉ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ်၊ စိန်-၄၊ ရှင်ဥတ္တမလင်္ကာရ၊ အသက် (၂၂)နှစ်၊ အဘ-ဦးအုန်းမောင် ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ စက-၉၊ အရှင်နိပုဏာလင်္ကာရ၊ အသက် (၂၂)နှစ်၊ အဘ-ဦးကြည်အောင်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ တက-၁၁၊ အရှင်ခေမာစာရာလင်္ကာရ၊ အသက် (၂၀)နှစ်၊ အဘ-ဦးစိန်ဝင်း၊ သိမ်တောင်ပရိယတ္တိစာသင်တိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။ (တတိယ)

(ဃ) အင်္ဂုတ္တရနိကာယသုံးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ်၊ ပခ-၂၁၊ မက္ကန္ဒဝတီ၊ အသက်(၂၇)နှစ်၊ အဘ-ဦးမောင်ညွန့်၊ ချမ်းမြေ့ဇေယျာကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။ (သီလရှင်ပထမ)

**ဆက်လက်ဖော်ပြပါမည်››**

**စာမျက်နှာ ၉ မှ**

လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဌာနချုပ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံ သတင်းစာ ဆရာအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းတို့မှကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ယင်းနောက် ပြည်သူလူထုများက ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့သတိရခြင်းအထိမ်းအမှတ်အဖြစ် အာဇာနည် ဗိမာန်သို့ လာရောက်ဂါရဝပြုကြသည်။

**(သတင်းစဉ်)**

# အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ၏ လိုအပ်ချက်များ ဆွေးနွေးညှိနှိုင်း

**နေပြည်တော် ဇူလိုင် ၁၉**

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီခွဲက ကျောက်ဆည်မြို့ရှိ ပညာရေးဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေး သင်တန်းဌာန(ဘယ်လင်း)၏ ဆရာဆရာမများအား လေ့ကျင့်သင်ကြားပေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျွမ်းကျင် ဆရာဆရာမ လိုအပ်ချက်နှင့် သင်ထောက်ကူစက်ပစ္စည်းများ ဖြည့်ဆည်းနိုင်ရေး ဆွေးနွေးရာ စက်မှုနည်းပညာမြှင့်တင်ရေးသင်တန်းဌာနတာဝန်ခံ ဒေါက်တာအေးအေးမွန်က လက်ရှိဌာန၏ အခြေအနေနှင့် ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အသက်မွေးဝမ်းကျောင်းပညာသင် ကျောင်းများအား တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတွင် တိုးချဲ့ဖွင့်လှစ်သွားရန် စီစဉ်လျာထားလျက်ရှိကြောင်း၊ အဆိုပါ ကျောင်းများအတွက် ကျွမ်းကျင် ဆရာ ဆရာမများကို ဤကျောင်းမှ လေ့ကျင့်ပြုစုပျိုးထောင် မွေးထုတ်နိုင်ရန် ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးမြို့ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်း ကျောင်းများသို့ သွားရောက်ကြည့်ရှုပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည့် ဆရာဆရာမနှင့် သင်ထောက်ကူဖြည့်ဆည်းရေး ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး သင်ကြားသင်ယူရေးလိုအပ်ချက်များကို ဆွေးနွေးမေးမြန်းသည်။

ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးမြို့ စက်မှုသင်တန်းကျောင်းသို့ သွားရောက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပုဂ္ဂလိက လျှပ်စစ်ကုမ္ပဏီများ၏ ကျွမ်းကျင်လုပ်သားလိုအပ်ချက်များကို ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့ ပူးပေါင်းလျက် အမျိုးသားအဆင့် ကျွမ်းကျင်မှု စံသတ်မှတ်ချက်များနှင့်အညီ ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးမည့် အစီအမံများကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင် ကန်တော်ကြီးဥယျာဉ်ခန်းမ၌ ပန်းစိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့၊ နွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်သူများ၏ စိုက်ပျိုးမွေးမြူထုတ်လုပ်မှုနှင့် ဈေးကွက်ရရှိမှုအခြေအနေများကို တွေ့ဆုံမေးမြန်းပြီး စိုက်ပျိုးမွေးမြူ ထုတ်လုပ်မှုအခြေအနေများကို ခေတ်မီတိုးတက်လာစေရန်အတွက် နည်းပညာလိုအပ်ချက်များနှင့် လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များကို လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်မှုကို ဈေးကွက်လိုအပ်ချက်နှင့်အညီ ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်းနှင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များအပေါ် မူတည်၍ ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနဌာန ယခင်ဂျီတီအိုင်ကျောင်း နေရာဟောင်းတွင် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်း ပြင်ဆင်မွမ်းမံဖွင့်လှစ်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဘားအံမြို့တွင် (၆၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဆွမ်းဆက်ကပ်

**ဘားအံ ဇူလိုင် ၁၉**

ကရင်ပြည်နယ် ဘားအံမြို့တွင် (၆၈) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူး၍ ယနေ့နံနက် ၉ နာရီက ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းဓမ္မာရုံ၌ ကျင်းပသည်။



ထို့နောက် ကရင်ပြည်နယ် ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်ရှိ တိုင်းရင်းသားပြည်သူများက ဆရာတော်သံဃာတော်များထံမှ ပရိတ်တရားတော်များနာယူကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကာ **(အပေါ်ယာပုံ)** ကျဆုံးလေပြီးဖြစ်သော အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ရေစက်သွန်းချအမျှပေးဝေကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်အပါး ၃၀ အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ဘားအံမြို့ ကမ်းနားလမ်းရှိ အာဇာနည်ကျောက်တိုင်တွင် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ လွမ်းသူ့ပန်းခွေများဖြင့် အလေးပြုခြင်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ဘားအံမြို့ပေါ်ရှိ မူလတန်းကြိုကျောင်းသား ကျောင်းသူကလေးများနှင့် ဆရာမများက အသီးသီးဆောင်ရွက်ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဆောမြို့နယ်တွင် တောင်သူ ၉၂၉ ဦးအား စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးပြီးဖြစ်

**ဆော ဇူလိုင် ၁၉**

တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင်တွင် အခက်အခဲမရှိ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ဂန့်ဂေါခရိုင် ဆောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ပေးလျက်ရှိရာ ဇူလိုင် ၁၆ ရက်အထိ ငွေကျပ် ၄၄၁၅ သိန်းကျော်ကို တောင်သူ ၉၂၉ ဦးထံ ထုတ်ပေးပြီးဖြစ်၍ တောင်သူများသည် ထွန်ယက်စိုက်ပျိုးခြင်းလုပ်ငန်းကို ဆောင်ရွက်နေကြပြီဖြစ်သည်။

အဆိုပါ ချေးငွေများထုတ်ပေးရာတွင် လယ်တစ်ဧကလျှင် ကျပ်တစ်သိန်း၊ အခြားသီးနှံများအတွက် ကျပ်နှစ်သောင်းနှုန်း ထုတ်ပေးလျက်ရှိကာ လယ် ၄၀၂၃ ဧက၊ မြေပဲ ၇၁၃ ဧက၊ နှမ်း ၁၂၄၉ ဧကတို့အတွက် ထုတ်ပေးခြင်းဖြစ်ကြောင်းနှင့် ကျန်အုပ်စုဝင် တောင်သူများထံ ချေးငွေများ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၄၆၅)**



# အာဇာနည်ခေါင်းဆောင်ကြီးများကိုရည်စူး၍ ကုသိုလ်ပြုအမျှပေးဝေခြင်း အခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၁၉**

(၆၈)နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက်အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများကိုရည်စူး၍ သံဃာတော်များအား ကုသိုလ်ပြု အမျှပေးဝေခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒက္ခိဏသီရိမြို့နယ် သံဃနာယကဥက္ကဋ္ဌ ညောင်ကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတမဟာထေရ်အရှင်သူမြတ်အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီနှင့်ဇနီး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒက္ခိဏသီရိမြို့နယ် သံဃနာယကဥက္ကဋ္ဌ ညောင်ကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်အရှင်သူမြတ်ထံမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပရိသတ်များက သံဝေဂကထာ တရားတော်နာကြား၍ အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

# အမြို့မြို့အနယ်နယ်မှ အာဇာနည်နေ့အခမ်းအနားများ



**ကျောက်ကြီး ဇူလိုင် ၁၉။** ။ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက်က ကျောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြီး အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ သံဃာတော်အရှင်မြတ်များအား ဆွမ်းဆက်ကပ်လှူဒါန်း၍ အမျှပေးဝေခဲ့ကြသည်။ **(၁၂၂)**

**မိတ္ထီလာ ဇူလိုင် ၁၉။** ။(၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၉နာရီက မြို့မရပ်ကွက်ရှိ အာဇာနည်ကျောက်တိုင်၌ ကျင်းပရာ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ဝမ်းနည်းခြင်း အထိမ်းအမှတ် နှစ်မိနစ် ငြိမ်သက်ခဲ့ကြကာ လွမ်းသူပန်းခွေချ အလေးပြုကြပြီး သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ လှူဖွယ်ဝတ္ထုတို့ဖြင့် ဆက်ကပ်လှူဒါန်းခဲ့သည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

**ညောင်တုန်း ဇူလိုင် ၁၉။** ။ညောင်တုန်းမြို့ အာဇာနည်ပန်းခြံ၌ ယနေ့နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် (၆၈)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် ပြည်သူ ၁၅၀၀ခန့်က ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူပန်းခွေ၊ ပန်းခြင်းများချခြင်းနှင့် နှစ်မိနစ်ဥသြဆွဲ ငြိမ်သက်အလေးပြုကြသည်။

**ထွန်းကျော်(ညောင်တုန်း)**

**ပုသိမ် ဇူလိုင် ၁၉။** ။(၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်က အဖွင့်အမှာစကား ပြောကြားပြီး အာဇာနည်နေ့အထိမ်းအမှတ် အထက်တန်းဆင့်၊ အလယ်တန်းဆင့်၊ မူလတန်းဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကြသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

**မြင်းခြံ ဇူလိုင် ၁၉။** ။(၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ယနေ့ နံနက် ၈နာရီက မြင်းခြံမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော စစ်သည်များအား အလေးပြုခြင်းတို့ကိုပြုလုပ်ပြီး အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကြသည်။ **ဦးဇော်မင်းနိုင်(မြင်းခြံ)**

**သံဖြူဇရပ် ဇူလိုင် ၁၉။** ။(၆၈)နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူပန်းခွေချ အလေးပြုခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက သံဖြူဇရပ်မြို့ ကြာကန်ရပ်ကွက် အာဇာနည်အထိမ်းအမှတ် ကျောက်တိုင်ရှေ့၌ ကျင်းပသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

**နောင်တရား ဇူလိုင် ၁၉။** ။ (၆၈)နှစ်မြောက်အာဇာနည်နေ့ အခမ်းအနားကို ယနေ့နံနက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့ အထကကျောင်းတွင် ကျင်းပရာ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နှစ်မိနစ် ငြိမ်သက်ခြင်းနှင့် ဆရာမတစ်ဦးက အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းကြောင်းများကို ဟောပြောခဲ့သည်။

**ခွန်အောင်(ITRD)**

# ဦးပိန်တံတားအလှကိုကြည့်ရှုရင်း လေကောင်းလေသန့်ရှူရှိုက်ကာ အားကစားပြုလုပ်သူများပြား

မန္တလေးမြို့၏ အလှတစ်နေရာဖြစ်သော ကျုံးပတ်လည်တွင် ခေတ်မီ အားကစားကိရိယာများ ထားရှိထားသည်။ မန္တလေးတောင်ခြေ ကမ်းနားလမ်းတစ်လျှောက် တောင်သမန်အင်းကန်ပတ်လမ်းဘေး မနော်ဟရီ ခေတ်မီအားကစားကွင်း အနီးနှင့် အခြားနေရာများတွင် လေ့ကျင့်ခန်းပြုလုပ်နိုင်ရန် အားကစားကိရိယာများ တပ်ဆင်ပေးထားသည်။ မြို့နေပြည်သူများ ပျော်ရွှင်မှုကို ရရှိစေရန် ပြုလုပ်ပေးထားခြင်း ဖြစ်သည်ဟုလည်း ညွှန်းဆိုထားသည်။ လက်ရှိကာလတွင် ဦးပိန်တံတားအနီး၌ ဦးပိန်တံတားအလှကို ကြည့်ရှုကာ အားကစားလုပ်နိုင်ရန် အားကစားကိရိယာများ တပ်ဆင်ပေးထားသည်။ ညနေပိုင်းတွင် လမ်းလျှောက်သူများ၊ အားကစားလုပ်သူများ ဦးပိန်တံတားဘက် သီးသန့်လာရောက်လေ့ကျင့်လေ့ရှိသည်။ ဦးပိန်တံတားအနီးမှ အားကစားကိရိယာများကို ကစားရင်း ဦးပိန်တံတားအလှနှင့် သန့်စင်သော လေနုအေးလေးများကို ရှူရှိုက်ရခြင်းကို အထူးနှစ်သက်ကြသည်။

မြို့ပြနေ ပြည်သူများအတွက် ပန်းခြံများ၊ လွင်ပြင်ကျယ်များနှင့် အားကစားပြုလုပ်သည့် နေရာများကို အထူး သဘောကျကြသည်။ အများစုမှာ ယာဉ်သံ၊ စက်သံ၊ ဆူညံသံများအကြား တိတ်ဆိတ်သောနေရာ၊ လှပသောနေရာကို တစ်သီးတစ်သန့် ရွေးချယ်ကာ အားကစား ပြုလုပ်လာကြသည်။ အားကစားကိရိယာများ ထားပေးခြင်းဖြင့် မြို့ခံပြည်သူများသာမက ခရီးသွားဧည့်သည်များပါ ကိုယ်လက်လေ့ကျင့်ခန်းများ ပြုလုပ်သွားလေ့ရှိသည်။ လက်ရှိကာလတွင် ဦးပိန်တံတားအနီးမှ အားကစားကိရိယာဖြင့် အားကစားပြုလုပ်သူများပြားလျက်ရှိကြောင်း သိရသည်။



**တိမ်တမန်**

# ကသာမြို့နယ်အတွင်း ဧရာဝတီလင်းပိုင် အသေတစ်ကောင်တွေ့ရှိ

**ကသာ ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ လိပ်ထုံးရွာအနီး ထောင်ဒေါင့်အင်းနားတွင် ဧရာဝတီလင်းပိုင်အသေတစ်ကောင်ကို ဇူလိုင် ၁၈ရက် ညနေ ၅ နာရီခွဲက တွေ့ရှိခဲ့ကြောင်း ကသာခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်နှင့် ကချင်ပြည်နယ် ရွှေကူမြို့နယ်ထိစပ်နေသော နေရာအနီးတွင် တွေ့ရှိရပြီး လင်းပိုင်အသေကောင်မှာ ပုပ်ပွနေသောကြောင့် ဧရာဝတီမြစ် အထက်ပိုင်း ကချင်ပြည်နယ်ဘက်မှ သေဆုံးပြီး မျောပါလာဟန်ရှိပြီး သေဆုံးရသည့် အကြောင်းရင်းကို မသိရှိနိုင်ကြောင်း သိရသည်။

သေဆုံးသွားသည့် ဧရာဝတီလင်းပိုင်မှာ အရှည် ၆ ပေ ၆ လက်မ၊ လုံးပါတ် ၄ ပေ ၆ လက်မရှိပြီး အမဖြစ်ကြောင်းသိရသည်။ ကသာခရိုင်အတွင်း ဧရာဝတီမြစ်ထဲ၌ လင်းပိုင်အသေကောင်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကတစ်ကြိမ်၊ ၂၀၁၅ ခုနှစ် ဇွန်လက တစ်ကြိမ်၊ ယခုတစ်ကြိမ် သုံးကြိမ်တွေ့ရှိရသည်ဟု သိရပြီး တရားမဝင် စည်းကမ်းမဲ့စွာဖြင့် ဘက်ထရီရှော့တိုက် ငါးဖမ်းခြင်းသည် ဧရာဝတီလင်းပိုင်များ၏ ရှင်သန်မှုကို များစွာခြိမ်းခြောက်နေကြောင်း သိရသည်။

ကသာခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းတင်က “ကျွန်တော်တို့ ရေသယံဇာတထိန်းသိမ်းရေးစီမံချက် ရေးဆွဲနေပါတယ်။ လင်းပိုင် ကာကွယ်ရေးစီမံချက်လည်း ပါပါတယ်။ ကသာမြို့နယ်အတွင်းမှာ အစုအဖွဲ့အနေနဲ့ ရွာ ၉ ရွာ၊ ထီးချိုင့်မြို့နယ် ၇ရွာအစုအဖွဲ့နဲ့ဖွဲ့စည်းပါမယ်။ အမာခံ ရေလုပ်သားတွေနဲ့ ဖွဲ့စည်းပြီး လူ ၅ ယောက်ကနေ ၁၀ ယောက်ထိ တင်နိုင်တဲ့ ဖိုက်ဘာစက်တပ်လှေနဲ့ သွားလာလှုပ်ရှားပါ့မယ်။ ကသာမြို့နယ်အတွက် တစ်စီး၊ထီးချိုင့်မြို့နယ်အတွက် တစ်စီးပေးထားပြီး တစ်လဆီဂါလန် ၃၀ထောက်ပံ့မှာဖြစ်ပါတယ်။ ညအခါလှုပ်ရှားနိုင်ဖို့ ၁၂ ဗို့ဘက်ထရီအားသုံးမီးဆလိုက်တွေ ပေးထားပါမယ်။ အသက်ကယ်အင်္ကျီတွေ ထုတ်ပေးပြီး လုံခြုံရေးအကူအညီလိုအပ်ရင် ဆက်သွယ်ရန် ရဲစခန်းဖုန်းနံပါတ်တွေ ပေးထားပါမယ်”ဟု ပြောကြားခဲ့သည်။



**အေးလွင်(ကသာ)**

# ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ တရားခွင်လက်တွေ့လုပ်ငန်းလေ့လာ

**မော်လမြိုင် ဇူလိုင် ၁၉**

မော်လမြိုင်တက္ကသိုလ်မှ ဥပဒေပညာအထူးပြုစတုတ္ထနှစ် ကျောင်းသား ကျောင်းသူများ တရားခွင်လက်တွေ့လုပ်ငန်းလေ့လာရေး အခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီက မော်လမြိုင်မြို့ မွန်ပြည်နယ် တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးက တရားစီရင်ရေး လုပ်ငန်းများနှင့် မွန်ပြည်နယ် တရားစီရင်ရေးအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများသည် ကြီးကြပ်သူ ဆရာ ဆရာမများနှင့် မွန်ပြည်နယ်တရားလွှတ်တော် မော်လမြိုင်ခရိုင်တရားရုံးနှင့် မော်လမြိုင်မြို့နယ် တရားရုံးတို့တွင် တရားစီရင်နေမှုများနှင့် တရားခွင်လက်တွေ့လုပ်ငန်းများကို ဆက်လက်လေ့လာခဲ့ကြကြောင်း သိရသည်။

**(၃၀၇)**



# ဖမ်းဆီးထိန်းသိမ်းခံခဲ့ရတဲ့ High School Musical 3 သရုပ်ဆောင် ဂျက်စတင် မာတင်

High School Musical 3 ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သော မင်းသား ဂျက်စတင်မာတင်သည် ဇူလိုင် ၁၄ရက်က ဘော်စတွန်မြို့၌ ရဲအရာရှိများနှင့် ပဋိပက္ခဖြစ်ပွားပြီး တရားမဝင်လက်နက်ကိုင်ဆောင်မှုဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရကြောင်း သိရသည်။

ဒေသအာဏာပိုင်များ၏အဆိုအရ ဂျက်စတင်သည် လမ်းပေါ်တွင်သေနတ်ကိုင်ဆောင်ကာ ပြေးဆင်းသွားစဉ် ရဲများကရပ်တန့်စေရာ ရဲများကို သေနတ်ဖြင့်ပြန်လည်ချိန်ရွယ်ခဲ့သည်။ သူသည် ရဲများကို သေနတ်ဖြင့် ပစ်ခတ်ခြင်းမပြုခဲ့သော်လည်း သူ၏သူငယ်ချင်းတစ်ဦးကမူ ပြန်လည်ပစ်ခတ်ခဲ့သည်။

ထိုသို့ အခြေအတင်ဖြစ်ပွားခဲ့ရာတွင် တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရရှိခဲ့သော်လည်း အဆိုပါမင်းသားသည် တရားမဝင်လက်နက်ကိုင်ဆောင်မှု၊ တရားမဝင် ခဲယမ်းမီးကျောက်ပိုင်ဆိုင်မှုနှင့် ကျည်ဖြည့်ထားသောသေနတ်ကိုသယ်ဆောင်မှုအပါအဝင် အန္တရာယ်ရှိသော လက်နက်ဖြင့် တိုက်ခိုက်မှုတို့ဖြင့် စွဲချက်တင်ခံထားရသည်။

ယခုကဲ့သို့ ဖမ်းဆီးခြင်းမခံရမီက ဂျက်စတင်သည် ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးသည့် "the Wildcasts' ball boy" ရုပ်ရှင်တွင် ပါဝင်သရုပ်ဆောင်လျက်ရှိပြီး အမေရိကန်အဆိုတော်နှင့်သရုပ်ဆောင် ဗစ်တိုးရီးယား ဂျက်စတစ်က တာဝန်ယူထုတ်လွှင့်သည့် MTV ရုပ်သံလိုင်းအစီအစဉ် "Eye Candy"၏ ဇာတ်လမ်းတစ်ခုတွင်လည်း ပါဝင်ရိုက်ကူးလျက်ရှိသည်။

အေးပြည့်

# အကျဉ်းသားတွေကို ဂီတပညာသင်ပေးမယ့် နော့တီဘွိုင်း

ဗြိတိန်သီချင်းထုတ်လုပ်သူ နော့တီဘွိုင်းက သူရဲ့ခြေလှမ်းသစ်တွေကို အကျဉ်းထောင်တွေဆီ ဦးတည်ခဲ့ပါတယ်။ အကြောင်းကတော့ သူဟာ အကျဉ်းကျနေတဲ့သူတွေကို သီချင်းရေးစပ်တဲ့ ပညာရပ်နဲ့ ဂီတသံစဉ်တွေကို ဖန်တီးတဲ့ ပညာရပ်တွေကို သင်ကြားပေးဖို့ဖြစ်ပါတယ်။

ဆက်လက်ပြီး သူက ၂၀၁၅ ခုနှစ်မှာ အကူအညီလိုနေတဲ့သူတွေဆီကို အခွင့်အရေးနဲ့ အကူအညီတွေပိုမိုပေးအပ်သွားချင်တဲ့အတွက် ယခုလိုလုပ်ဆောင်ရခြင်းဖြစ်တယ်လို့လည်း The Sun သတင်းစာသို့ ပြောခဲ့ပါတယ်။

နော့တီဘွိုင်းက "ကျွန်တော်အကျဉ်းသားတွေကို ကူညီချင်တယ်။ ထောင်ကထွက်လာတဲ့အချိန်ဟာ သူတို့အတွက် အခက်ခဲဆုံးအချိန်ဖြစ်မယ်လို့လည်း ထင်တယ်။ ထောင်ထဲမှာသူတို့တွေ သီချင်းတွေစပ်ကြမယ်။ တီးခတ်သီဆိုနိုင်ကြမယ်ဆိုရင် သူတို့ဒီလိုနေရာကိုရောက်လာဖို့ အပြင်လောကကိုစွန့်လွှတ်ခဲ့ကြရတာလို့တောင် ထင်လာနိုင်ပါတယ်"လို့ သူ၏ယုံကြည်ချက်ကို ပြောပြခဲ့ပါတယ်။

အကျဉ်းသားတွေဟာ ပြစ်မှုတွေကိုကျူးလွန်ခဲ့တဲ့သူတွေမှန်ပေမယ့် သူတို့ရဲ့ဘဝမှာ နောက်တစ်ကြိမ်အခွင့်အရေးရှိသင့်ပါတယ်လို့ ထင်မြင်မိကြောင်းနဲ့ ယခုနှစ်တွင်လည်း ယခင်ကထက် လူသားအကျိုးပြုလုပ်ငန်းတွေကို ပိုမိုဆောင်ရွက်သွားရန် ဆုံးဖြတ်ထားကြောင်း ပရိဂျူဆာ နော့တီဘွိုင်းက ပြောခဲ့ပါသေးတယ်။




# ရုပ်မြင်သံကြားအစီအစဉ်များ

၂၀ - ၇ - ၂၀၁၅ (တနင်္လာနေ့)

## မြဝတီ

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | ၅း၂၂ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၃၈) |
| ၆း၁၆ | မေတ္တာပို့ | ၆း၂၀ | သံစဉ်လမ်းကလင်းလက်ကြယ် |
| ၆း၂၀ | ဓမ္မပူဇာတေး | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပန်းခူးသူဆူးစူးပါစေ (အပိုင်း-၆၄) - ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် - မေးမြန်းစူးစမ်း - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မှော်ဝင်စီးချင်း (အပိုင်း-၂၄) |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား | | |
| ၆း၃၅ | မျိုးချစ်တပ်မတော် | | |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ | | |
| ၈း၁၀ | အမျိုးသားရေးတေးကဗျာ | | |
| ၈း၁၅ | ရွှေဟောင်းသုတ | | |
| ၈း၂၀ | DVD Hits | | |
| ၈း၃၅ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ | | |
| ၉း၁၀ | သူနှင့်သူ၏သီချင်းများ | | |
| ၄း၂၀ | စိုက်ပျိုးသုတ | | |
| ၄း၃၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | | |
| ၄း၃၅ | ဇာတ်လမ်းတို | | |

## MRTV - 4

| | | | |
|---|---|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်၊ အာဋ္ဌာနာဋိယသုတ် | ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၇၆) |
| ၅း၄၀ | "ခင်ပွန်းကြီးဆယ်ပါး တရားဒေသနာတော်" (အပိုင်း-၁) (သို့မဟုတ်) "ဘဝကောင်းကိုရလိုသူ" တရားတော် [ဆရာတော်သီတဂူ အရှင်တိက္ခသာရ] | ၆း၁၀ | Health Fix |
| ၈း၄၀ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ | ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၇၆) |
| ၉း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၂၈) | ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၂၉) |
| ၉း၄၅ | အနုပညာမိုးကောင်းကင် | ၉း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၁၀) |
| ၁၀း၁၀ | ခေတ်သစ်ပျိုမေ | ၉း၅၀ | အကယ်ဒမီစန္ဒရားလှထွတ် (အမျိုးသားစာပေဆုရှင်) "အလှသစ္စာတရား" ဂုဏ်ပြုဂီတဖျော်ဖြေပွဲ၏ အကြိုစကားဝိုင်း |
| ၁၀း၅၅ | ထောင်မင်းသားနှင့်တွေ့ဆုံခြင်း | ၁၀း၄၅ | Global Panorama (ကိုကိုလှိုင်၊မျိုးမြတ်သူ) |
| ၁၁း၀၅ | သွားမယ်စားမယ် (Lake Frand Field) | ၁၁း၂၅ | MRTV-4 Stage |
| ၁၁း၃၀ | Forever Music Tribute Saw Bhawe Mhue Live Show (အပိုင်း-၂) (ပထမပိုင်း) | ၃း၄၀ | လွှန်းတင်သည့်ကြိုး |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၉) | ၄း၄၅ | တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (သမိုင်းဝင်ကျောက္ကာရွှေဂူနီ ဆုတောင်းပြည့်မြတ်စွာဘုရားကြီး) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ" | | |

## mitv

- Myanmar Traditional Identity "The Sphinx of Egypt And The Manousiha of Myanmar"
- History of Wishfulfilling Mai-Lamu Pagoda
- Entrepreneur - Dr. Thant Thaw Kaung
- Paper Products ... Plain but Pretty
- Myanmar Betels
- ABU Song Festival
- Culture Show: Theatrical Make Up
- Youth of The Future "Audio Mixer (Khy Htoo)"
- Philatelic Pleasure
- Food Trip (Ep-5)
- Colonial Buildings and a New Yangon
- Orchidologist Dr. Saw Lwin
- Temple Stalls
- Kyaikhteeyoe: My Father The Porter
- The Martyr's Day
- Making of Nawarat Rings
- Myanmar Scout
- Traditional Snacks
- Short Trip With Steve (Mon State)
- Kindhearted Pet Lovers
- Creator Of Imagination
- Chaung Tha Souvenir Business

# ဖက်ရှင်မော်ဒယ်အဖြစ် အနုပညာလုပ်ငန်းတွေကိုအစပျိုးလာတဲ့ လီလီရို့စ်ဒပ်

ဂျက်စပဲရိုးအမည်ဖြင့်ကျော်ကြားလာခဲ့သော ဟောလိဝုဒ်ကြယ်ပွင့် ပင်လယ်ဓားပြမင်းသားကြီးဂျော်နီဒပ်နှင့် မော်ဒယ် အဆိုတော်နှင့် သရုပ်ဆောင်မင်းသမီး ဗင်နစ်ဆာပါရာဒစ်တို့၏ သမီးဖြစ်သူ လီလီရို့စ်ဒပ်သည် သူ၏အနုပညာလုပ်ငန်းများကို ဖက်ရှင်မော်ဒယ်တစ်ယောက်အဖြစ် ပြင်သစ်ဖက်ရှင်လောကမှ စတင်လိုက်ပြီ ဖြစ်သည်။

အသက်(၁၆)နှစ်အရွယ်ရှိ လီလီသည် နယူးယော့ခ်မြို့တွင် ကျင်းပခဲ့သော Chanel's Métiers d'Arts အနုပညာပြပွဲအပြီးတွင် သူ၏အလှအပနှင့် အနုပညာအရည်အသွေးကြောင့် ပြင်သစ်ဖက်ရှင်လောကမှ အနုပညာရှင်များ၏ စိတ်ဝင်စားမှုကို အချိန်တိုအတွင်း ဖမ်းစားထားနိုင်ခဲ့သည်။

ထို့ပြင် မိဘများ၏ ရုပ်ရှင်အနုပညာဗီဇအရ လီလီသည် သရုပ်ဆောင်တစ်ဦးဖြစ်လာရန် စိတ်အားထက်သန်လျက်ရှိပြီး လတ်တလောတွင် သူ၏ဖခင်ရိုက်ကူးနေသည့် "Yoga Hosers" ရုပ်ရှင်တွင် ပါဝင်သရုပ်ဆောင်နေပြီဖြစ်ကာ အချို့သော ရုပ်သံလိုင်းများတွင်လည်း ပါဝင်တင်ဆက်ပေးနေကြောင်း သိရသည်။

လီလီသည် ဟောလိဝုဒ်တွင် အချိန်တိုအတွင်း ကျော်ကြားလာခဲ့သည့် အနုပညာရှင်ဖြစ်ကာ နာမည်ကြီးမင်းသားဖြစ်သူ ဖခင်နှင့် တစ်ချိန်က အလွန်ကျော်ကြားခဲ့သော မိခင်တို့၏ အောင်မြင်မှုများကလည်း သူ၏ကျော်ကြားမှုကို အရှိန်မြှင့်ပေးခဲ့သော အရာများဖြစ် သည်။



# ဗြိတိသျှဘုရင်မကြီး အယ်လိဇဘတ် နာဇီကို အလေးပြုသည့်ပုံများ သည်ဆန်းသတင်းစာက ထုတ်ဖော်




**လန်ဒန် ဇူလိုင် ၁၉**

စနေနေ့ထုတ် သည်ဆန်းသတင်းစာတွင် ဗြိတိသျှဘုရင်မကြီး အယ်လိဇဘတ် ကလေးဘဝ အသက်ခုနစ်နှစ်အရွယ်က မိသားစုဝင်များနှင့်အတူ နာဇီများကို အလေးပြုသည့်ဓာတ်ပုံများ ပုံနှိပ်ဖော်ပြခဲ့ခြင်းကြောင့် တော်ဝင်မိသားစုဝင်များ စိတ်အနှောင့်အယှက် ဖြစ်ရသည်ဟု တော်ဝင်မိသားစုပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ သည်ဆန်းသတင်းစာသည် ၎င်း၏ သတင်းဝက်ဘ်ဆိုက်တွင်လည်း ဘုရင်မကြီး နာဇီများကို အလေးပြုသည့် ဗီဒီယိုကို လွှင့်တင်ခဲ့သည်။ အဆိုပါ ဗီဒီယို မည်ကဲ့သို့ရရှိခဲ့သည်ကို သတင်းစာက ထုတ်ဖော်ပြောဆိုခြင်းမပြုပေ။

ဖော်ပြခဲ့သည့် ဓာတ်ပုံများတွင် ဘုရင်မကြီး၏ ဦးရီးတော် အက်ဒွက်(၈)ကလည်းသူ့ကို အားပေးအားမြှောက်ပြုနေပုံရှိပြီး ဘုရင်မကြီး၏ မယ်တော်နှင့် ညီမငယ်တို့သည် လက်များမြှောက်ယမ်းကာ နာဇီများကို အလေးပြုသည့်ပုံစံဖြင့် ဆော့ကစားနေကြသည်။

ဘုရင်မကြီး၏ ကိုယ်ရေးကိုယ်တာမှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုဖိုင်များကို ကိုယ်ကျိုးရှာ အသုံးချသွားသည့်အတွက် စိတ်အနှောင့်အယှက်ဖြစ်ရသည်ဟု ဘက်ကင်ဟမ်နန်းတော် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အဆိုပါဓာတ်ပုံများသည် စကော့တလန်ရှိ ဘယ်လ်မိုးလ်ဥယျာဉ်တော်တွင် ၁၉၃၃ ခုနှစ် သို့မဟုတ် အဒေါ့ဖ် ဟစ်တလာအာဏာရသည့် ၁၉၃၄ ခုနှစ်တွင် ရိုက်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရသည်။

အက်ဒွက်(၈)သည် နာဇီများကို စာနာထောက်ထားကြောင်းပြောဆိုခဲ့ဖူးပြီး ဗြိတိန်ထီးနန်းကို စွန့်လွှတ်ပြီးနောက် ၁၉၃၇ ခုနှစ်တွင် ဟစ်တလာနှင့် တွေ့ဆုံရန် ဂျာမနီသို့ သွားရောက်ခဲ့သည်။

ယင်းဓာတ်ပုံများသည် သမိုင်းမှတ်တမ်းအရ အလွန်အရေးပါပြီး နာဇီတို့၏ ရက်စက်ကြမ်းကြုတ်မှုများ လူသိထင်ရှား ဖြစ်မလာမီက ရိုက်ကူးထားခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများ၏ ပြောကြားချက်ကို ကိုးကား၍ သည်ဆန်းသတင်းစာက ဖော်ပြသည်။ **အင်န်အိတ်ချ်ကေ။**

# ဘရာဇီးလ် အဂတိလိုက်စားမှုအရှုပ်တော်ပုံ သမ္မတဟောင်းကို စစ်ဆေးပြီ

**ဆွာပေါ်လို ဇူလိုင် ၁၉**

ဘရာဇီးလ်နိုင်ငံ ဆွာပေါ်လိုမြို့ အခြေစိုက် လူလာအင်စတီကျူ ဖောင်ဒေးရှင်းက သမ္မတဟောင်းသည် မည်သည့်အမှားမျှကျူးလွန်ခြင်းမရှိဟု ငြင်းဆိုကြောင်း၊ ၎င်းကိုအငိုက်ဖမ်း၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်း ဖြစ်ကြောင်း ပြောဆိုသည်ဟု ယနေ့သတင်းများတွင် ဖော်ပြသည်။

ဘရာဇီးလ်သမ္မတဟောင်းလူးဝစ် အင်နာစီယိုလူလာဒါဆေးလ်ဗားသည် ၎င်း၏အရှိန်အဝါကိုသုံး၍ ဝင်ရောက်စွက်ဖက်မှုများပြုလုပ်ခဲ့သည်ဟု စွပ်စွဲချက်များအပေါ် အစိုးရရှေ့နေများက တရားဝင်စုံစမ်းစစ်ဆေးမှုပြုလုပ်နေပြီဖြစ်သည်။ဘရာဇီးလ်နိုင်ငံ၏ထိပ်တန်းဆောက်လုပ်ရေး ကုမ္ပဏီအိုဒါဘရက်ချ်ကို ကူညီရန်အတွက် သမ္မတဟောင်းသည် ၎င်း၏ပြည်ပ အဆက်အသွယ်များကို အသုံးပြုခဲ့ခြင်း ရှိ၊ မရှိအား အဓိကထားစစ်ဆေးခြင်း ဖြစ်သည်။

သမ္မတဟောင်း တည်ထောင်ဖွဲ့စည်းထားသည့် လူလာအင်စတီကျူ ဖောင်ဒေးရှင်းက သမ္မတအနေဖြင့် စိုးရိမ်ကြောင့်ကြဖွယ်ရာအလျှင်းမရှိဟု ပြောဆိုလျက်ရှိသည်။နိုင်ငံတော်ပိုင်ရေနံကုမ္ပဏီ ပီထရိုဘရာ အဂတိလိုက်စားမှု အရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်မှုဖြင့် အိုဒါဘရက်ချ်၏ အမှုဆောင်အရာရှိချုပ် (စီအီးအို)ကို လွန်ခဲ့သည့်လတွင် ဖမ်းဆီးခဲ့သည်။

အစိုးရ ရှေ့နေများရုံးအဖွဲ့ အဆိုအရ မစ္စတာလူလာ ထွက်ခွာပြီး ဒီလ်မာရူးဆက်က သမ္မတအဖြစ်တာဝန်ထမ်းဆောင်ပြီးနောက် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အကြားတွင် သမ္မတဟောင်းက ၎င်း၏ ဩဇာသုံး၍ စွက်ဖက်မှုများ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲထားခြင်းဖြစ်သည်။ လက်တင်အမေရိကနှင့် အာဖရိကတို့တွင် ဒေါ်လာဘီလီယံနှင့်ချီသော စာချုပ်များ ချုပ်ဆိုခွင့်ရရှိရန် အိုဒါဘရက်ချ်ကို ကူညီခဲ့သည်ဟု ဆိုသည်။

သမ္မတဒီလ်မာရူးဆက်၏ မဲဆွယ်စဉ်ကာလ ဘဏ္ဍာရေးအသုံးစရိတ်များသည် ပီထရိုဘရာ၏ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှု အရှုပ်တော်ပုံနှင့် ဆက်စပ်လျက်ရှိသည်ဟု စွပ်စွဲ၍ ၎င်းအား သမ္မတရာထူးမှ ဖယ်ရှားရန် အတိုက်အခံ ပါတီများ၏ တောင်းဆိုမှုမှာ ကြီးမားလာလျက်ရှိသည်။

ပီထရိုဘရာအတွက် အလုပ်လုပ်ပေးကြသော အိုဒါဘရက်ချ် အပါအဝင် ကုမ္ပဏီအုပ်စုကြီးများ၊ ကန်ထရိုက်တာများသည် ကန်ထရိုက်လုပ်ငန်းများအတွက် ကုမ္ပဏီအပေါ် ဒေါ်လာ ဘီလီယံနှင့်ချီ၍ ကုန်ကျစရိတ် ပိုမိုတောင်းခံခဲ့ကြသည်ဟုဗဟိုအစိုးရရှေ့နေများက စွပ်စွဲထားသည်။

အဆိုပါ ပိုမိုတောင်းခံသည့်ငွေများသည် သမ္မတဟောင်းလူလာ၏အလုပ်သမားပါတီမှ နိုင်ငံရေးသမားများနှင့် အမှုဆောင်အရာရှိများ၏ အိတ်ကပ်သို့စီးဝင်သွားခဲ့ကြသည်ဟု ၎င်းတို့က ပြောသည်။

သမ္မတရူးဆက်ကမူ ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ငြင်းဆိုထားသည်။

**ရိုက်တာ။**



# အိုင်အက်စ်စစ်သွေးကြွများနှင့် အဆက်အသွယ်ရှိသူ ၄၃၁ ဦးကို ဆော်ဒီအာရေဗျဖမ်းဆီး

**ရီယတ် ဇူလိုင် ၁၉**

ဆော်ဒီအာရေဗျအာဏာပိုင်များက အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် အဆက်အသွယ်ရှိသည့် လူပေါင်း ၄၃၁ ဦးကို ဖမ်းဆီးလိုက်ပြီဖြစ်သည်။

ယင်းတို့အားဖမ်းဆီးမှုသည် ဆော်ဒီအာရေဗျနိုင်ငံ၏ ရာမာဒန်ဥပုသ်လတွင် အဖျက်အမှောက်လုပ်ရပ်များ လုပ်ဆောင်ရန် ကြံရွယ်ထားသည့် ၎င်းတို့အစီအစဉ်ကို ပိတ်ပင်တားဆီးလိုက်ခြင်းဖြစ်သည်။

မကြာသေးမီအချိန်ကစပြီး နိုင်ငံအဝန်းတွင် စစ်သွေးကြွများနှင့် ဆက်စပ်မှုရှိသူများကိုဖမ်းဆီးခဲ့ရာ ယခုဆိုလျှင် ၄၃၁ ဦးခန့်ရှိပြီဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဆိုသည်။ ဖမ်းမိသူအများစုမှာ ဆော်ဒီအာရေဗျ နိုင်ငံသားများဖြစ်ကြပြီး ကျန်လူများမှာ ယီမင်၊ဆီးရီးယား၊နိုင်ဂျီးရီးယားနှင့် အခြားသော နိုင်ငံများမှ ဖြစ်ကြသည်။

မေလက နိုင်ငံအတွင်းရှိ ဗလီနှစ်ခုဗုံးခွဲတိုက်ခိုက်မှုတွင် ယင်းတို့ပါဝင်ခဲ့သည်ဟု အာဏာပိုင်များက သံသယရှိကြသည်။ ရာမာန်ဒန်ဥပုသ်လတွင် ၎င်းတို့သည် နိုင်ငံအရှေ့ပိုင်းနှင့် ရီယတ်မြို့တော်ရှိ ဗလီများကို ဗုံးခွဲတိုက်ခိုက်ရန် လျှို့ဝှက်ပူးပေါင်းကြံစည်နေကြသည်ဟု ရဲအရာရှိများက ဆိုသည်။

အိုင်အက်စ်စစ်သွေးကြွများက ဆွန်နီလူမျိုးများ ကြီးစိုးသော ဆော်ဒီအာရေဗျနိုင်ငံတွင် ရှီယာမွတ်စလင်များကို နည်းလမ်းမျိုးစုံဖြင့် အကြမ်းဖက်တိုက်ခိုက်နေသည့်အတွက် လုံခြုံရေးများ တပ်လှန့်ထားရသည်။

ဆော်ဒီအာရေဗျအစိုးရက ၎င်းတို့နိုင်ငံအနေဖြင့် အစ္စလာမ့်စစ်သွေးကြွများကို ပြင်းပြင်းထန်ထန်ချေမှုန်းလျက်ရှိသည်ကို ကမ္ဘာသိအောင်ပြသရန် ဆန္ဒပြင်း ပြနေကြောင်း လေ့လာသူများကဆိုသည်။ **အင်န်အိတ်ချ်ကေ။**

# ဘင်္ဂလားဒေ့ရှ်တွင် မတော်တဆဖြစ်ရပ်နှစ်ခုဖြစ်ပွား လူ ၂၀ ကျော် သေဆုံးပြီး ၃၀ ခန့် ထိခိုက်ဒဏ်ရာရ

**ဒါကာ ဇူလိုင် ၁၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း နေရာနှစ်ခုတွင် သီးခြားစီဖြစ်ပွားခဲ့သော မတော်တဆဖြစ်ရပ်များကြောင့် လူ ၂၀ ထက် မနည်းသေဆုံးခဲ့ပြီး အခြားလူ ၃၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းဖြစ်ရပ်များမှာ အစ္စလာမ်ဘာသာဝင်များ၏ အစ်ပွဲတော်ကျရောက်ခဲ့သည့် ယခုရက်သတ္တပတ်အတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့က ဇူလိုင် ၁၉ ရက်တွင် အတည်ပြု ပြောကြားသည်။

မုတ်သုံမိုး သည်းထန်စွာရွာသွန်းမှုကြောင့် ဇူလိုင် ၁၇ ရက် ညပိုင်းတွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သည့် စစ်တကောင်းဒေသနယ်မြေတွင် မြေပြိုမှု ဖြစ်ပွားခဲ့ရသည်။ လူခြောက်ဦးသေဆုံးခဲ့ပြီး ယင်းတို့အထဲမှ သုံးဦးမှာ မိသားစုတစ်စုတည်းမှဖြစ်ကြောင်းနှင့် အခြားသုံးဦးမှာ မိသားစုနှစ်စုမှ ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါ သေဆုံးသူများအတွက် စစ်တကောင်းဒေသဒုတိယအုပ်ချုပ်ရေးမှူးက မိသားစုတစ်စုချင်းစီအား သင်္ဂြိုဟ်စရိတ်အထောက်အပံ့အဖြစ် တာကာငွေ ၁၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၂၉ ဒေါ်လာစီ)ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းဖြစ်ရပ်နှင့် အလားတူ ခရီးသယ်တင် မော်တော်ယာဉ် နှစ်စင်းတိုက်ခိုက်မိမှုတစ်ရပ် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနောက်ပိုင်းရှိ ခီရာဂျီရာနယ် ခရိုင်အတွင်း ဖြစ်ပွားခဲ့ရာ လူ ၁၄ ဦးထက် မနည်းသေဆုံးပြီး လူ ၃၀ ခန့် ထိခိုက်ဒဏ်ရာရမှုတစ်ရပ်လည်း ဖြစ်ပွားခဲ့သည်။

အဆိုပါဘတ်စ်ကားနှစ်စီးအနက်တစ်စီးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမြို့တော် ဒါကာမှမောင်းနှင်လာခြင်းဖြစ်ပြီး အခြားဘတ်စ်ကားမှာ နိုင်ငံအနောက်ပိုင်း ရာဂျရှာဟီမှ မောင်းနှင်လာခြင်းဖြစ်သည်။ အဆိုပါဘတ်စ်ကားနှစ်စီးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အနောက်ပိုင်းဒေသအဆုံးဘန်ဂါဘန်ဒူအမည်ရှိ ယမုံနာမြစ်ကူးတံတားပေါ်တွင် ဇူလိုင် ၁၈ ရက် နံနက် အစောပိုင်း၌ တိုက်မိမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူများအား ဒေသတွင်းရှိ ဆေးရုံများသို့ ဖြန့်၍ ပို့ဆောင်ကာ




ဆေးကုသမှုခံယူစေလျက်ရှိပြီး ယင်းတို့အထဲမှ အချို့မှာ စိုးရိမ်ဖွယ်ရာ အခြေအနေရှိသဖြင့် သေဆုံးမှုဦးရေ တိုးမြင့်ဖွယ်ရှိကြောင်း ရဲအဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ။**

# ရန်ကုန်-ပုသိမ်လမ်းတွင် ကုန်တင်ယာဉ်နှစ်စီး တိုက်မိ

**ကျောင်းကုန်း ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ တလုတ်ကုန်းကျေးရွာအနီး ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ် (၆၉/၁)နှင့် (၆၉/၂)ကြားတွင် ဇူလိုင် ၁၉ရက် နံနက် ၂ နာရီက ကုန်တင်ယာဉ်နှစ်စီး တိုက်မှုဖြစ်ပွားခဲ့ပြီး ယာဉ်မောင်းသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှပုသိမ်သို့ နိုင်လင်းကို (၃၀)နှစ် အိမ်မဲမြို့နေသူ မောင်းနှင်သည့်(၁၀)ဘီး ယာဉ်သည် ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ် (၆၉/၁)နှင့် (၆၉/၂)ကြားတွင် လမ်းဘေးချ၍ရပ်ထားစဉ် နောက်မှ သောင်းအေး (၄၅)နှစ် ကြိမ်ချောင်းရွာ ကန်ကြီးထောင့်မြို့နေသူ မောင်းနှင်သည့် (၁၂)ဘီးယာဉ်က တိုက်မိပြီး (၁၂)ဘီးယာဉ်မောင်း သောင်းအေးတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားသဖြင့် ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# စကားများရာမှ ဓားထိုးမှုဖြစ်

**ရန်ကုန် ဇူလိုင် ၁၉**

ဒု-ရဲအုပ်ဝင်းလွင်ထွန်း နမစ(သောင်ကြီး)နှင့်အဖွဲ့သည် ဓားထိုးမှုသတင်းအရ ဇူလိုင် ၁၆ ရက် ညနေပိုင်းက သွားရောက်စစ်ဆေးရာ လှိုင်သာယာမြို့နယ် ကျုံးစုကျေးရွာ ရွှေရင်အေးဘုရားလမ်းရှိ မအေးလှိုင်၏ နေအိမ်၌ မအေးလှိုင်၏ ညီမ မလဲ့လဲ့စိုး(၃၅)နှစ်၏ ခင်ပွန်း ကျော်သူ(၂၉)နှစ်နှင့် လှိုင်သာယာမြို့နယ် ကံလှကျေးရွာနေ မြင့်အောင်(၄၅)နှစ်တို့ အရက်သောက်ပြီး စကားများရန်ဖြစ်ကြရာမှ အပြန်အလှန်ဓားဖြင့်ထိုးရာ ကျော်သူနှင့် မြင့်အောင်တို့တွင် ရင်ဘတ်ဝဲဘက်ခြမ်း၌ ဓားဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးကြောင်း သိရသည်။

**(၃၁)**

# စားသုံးရန်မသင့်သော စားသောက်ကုန်များ တာချီလိတ်မြို့တွင်ဖျက်ဆီး

**တာချီလိတ် ဇူလိုင် ၁၉**

စားသုံးရန်မသင့်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသောခန့်မှန်းတန်ဖိုးကျပ် ၁၁ ဒသမ ၉၈၃ သန်းတန်ဖိုးရှိ စားသောက်ကုန်များကို တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးအတွင်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။

Mobile Team ဖမ်းဆီးမှု (၁၁)ကြိမ်မှ အများပြည်သူစားသုံးရန်မသင့်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ဘီယာများ၊ FDA ထောက်ခံချက် မပါရှိသော အချိုရည်များ၊ DRC ခွင့်ပြုချက်မပါရှိသော ဆေးဝါးများ၊ လူသုံးကုန်နှင့် စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများကို ဇူလိုင် ၁၇ ရက်က တာချီလိတ်မြို့နယ်၌ ဖျက်ဆီးခဲ့သည်။ ယင်းသို့ ဖျက်ဆီးရာတွင် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၁၁ ဒသမ ၉၈၃ ရှိ စားသုံးရန်မသင့်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော Leo ဘီယာများ၊ Spy Wine၊ Crown ၉၉ အရက်များ၊ Korean Soju အရက်များ၊ Pine နှင့် Wilson စီးကရက်များ၊ စားသောက်ကုန်ပစ္စည်းများ၊ FDA ထောက်ခံချက် မပါရှိသော Lactasoy ပဲနို့နှင့် Winza အားဖြည့်အချိုရည်များ၊ DRC ခွင့်ပြုချက်မပါရှိသော Bashi Quick Slimming Capsule ဆေးဝါးများနှင့် Dextrose အိမ်သုံးဆေးများဖြစ်သည်။

ထို့အပြင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခွင့်ပြုချက်မရရှိသော Sodium Solt ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေး စိုက်ပျိုးရေးသုံးဆေးပစ္စည်းများ ပါဝင်သည်။ ယင်းပစ္စည်းများအား တာချီလိတ်မြို့ အကောက်ခွန်ဦးစီးဌာနမှူး ရုံးအတွင်း မြို့နယ်အကောက်ခွန်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်ညွန့်အောင်နှင့် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင် ဦးဆောင်သော အဖွဲ့စုံဖြင့် စားသုံးရန်နှင့် သုံးစွဲရန်မသင့်သော ပစ္စည်းများကို ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

**မော်ကြီး(တြိဂံနယ်မြေ)**

❖



# ပင်လောင်းမြို့နယ်တွင် ဘိန်းစိမ်း ၃၀၈ ဒသမ ၁ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး သံလွင်စစ်ဆင်ရေးစီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်က မူးယစ်တပ်ဖွဲ့စု (၂၆) ပင်လောင်း၊ မူးယစ်တပ်ဖွဲ့စု (၁၀၃)နေပြည်တော်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့အဝင် ပင်လောင်း-တုန်ဟုန်းသွားကားလမ်း လွယ်ပြားလမ်းဆုံတွင် ပင်လောင်းမြို့မှ တုန်ဟုန်းသို့ မောင်းနှင်သည့် ထော်လာဂျီယာဉ်ကို စစ်ဆေးရန် ရပ်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် ဖမ်းဆီးရာ မိုင်တိုင်အမှတ် (၅၅/၀)၌ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား မတွေ့ရှိဘဲ ယာဉ်ကိုတွေ့ရှိ၍ ရှာဖွေရာ ဘိန်းစိမ်း ၃၀၈ ဒသမ ၁ ကီလို သိမ်းဆည်းရမိပြီး ထော်လာဂျီယာဉ်ဖြင့် ဘိန်းစိမ်းများ သယ်ဆောင်လာသူမှာ ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာအုပ်စု တင်းထက်(မြောက်) ကျေးရွာနေ စိန်ဖေ ဖြစ်ကြောင်းသိရသဖြင့် စိန်ဖေ (၂၇)နှစ် (ဖမ်းမမိသေး)အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



သိမ်းဆည်းရမိ ဘိန်းစိမ်းများနှင့် ထော်လာဂျီယာဉ်အား တွေ့ရစဉ်။

# ဝိုးချဲဖြင့်သွားသူ ယာဉ်တိုက်မိ၍ သေဆုံး

**ရန်ကုန် ဇူလိုင် ၁၉**

တွံတေးမြို့နယ် အိုင်ကြီးကျေးရွာအနီး လှိုင်သာယာ-တွံတေးကားလမ်းဘေးတွင် ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက လူတစ်ဦးသေဆုံးနေကြောင်း သတင်းအရ ဒုရဲအုပ်မျိုးဆင့် (နမစ)ခလောက်ချိုက်နှင့် အဖွဲ့က သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဝဲ/ယာ ဒူးအောက်ခြေနှစ်ဖက်ပြတ်နေသည့် အမျိုးသားတစ်ဦးဖြစ်ပြီး ဇူလိုင် ၁၅ ရက် ည ၁၀ နာရီက လှိုင်သာယာမြို့နယ်မှ တွံတေးမြို့နယ်သို့ ဝိုးချဲဖြင့် တစ်ဦးတည်းပြန်လာစဉ် ယာဉ်တစ်စီးမှ တိုက်၍ မောင်းနှင်ထွက်ပြေးသွားကြောင်း သိရပြီး သေဆုံးသူအား တွံတေးဆေးရုံသို့ ပို့အပ်ကာ နမစ(ခလောက်ချိုက်)က အမှုဖွင့်ပြီး အဆိုပါ ယာဉ်အား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိသည်။

**(ခင်ညို)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
## မန္တလေးမြို့

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်ရန်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းအတွက် တင်ဒါပုံစံများ ဝယ်ယူအဆိုပြု တင်သွင်းနိုင်ရေးဖိတ်ခေါ်အပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စု ကွင်းအမှတ်(၆၁၂-က)၊ ဦးပိုင်အမှတ်(၁၃)၊ ဘုန်းတော်နိုင်ငံကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၃၀)တို့ပေါ်ရှိ မြေဧရိယာ (၁၄. ၆၃)ဧကအား BOT စနစ်ဖြင့် ငှားရမ်းပြီး ကတ္တရာနှင့် ရေနံထွက်ပစ္စည်းများ တင်ချသိုလှောင် ဖြန့်ဖြူးရန် ဆိပ်ခံတံတားနှင့်သိုလှောင်ကန်များ တည်ဆောက်ခြင်းလုပ်ငန်း

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များအား ရင်းနှီးမြှုပ်နှံမည့် သက်ဆိုင်ရာကုမ္ပဏီ၊ အဖွဲ့အစည်းကိုယ်တိုင်(သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူက သာဝယ်ယူခွင့်ရှိသည်။

၃။ တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို တစ်စုံလျှင်-၁၀၀၀၀၀၀ကျပ် (ကျပ်တစ်ဆယ်သိန်းတိတိ)နှုန်းဖြင့် ၂၀-၇-၂၀၁၅ရက်မှ ၁၉-၈-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ရောင်းချသွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၉-၄၄၄၀၃၂၂၃၃၊ ၀၉-၂၀၀၀၂၀၄၊ ၀၉-၂၀၀၀၂၀၅သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**မန္တလေးမြို့**

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

မြေကွက်များဝယ်လိုသည်
ရန်ကုန်မြို့ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ဆိပ်ကမ်း
တောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ
ဝယ်လိုသည်။
-၀၉-၄၄၈၀၂၅၄၂
၀၉-၄၂၀၁၀၇၀၂၁
၀၉-၇၃၂၃၄၆၅၆



ဆောင်းပါး

# လူဦးရေတိုးပွားလာမှုနှင့်မြို့ပြများ၏အခန်းကဏ္ဍ

à အောင်ကျော်သက်(ရွှေတာမြေ)

ကမ္ဘာ့လူဦးရေသည် ၁၉၀၀ ပြည့်နှစ်တွင် သန်း ၁၅၀၀ ခန့်ရှိနေခဲ့ရာမှ ၁၉၆၀ ပြည့်နှစ်တွင် သန်း ၃၀၀၀ သို့လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် သန်း ၆၀၀၀ သို့လည်းကောင်း အသီးသီး တိုးတက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။ တစ်နည်းအားဖြင့် ၁၉၀၀ ပြည့်နှစ်မှစတင်၍ ပထမနှစ်ပေါင်း ၆၀ အတွင်း နှစ်ဆခန့် တိုးတက်ခဲ့ပြီး ဒုတိယနှစ်ပေါင်း ၄၀ အတွင်း နောက်ထပ်နှစ်ဆတိုးတက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ လက်ရှိကမ္ဘာ့လူဦးရေတိုးတက်မှု အခြေအနေကို ကြည့်မည်ဆိုပါက နေ့စဉ် ၂ ဒသမ ၀၄ သိန်းနှုန်းဖြင့် တိုးတက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ၁၉၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၆၈ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ပြီး ၎င်းတို့အနက် ၈ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံ (Least Developed Country, LDC) များမှဖြစ်ပါသည်။ ကမ္ဘာ့လက်ရှိလူဦးရေမှာ သန်း ၇၀၀၀ ကျော်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် သန်း ၈၀၀၀ ကျော်သို့ ရောက်ရှိလာနိုင်ပါသည်။ ထိုအချိန်တွင် ကမ္ဘာ့လူဦးရေ၏ ၈၅ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ပြီး ၎င်းတို့အနက်မှ ၁၅ ရာခိုင်နှုန်းမှာ LDC နိုင်ငံများမှ ဖြစ်လာနိုင်ကြောင်း ခန့်မှန်းထားပါသည်။

ကမ္ဘာ့လူဦးရေအပေါ် မြို့ပေါ်နေလူဦးရေရာခိုင်နှုန်း အချိုးအစား တိုးတက်လာမှုကို ကြည့်မည်ဆိုပါက ၁၉၅၀ ပြည့်နှစ်တွင် ၃၀ ရာခိုင်နှုန်းခန့်သာရှိရာမှ ၁၉၇၀ ခုနှစ်တွင် ၃၆ ရာခိုင်နှုန်း၊ ၁၉၉၀ ပြည့်နှစ်တွင် ၄၄ ရာခိုင်နှုန်း၊ ၂၀၀၀ ပြည့်နှစ်တွင် ၄၇ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၅၄ ရာခိုင်နှုန်းထိ တိုးတက်လာဖွယ်ရှိသည်ဟု ခန့်မှန်းထားပါသည်။ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများသည် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်လာမှုကို အရှိန်အဟုန်ဖြင့် တိုးတက်စေရန် ဆောင်ရွက်ခဲ့သည့်အားလျော်စွာ ၎င်းတို့၏ စီးပွားရေးမှာလည်း အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုကဲ့သို့ ၎င်းတို့၏ စီးပွားရေးမှာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၏ စုစုပေါင်းလူဦးရေအပေါ် မြို့ပေါ်နေလူဦးရေရာခိုင်နှုန်း အချိုးအစားမှာလည်း အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာခဲ့ကြောင်း တွေ့ရှိရပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လူဦးရေမှာ တိုးတက်မြင့်မားလာလျက်ရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လူဦးရေတိုးတက်မှုရာခိုင်နှုန်းမှာလည်း စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများထက် အရှိန်အဟုန်ဖြင့် ပိုမိုတိုးတက် မြင့်မားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စုစုပေါင်းလူဦးရေမှာ ၁၉၅၀ ပြည့်နှစ်တွင် သန်း ၁၇၀၀ ခန့်၊ ၁၉၇၀ ပြည့်နှစ်တွင် သန်း ၂၈၀၀ ခန့်၊ ၁၉၉၀ ပြည့်နှစ်တွင် သန်း ၄၀၀၀ ခန့်နှင့် ၂၀၀၀ ပြည့်နှစ်တွင် သန်း ၄၈၀၀ ခန့်သို့ အသီးသီးတိုးတက်လာခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် သန်းပေါင်း ၅၈၅၀ ခန့်တိုးတက်လာဖွယ်ရှိကြောင်း ခန့်မှန်းထားပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ အနေဖြင့် ထိုကဲ့သို့ စုစုပေါင်းလူဦးရေ အရှိန်အဟုန်ဖြင့် တိုးမြင့်လာခဲ့သော်လည်း မြို့ပေါ်နေလူဦးရေမှာ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများကဲ့သို့ တိုးတက်မှု မြန်ဆန်လာခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ဖြစ်ရသည့် အရေးကြီးသော အကြောင်းရင်းခံတစ်ရပ်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်မှုမှာ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် များစွာနှေးကွေးလျက်ရှိနေသောကြောင့် ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စုစုပေါင်းလူဦးရေအပေါ် မြို့ပေါ်နေရာခိုင်နှုန်းအချိုးအစား တိုးတက်လာပုံကိုကြည့်မည်ဆိုပါက ၁၉၅၀ ပြည့်နှစ်တွင် ၁၇ ဒသမ ၅ ရာခိုင်နှုန်း၊ ၁၉၇၀ ပြည့်နှစ်တွင် ၂၅ ရာခိုင်နှုန်း၊ ၁၉၉၀ ပြည့်နှစ်တွင် ၃၄ ရာခိုင်နှုန်း၊ ၂၀၀၀ ပြည့်နှစ်တွင် ၄၀ ရာခိုင်နှုန်းသို့ လည်းကောင်း တိုးတက်လာခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၄၉ ရာခိုင်နှုန်းထိ တိုးတက်လာမည်ဟု ခန့်မှန်းရပါသည်။



Megacity မြို့ကြီးများ တည်နေရာပြပုံ

ကမ္ဘာ့လူဦးရေ တိုးတက်လာမှုအား အမေရိကန်ပြည်ထောင်စု၊ လူဦးရေစာရင်းအင်းဗျူရို၏ အစီရင်ခံစာအရ အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်ပါသည်-

| ခုနှစ် | ကမ္ဘာ့လူဦးရေ | တိုးတက်မှု (%) | တိုးတက်မှု (ဦးရေ) |
|---|---|---|---|
| 1950 | 2,555,982,611 | 1.47 | 37,768,237 |
| 1960 | 3,039,433,944 | 1.33 | 40,629,803 |
| 1970 | 3,706,601,448 | 2.07 | 77,395,382 |
| 1980 | 4,453,863,820 | 1.69 | 76,035,404 |
| 1990 | 5,277,725,410 | 1.56 | 82,903,255 |
| 2000 | 6,081,002,937 | 1.25 | 76,753,814 |
| 2010 | 6,840,423,256 | 1.10 | 75,755,042 |
| 2020 | 7,570,215,444 | 0.90 | 68,403,637 |
| 2030 | 8,224,502,122 | 0.76 | 62,407,650 |
| 2040 | 8,820,160,010 | 0.62 | 54,564,430 |
| 2050 | 9,309,051,539 | | |

လူဦးရေ တိုးတက်လာမှုနှင့်အတူ မြို့ပြနေလူဦးရေအချိုးအစားမှာလည်း အလွန်လျင်မြန်စွာ တိုးတက်လာခဲ့ပါသည်။ မြို့ပြနေလူဦးရေ တိုးတက်လာသည့်နည်းတူ မြို့ကြီးများ အရေအတွက်မှာလည်း အလွန်လျင်မြန်စွာ တိုးတက်များပြားလာခဲ့ပါသည်။ ကျေးလက်ဒေသမှ မြို့ပြဒေသများသို့ ရွှေ့ပြောင်းနေထိုင်မှုသည် ကမ္ဘာ့သမိုင်းတွင် မယုံကြည်နိုင်လောက်အောင် ထူးကဲစွာ ဖြစ်ပေါ်လာလျက်ရှိပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံသည် မြို့ပြများတွင် အခြေချနေထိုင်ကြတော့မည် ဖြစ်ပါသည်။ ထိုကဲ့သို့ တိုးပွားလာနေသည့် မြို့ပြနေထိုင်သူအများစုမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်ပေါ်နေပြီး တစ်လချင်းစီတွင်ပင် မြို့ပြရွှေ့ပြောင်းနေထိုင်သူ ၅ သန်းကျော်ထိ တိုးတက်များပြားလာခဲ့ပါသည်။ မြို့ပြသည် ကျေးလက်ဒေသထက် လုံခြုံစိတ်ချရမှု၊ ဘေးကင်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့မှု၊ ဆက်သွယ်ရေးစနစ်များ ကောင်းမွန်မှု၊ အသိပညာ၊ ယဉ်ကျေးမှုနှင့်ဗဟုသုတဆိုင်ရာများ ပိုမိုရရှိလွယ်မှု၊ စီးပွားရေး အခွင့်အလမ်းကောင်းများ ပိုမိုရရှိနိုင်မှု စသည့် အကြောင်းအရာများစွာတို့အား တစ်ပြိုင်နက်တည်း ရရှိခံစားနိုင်သောကြောင့် မြို့ပြနေလူဦးရေမှာ အလွန်လျင်မြန်စွာ တိုးတက်လာခဲ့ပြီး မြို့ပြများ၏ အခန်းကဏ္ဍမှာလည်း ပိုမိုအရေးပါလာခဲ့ပါသည်။

ထို့အပြင် အဆင့်အတန်း မြင့်မားလာသည့် လူနေမှုစနစ်နှင့်အတူ တိုးတက်ထွန်းကားလာသည့် နည်းပညာရပ်များကို အသုံးချနေထိုင်နိုင်ရန်နှင့် လူတို့၏လုပ်ငန်းဆောင်တာများ၊ ကုန်စည်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများအား ကမ္ဘာနှင့်အဝှမ်း ချိတ်ဆက်လုပ်ကိုင်နိုင်ရန်တို့မှာ မြို့ပြများပေါ်တွင် နေထိုင်ရန် မလွဲမသွေ လိုအပ်လာပါသည်။ မြို့ပြသည် လူတို့၏ စားဝတ်နေရေးအတွက်သာမကဘဲ စီးပွားရေးလုပ်ငန်းကြီးများ အခြေချရုံးစိုက်နိုင်ရန် အခွင့်အလမ်းများစွာ ရရှိစေနိုင်ပါသည်။ ထို့ကြောင့် အစိုးရ၏အုပ်ချုပ်မှု ဆိုင်ရာဌာနချုပ်များ၊ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများ၏ ကုမ္ပဏီရုံးချုပ်များကဲ့သို့သော အုပ်ချုပ်မှုနှင့်စီးပွားရေးဆိုင်ရာ အသိုက်အမြုံတို့မှာ မြို့ပြများတွင်သာ အများဆုံး တည်ရှိနေခြင်း ဖြစ်ပါသည်။ နိုင်ငံ၏စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ပြ၏ဖွဲ့စည်းတည်ရှိမှုပုံသဏ္ဌာန်တို့မှာ တိုက်ရိုက်ဆက်စပ်လျက်ရှိပါသည်။ အထူးသဖြင့် မြို့ပြများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ၎င်းနိုင်ငံ၏ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးကဲ့သို့သောကဏ္ဍကြီးများအတွက် များစွာအထောက်အကူပြုလျက်ရှိပါသည်။

ယနေ့ကာလတွင် ကမ္ဘာပေါ်၌ လူဦးရေတစ်သန်းနှင့်အထက် နေထိုင်သော မြို့ကြီးပေါင်း ၄၀၀ ကျော်ရှိပြီးဖြစ်သကဲ့သို့ ထိုကဲ့သို့သော မြို့ကြီးများ အရေအတွက်သည်လည်း လျင်မြန်စွာတိုးတက်လာနေပြီ ဖြစ်ပါသည်။ ထို့အတူ ကမ္ဘာ့မြို့ကြီးများ၏ လူဦးရေသည်လည်း အလွန်လျင်မြန်သောနှုန်းဖြင့် တိုးတက်လာခဲ့ပြီး မြို့ပြဧရိယာမှာလည်း တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် မရပ်မနား ကျယ်ပြန့်လာနေသည်ကို တွေ့ရပါသည်။ မြို့နေ လူဦးရေတိုးပွားလာမှုနှင့်အတူ မြို့ပြဧရိယာ လိုအပ်ချက်ကလည်း ပိုမိုမြင့်မားလာပါသည်။ ဥပမာအားဖြင့် ၁၉၄၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၅၀ အတွင်း မက္ကဆီကိုမြို့၏ ဧရိယာမှာ စတုရန်းကီလိုမီတာ ၁၃၀မှ ၁၂၅၀ အထိ ကျယ်ပြန့်လာခဲ့ပါသည်။ မော်စကိုမြို့၏ ဧရိယာမှာလည်း ၃၂၆ မှ ၉၉၄ စတုရန်းကီလိုမီတာအထိ ကျယ်ပြန့် လာပါသည်။

၁၉၅၀ ခုနှစ်တွင် လူဦးရေ ၁၀ သန်းအထက်နေထိုင်သော မြို့ကြီး (Mega City) အနေဖြင့် ကမ္ဘာပေါ်တွင် လူဦးရေ ၁၂ ဒသမ ၃ သန်းနေထိုင်သော New York မြို့နှင့် လူဦးရေ ၁၁ ဒသမ ၃ သန်းနေထိုင်သော Tokyo မြို့နှစ်မြို့တည်းသာ ရှိခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် Mega City ၁၈ မြို့ထိ တိုးတက်ရောက်ရှိလာခဲ့ပါသည်။ ၎င်းကာလများတွင် ကမ္ဘာပေါ်ရှိ မြို့ကြီး ၂၂ မြို့မှာ လူဦးရေ ၅ သန်းနှင့် ၁၀ သန်းကြားတွင်လည်းကောင်း၊ မြို့ကြီး ၄၀၂ မြို့မှာ လူဦးရေ ၁ သန်းနှင့် ၅ သန်းကြားတွင်လည်းကောင်း၊ မြို့ပေါင်း ၄၃၃ မြို့မှာ ၀ ဒသမ ၅ သန်းနှင့် ၁ သန်းကြားတွင်လည်းကောင်း အသီးသီးရှိခဲ့ကြပါသည်။

ယခုလက်ရှိ Mega City မြို့၃၀ အား လူဦးရေအလိုက် အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်ပါသည်-

| No. | Megacity | Country | Continent | Population |
|---|---|---|---|---|
| 1. | Tokyo | Japan | Asia | 34,800,000 |
| 2. | Guangzhou | China | Asia | 31,700,000 |
| 3. | Shanghai | China | Asia | 28,900,000 |
| 4. | Jakarta | Indonesia | Asia | 26,400,000 |
| 5. | Seaul | South Korea | Asia | 25,800,000 |
| 6. | Delhi | India | Asia | 24,000,000 |
| 7. | Mexico City | Mexico | North America | 23,800,000 |
| 8. | Karachi | Pakistan | Asia | 22,700,000 |
| 9. | Manila | Philippines | Asia | 22,200,000 |
| 10. | New York City | United States | North America | 21,600,000 |
| 11. | Sao Paulo | Brazil | South America | 21,600,000 |
| 12. | Mumbai | India | Asia | 21,400,000 |
| 13. | Beijing | China | Asia | 19,300,000 |
| 14. | Los Angeles | United States | North America | 17,200,000 |
| 15. | Osaka | Japan | Asia | 16,800,000 |
| 16. | Dhaka | Bangladesh | Asia | 16,300,000 |
| 17. | Cairo | Egypt | Africa | 16,100,000 |
| 18. | Kolkata | India | Asia | 16,000,000 |
| 19. | London | United Kingdom | Europe | 15,500,000 |
| 20. | Buenos Aires | Argentina | South America | 14,500,000 |
| 21. | Bangkok | Thailand | Asia | 14,500,000 |
| 22. | Istanbul | Turkey | Europe/Asia | 13,800,000 |
| 23. | Lagos | Nigeria | Africa | 13,200,000 |
| 24. | Tehran | Iran | Asia | 13,200,000 |
| 25. | Rio de Janeiro | Brazil | South America | 12,900,000 |
| 26. | Shenzhen | China | Asia | 11,700,000 |
| 27. | Moscow | Russia | Europe | 11,510,000 |
| 28. | Rhine-Ruhr | Germany | Europe | 11,316,429 |
| 29. | Paris | France | Europe | 10,700,000 |
| 30. | Tianjin | China | Asia | 10,600,000 |

# ယဉ်ကျေးမှုအစစ် လူ့အနှစ်

**ခ ကိုရွှေသိမ်းအေး(ငါးသိုင်းချောင်း)**

ယခုလိုမိုးရာသီတွင် လမ်းတချို့ ချိုင့်ခွက်များ၌ ရေအိုင်များဖြစ်ပေါ်လျက်ရှိရာ အပြိုင်အဆိုင်မောင်းနှင်ကြသော ဆိုင်ကယ်များ၊ ကားများကြောင့် လမ်းသွား၊ လမ်းလာများမှာ ယာဉ်အန္တရာယ်အပြင် ရေပြည့်နေသည့် ချိုင့်ခွက်များကိုပါ ရှောင်တိမ်းနေရသည်။ ထိုသို့ မဆင်မခြင်မောင်းနှင်မှုကြောင့် ချိုင့်ခွက်များမှ ရေအညစ်အကြေးများ သွားလာသူတစ်ချို့ကို ထိစင်ခဲ့ဖူးပါသည်။ အများပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရသော်လည်း ယာဉ်မောင်းသူတချို့မှာ အမောင်းမပျက်နောက်သို့ပင် မလှည့် ဆက်လက်မောင်းနှင်လျက်ပင်။ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် တစ်ကိုယ်ကောင်းဆန်သည့် အပြိုင်အဆိုင်အလုအယက် လုပ်တတ်ကြသောအကျင့်ကို ထိန်းသိမ်းဖယ်ရှားရန် လိုပေသည်။

အကြောင်းအကျိုးဆင်ခြင်ဉာဏ်ဖြင့် ယဉ်ကျေးသိမ်မွေ့စွာသွားလာသင့်သည်။ လူလူချင်း ညှာတာထောက်ထားသော ကိုယ်ချင်းစာနာစိတ်ထားရှိရန် အလွန်အရေးကြီးလှပေသည်။

လူစည်ကားရာ ဈေးများတွင်လည်း မဆင်မခြင်သွားလာမှုတချို့ကို မြင်တွေ့ရတတ်ပေသည်။ နံနက်ခင်းလူ စည်ကားချိန်တွင်ဈေးသွားသူတချို့မှာ ဈေးအတွင်းလမ်းပိတ်ကာ အေးဆေးစွာ စကားပြောနေတတ်သည်။ မိုးရာသီထီးဆောင်းသွားလာရသဖြင့် အခြားသွားလာသူများမှာ ပို၍အသွားအလာခက်ရသည်။ ဈေးရောင်းသူတစ်ချို့မှာလည်း ပတ်ဝန်းကျင်ကို ဂရုမပြု မဆင်မခြင် ရောင်းချတတ်ကြသည်။ ဥပမာ-ကွမ်းရွက်ရောင်းသူတချို့မှာ ရေများကို တဖတ်ဖတ်ခါ၍ ကွမ်းရွက်ကိုချိန်စဉ် အခြားသွားလာသူများကို ရေများလွင့်စင် ထိမှန်ရလေသည်။ 'မရှိတာထက် မသိတာခက်' ဟုဆိုရပေမည်။ လူထူထပ်ရာဈေးအတွင်းမှာပင် ဆေးလိပ်သောက်ခြင်း၊ ကွမ်းတံတွေး ထွေးခြင်း၊ စည်းကမ်းမဲ့ အမှိုက်စွန့်ခြင်း၊ အများပြည်သူသွားလာရာလမ်းနယ်မြေကို ကျူးကျော်ရောင်းချခြင်းတို့မှာ ဈေးယဉ်ကျေးမှုကို ထိခိုက်ခြင်းဟု ဆိုရပေမည်။

တစ်ဖန် အများပြည်သူဆိုင်ရာနေရာများတွင် ကားရပ်ထားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အမှိုက်စွန့်ပစ်ခြင်း၊ ကွမ်းတံထွေးများညစ်နွမ်းအောင် ပြုမူခြင်းတို့မှာ မိမိပတ်ဝန်းကျင်ရှိ အခြားသူများကို စိတ်ညစ်နွမ်းစေပါသည်။ လက်ဖက်ရည်ဆိုင်၊ လိုင်းကားပေါ် အစရှိသော အများပြည်သူဆိုင်ရာနေရာများတွင် ဆေးလိပ်သောက်ခြင်းကြောင့် အနီးရှိအခြားသူများအားကျန်းမာရေး ဆိုးကျိုးသက်ရောက်မှု ဖြစ်ပွားနိုင်ပါသည်။ လမ်းသွားရင်း ကွမ်းတံထွေးထွေးခြင်း၊ ကားပေါ်မှကွမ်းတံထွေး ထွေးချခြင်းမျိုးသည် လမ်းပေါ်သွားလာနေသည့်အခြား လမ်းအသုံးပြုသူများကို စိတ်အနှောင့်အယှက်ဖြစ်စေပါသည်။

စာရေးသူ၏ ကျောင်းသားဘဝက အဖြစ်အပျက်လေးကိုသတိရမိပါသည်။ အချိန်ကတော့ ကြာခဲ့ပါပြီ။ ပုသိမ်ကောလိပ်တွင် ကျောင်းတက်နေစဉ် ကျောင်းအုပ်ဆရာကြီးမှာ တက္ကသိုလ်ဘုန်းနိုင်ဖြစ်သည်။ ကျောင်းသားဘဝတွင်တက္ကသိုလ်ဘုန်းနိုင်သည် ကျွန်တော်၏ဆရာဖြစ်သလိုတစ်ဖက်ကလည်း ကျွန်တော်သည်ဆရာ၏စာဖတ်ပရိသတ်တစ်ဦးလည်းဖြစ်နေပါသည်။ ဆရာ၏စာအုပ်များကို တစ်အုပ်မကျန် မြတ်မြတ်နိုးနိုးဖတ်ခဲ့သူဖြစ်ပါသည်။

တစ်နေ့ညနေခင်းတွင် ကျွန်တော်သည် သူငယ်ချင်းများဖြင့် အဆောင်မှထွက်လာကာ တပျော်တပါးတက်ကြွစွာ ကန်သာယာရှုခင်းသာတစ်လျှောက် လမ်းလျှောက်ထွက်လာကြပါသည်။ လမ်းလျှောက်နေစဉ် ကျွန်တော်သည် အမှတ်တမဲ့ ကွမ်းတံထွေးကိုလမ်းပေါ်သို့ ထွီကနဲထွေးလိုက်မိပါသည်။ ကွမ်းတံထွေးများမှာ ကားလမ်းပေါ်ဝယ် အကွက်လိုက်၊ အကွက်လိုက်ပင်၊ ထိုစဉ် ကားဖြူလေးတစ်စီး လျှပ်တစ်ပြက်ကျွိကနဲထိုးရပ်လိုက်ပါသည်။ ကားပေါ်မှ လူတစ်ယောက်ဆင်းလာပါသည်။ ကျွန်တော်တို့အားလုံးကြည့်လိုက်ရာ အံ့သြသင့်စွာ တွေ့လိုက်ရသူမှာ ဆရာတက္ကသိုလ်ဘုန်းနိုင်ဖြစ်နေပါသည်။

"မင်းတို့မိုက်ရိုင်းလှချည်လား။ စည်ကမ်းမဲ့ဒီလိုပဲကွမ်းတံထွေး ထွေးရသလား။ ယဉ်ကျေးမှုမရှိတဲ့ကောင်တွေ" ကျွန်တော်တို့မှာ ကားလမ်းပေါ်သို့ ကွမ်းတံထွေးထွေးခြင်းမှာ အရေးမကြီးဟု ထင်ထားမိရာမှ ဆရာ့အားတောင်းပန်ရန်သတိဝင်လာမိသည်။ "ဟာ ဆရာ ကျွန်တော်တို့ဆရာမှန်းမသိလို့ပါ" ဝိုင်း၍ လက်အုပ်ချီတောင်းပန်နေမိသည်။ ဆရာက ဆက်လက်၍ "ဘာကွ ငါမဟုတ်ရင်ရော တခြားလူဆို မင်းတို့ဒီလိုပြုမူမှာလား"

"ကျွန်တော်တို့ မှားသွားပါတယ်ဆရာ။ နောင်ဒါမျိုးမဖြစ်အောင်ဆင်ခြင်ပါ့မယ်"

'အေး ငါမှ ဆရာမှ မဟုတ်ဘူး။ လူတကာ သွားလာနေတဲ့လမ်း၊ လူလူချင်းအားလုံးကို လေးစားရမယ်။ ပြည်သူ့နီတိ ကျင့်ဝတ်ရှိရမယ်" ဆရာသည်ပြောပြောဆိုဆို ကားပေါ်သို့တက်သွားပြီးကားလေးကို ငြိမ့်ခနဲမောင်းထွက်သွားပါသည်။ ကန်သာယာဂေါက်ကွင်းမှ ဂေါက်ရိုက်ပြီး ပြန်လာခြင်းဖြစ်သည်။ ဒီဖြစ်ရပ်လေးမှာ နှစ်ပေါင်းများစွာကြာခဲ့သော်လည်း ဆရာဖွင့်ပေးလိုက်တဲ့ အသိဉာဏ်အလင်းတန်းဟာ ကျွန်တော့်ဦးနှောက်နဲ့ နှလုံးသားရင်ပြင်မှာ ထာဝစဉ်စွဲထင်လို့ ကျန်ခဲ့ပါပြီ။

ပြည်သူ့နီတိဆိုသည်မှာ ပြည်သူများ လိုက်နာဆောင်ရွက်ရန်ကျင့်ဝတ်ဟု ဖတ်ရှုမှတ်သားမိပါသည်။ တစ်ဦးချင်းမှသည် အသင်းအဖွဲ့များပင် လိုက်နာရမည့် ကျင့်ဝတ်သိက္ခာများ ရှိနေပါသည်။ ဒီမိုကရေစီနိုင်ငံအဖြစ် ပြောင်းလဲခဲ့ပြီဖြစ်သော မိမိတို့နိုင်ငံတွင် စည်းကမ်းလိုက်နာခြင်း၊ မိမိကိုယ်ကိုတာဝန်ယူခြင်း၊ ပြည်သူ့နီတိကျင့်ဝတ်သိက္ခာရှိပြီး ယဉ်ကျေးသိမ်မွေ့စွာ နေထိုင်သင့်ပေသည်။ မိမိလွတ်လပ်ခွင့်သည် သူတစ်ပါးလွတ်လပ်ခွင့်ကို လေးစားရမည်။သူတစ်ပါးကိုစိတ်မညစ်နွမ်းစေသင့်ပေ။

ပညာရှိတို့ ဆိုဆုံးမသော ဂါရဝ ၁၀ မျိုးတွင် တစ်ဦးကိုတစ်ဦးအပြန်အလှန် လေးစားခြင်းဆိုသော 'အညမည' ဂါရဝတရားလည်းပါဝင်ပေသည်။ 'ယဉ်ကျေးခြင်း" နှင့် ပတ်သက်၍ ဆရာကြီးပီမိုးနင်းက "ယဉ်ကျေးခြင်းအစစ်ဆိုသည်မှာအဘယ်နည်း၊ လူ့ရှေ့ကုန်း၍ သွားခြင်း၊ လက်အုပ်ချီခြင်း၊ ဖိနပ်ချွတ်ခြင်း စသည်တို့ကို ယဉ်ကျေးခြင်းဟုမဆို လို၊ လူအချင်းချင်း စိတ်ကိုမချမ်းသာအောင်၊ မခံချိမခံသာအောင် မလုပ်ခြင်း၊ မိမိအတွက်သူတစ်ပါးအား စိတ်အနှောင့်အယှက်မပြုခြင်း၊ ကိုယ်ချင်းစာသော စိတ်ထားရှိခြင်းကို ယဉ်ကျေးခြင်းအစစ်ဟု ခေါ်လေသည်။

သို့ဖြစ်၍ လူတစ်ယောက်၏တန်ဖိုးအနှစ်သာရမှာ ဥစ္စာနေကြွယ်ဝခြင်း၊ ပညာတတ်ခြင်း၊ ရုပ်ရည်ချောမောလှပခြင်းတို့နှင့်မဆိုင်၊ ပြည်သူ့နီတိ ကျင့်ဝတ်သိက္ခာများနှင့်အညီ ပြုမူနေထိုင်မှုသာ "ယဉ်ကျေးခြင်းအစစ် လူ့အနှစ်" ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် တင်ပြအပ်ပါသည်။

> မိမိလွတ်လပ်ခွင့်သည် သူတစ်ပါး လွတ်လပ်ခွင့်ကို လေးစားရမည်။ သူတစ်ပါးကို စိတ်မညစ်နွမ်း . . .

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး စည်ပင်သာယာရေးအဖွဲ့မှ ကာကွယ်ဆေးဖျန်းပက်

**ပေါက် ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်တွင် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ မိုးဦးကျရာသီတွင် အဖြစ်များသော ပိုးလောက်လန်းလေးများ ပေါက်ပွားမှုမှတစ်ဆင့် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများ လျော့ကျစေရန် ရည်ရွယ်၍ ရောဂါကြိုတင်ကာကွယ်ရေး အစီအစဉ်တစ်ရပ်အနေဖြင့် ဇူလိုင် ၁၄ ရက်နှင့် ၁၅ ရက်များတွင် ပေါက်မြို့ပေါ်ရှိ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေး၊ မြို့နယ်ပြည်သူ့ဆေးရုံဝန်း၊ အခြေခံပညာအထက်တန်းကျောင်း၊ မူလတန်းကျောင်းလေးကျောင်းနှင့် နေ့ကလေးထိမ်းကျောင်း၊ ရဲစခန်းတန်းလျား၊ ရပ်ကွက်ဓမ္မာရုံတို့တွင် ခြင်ဆေးပက်ဖျန်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်မှ အနီးကပ်ကြီးကြပ်၍ သက်ဆိုင်ရာ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းနှင့် ကာကွယ်ဆေးပက်ဖျန်းပေးခြင်းမှာ ထိရောက်သည့် ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းဖြစ်သည့်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများဖြင့် ပူပေါင်းကာ ဆက်လက်ပက်ဖျန်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**

## ကြက်ခြံများ မွေးမြူရေးဇုန်သို့ရွှေ့ပေးရန်ဒေသခံများလိုလား

**ကျွန်းလှ ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ပေါ် ရပ်ကွက်အတွင်း မွေးမြူထားကြသောကြက်မွေးမြူသူများအား အနံ့သက်ဆိုးများကြောင့်ကြက်မွေးမြူရေးဇုန်သို့ ပြောင်းရွှေ့မွေးမြူကြရန် ဒေသခံများ မျှော်လင့်နေကြကြောင်း သိရသည်။

"ကျွန်တော်တို့ရပ်ကွက်ထဲမှာ ကြက်မွေးမြူသူတွေ များစွာရှိပါတယ်။မိုးရွာလျှင် အနံ့အသက်ဆိုးများ ပို၍ရရှိပါတယ်။ ကြက်မွေးမြူရေးဇုန်သို့ ပြောင်းရွှေ့မယ်လို့ ကြားထားသော်လည်း ပြောင်းရွှေ့ခြင်းမရှိဘဲ ဆက်လက်မွေးမြူနေကြပါတယ်။ တာဝန်ရှိတို့ကလည်း ကြက်မွေးသူများကို ဈေးငွေနှင့် ကြက်ဇုန်တွင်မြေနေရာစီစဉ်ပေးထားတယ်လို့သိရပါတယ်။ ကြက်မွေးသူတွေ ကြက်ဇုန်သို့ပြောင်းရွှေ့ပါကအနံ့အသက်ဆိုးများ ကင်းဝေးပြီး ရောဂါရရှိမှာလည်း မစိုးရိမ်ရတော့ဘူး" ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

အဆိုပါ ကြက်မွေးသူ ၂၄ ဦးအား ၂၀၁၄ ခုနှစ် အောက်တိုဘာလက မြို့၏ အရှေ့မြောက်ဘက် ၁၂ ဧကကျယ်ဝန်းသော မြေတွင် ကြက်ဇုန်တည်ထောင်ရန် မြေကွက်များကို တာဝန်ရှိသူတို့ ချထားစီစဉ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

**မျိုးဝင်ညို(ကျွန်းလှ)**

## ကျောက်ပန်းတောင်းမြို့နယ်တွင် ကျေးလက်ကုန်ထုတ်မြေသားလမ်းများကို ကျောက်ချောလမ်းအဖြစ်အဆင့်မြှင့်တင်ဆောင်ရွက်



**ကျောက်ပန်းတောင်း ဇူလိုင် ၁၉**

ကျေးလက်လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော ကုန်ထုတ်လမ်းများ အဆင့်မြှင့်တင်ခြင်းကို၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လုပ်ငန်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ကျောက်ပန်းတောင်း-မြင်းခြံ-နတ်ကန်လည်လမ်းနှင့် ဆက်သွယ်သည့်၊ ကျောက်ခွက်ကျေးရွာကုန်ထုတ်လမ်း၊ ကျောက်ပန်းတောင်း-မြင်းခြံလမ်းမကြီးနှင့် ဆက်သွယ်သည့် ကျားနေအိုင့်-ကံကုန်းလမ်းတို့ကို ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်း-မြင်းခြံ-နတ်ကန်လည် လမ်းနှင့်ဆက်သွယ်သည့် ကျောက်ခွက်ကျေးရွာကုန်ထုတ်လမ်းအရှည်မှာ(၂/၀)မိုင်ရှိ၍ လုပ်ငန်းခွင့်ပြုငွေကျပ် (၈၅ဒသမ၅၆) သန်းဖြင့်၊ ၂၀၁၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လုပ်ငန်း ပြီးစီးပါက ဒေသခံပြည်သူများရာသီမရွေး သွားလာနိုင်မည်ဖြစ်သည်။

ယင်းအပြင် ကျောက်ပန်းတောင်း-မြင်းခြံလမ်းမကြီးနှင့်ဆက်သွယ်သော ကျားနေအိုင့်-ကံကုန်းလမ်းမှာ အရှည် (၃/၀)မိုင်ရှိ၍ လုပ်ငန်းခွင့်ပြုငွေကျပ် (၁၂၈ ဒသမ ၁)သန်းဖြင့်၂၀၁၅ ခုနှစ် ဇွန် ၃၀ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်းသိရပြီး၊ အဆိုပါလမ်းလုပ်ငန်းတွင် စက်ယန္တရားအကူအညီဖြင့် ဆောင်ရွက်နေမှုများကို ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီက၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးဒေါ်မြင့်ဝင်းနှင့် အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်း ပြီးစီးပါက အနီးဝန်းကျင်ကျေးရွာလေးရွာမှ ဒေသတွင်းထွက်ကုန်များကို ရာသီမရွေး လွယ်ကူလျင်မြန်စွာထုတ်လုပ်တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## အ-မ-က ကျောင်းများသို့ နယ်လှည့် စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

**ဘုတ်ပြင်း ဇူလိုင် ၁၉**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ဘုတ်ပြင်းကျေးရွာအုပ်စုရှိ အခြေခံပညာမူလတန်းကျောင်းများ၌ ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက မြို့နယ် ပြန်/ဆက်ဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်စာစောင်ပြပွဲနှင့် နယ်လှည့် စာကြည့်တိုက်လုပ်ငန်းများကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ဆောင်ရွက်မှုတွင် ပြန်/ဆက် ဦးစီးဌာန၊ ဦးစီးမှူးက ကျောင်းသား၊ ကျောင်းသူများအား အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်းသိကောင်းစရာများနှင့် စာပေလေ့လာဖတ်ရှုခြင်းအကျိုးကျေးဇူးများအကြောင်း အသိပညာပေးပြောကြားပြီး နံရံကပ်စာစောင် နှင့် ဓာတ်ပုံပြပွဲ၊ စာအုပ်စာပေပြပွဲ အားခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြသည်။ ယင်းနောက် ဝန်ထမ်းများမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရေး လေ့လာဖတ်ရှုနိုင်ရန် ရန်ရည်ရွယ်၍ စာအုပ်စာစောင် ၅၀ အုပ်အား ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**

## ကလေးငယ်များအား ကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းများကွင်းဆင်းပြုလုပ်

**ကရသူရိ ဇူလိုင် ၁၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကရသူရိမြို့နယ်ခွဲ အမှတ်(၁) ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ်ခွဲ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ NGO အဖွဲ့များနှင့် အရန်သားဖွားဆရာမများမှ ရပ်ကွက်အတွင်းရှိ ကလေးသူငယ်များအား ကာကွယ်ဆေးတိုက်ကျွေးခြင်းအစီအစဉ်တစ်ရပ်အား ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါ ကာကွယ်ဆေးတိုက်ကျွေးမှုတွင် အသက်(၂)နှစ်မှ(၅)နှစ်အရွယ် ကလေးငယ်များအား သံချဆေး တိုက်ကျွေးခဲ့ကြပြီး အသက်(၆)လ မှ (၅) နှစ်အထိ ကလေးငယ်များအားလုံးကို ဗီတာမင်အေဆေးများတိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

ယင်းသို့ကာကွယ်ဆေးများတိုက်ကျွေးခြင်းသည် ရပ်ကွက်အတွင်းရှိ ကလေးငယ် ၂၀၀ ကျော်ခန့်အား ရောဂါဘယများ ကြိုတင်ကာကွယ်သည့်အနေဖြင့် တိုက်ကျွေးခြင်းဖြစ်ရာ အဆိုပါဆေးတိုက်ကျွေးခြင်းများကို ရပ်ကွက်၊ကျေးရွာများတွင် လစဉ်ပုံမှန် ကွင်းဆင်းဆောင်ရွက်၍ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကရသူရိ(ပြန်/ဆက်)**

လူမှုစီးပွား

# ရေစကြို ထန်းသီးမုန့်လုပ်ငန်း မိသားစုစီးပွားရေးအဆင်ပြေ

**မန္တလေး ဇူလိုင် ၁၉**

မြန်မာ့ရိုးရာ စားစရာများတွင် ဒေသအလိုက် နာမည်နှင့်လိုက်အောင် အရသာကောင်းမွန်ကာ မြန်မာပြည်သူများသာမက နိုင်ငံခြားခရီးသွားများပင် ဂရုပြုစားသောက်လာသည့် စားစရာများ ရှိနေပါသည်။ ထိုထိုသော စားသောက်စရာများတွင် ရေစကြိုဒေသမှထွက်ရှိသော ထန်းသီးမုန့်သည်လည်း တစ်ခုအပါအဝင်ဟု ဆိုရမည်။

ရေစကြိုထန်းသီးမုန့်သည် နာမည်ရ စားစရာတစ်ခုဖြစ်သည်နှင့်အညီ အလွန်တွင်ကျယ်စွာ ဖြန့်ဖြူးနေရကြောင်း၊ စားသုံးသူများ အကြိုက်တွေ့နေဆဲဖြစ်ကြောင်း မန္တလေးမြို့တွင်း ဈေးကွက်သို့ နေ့စဉ်ဖြန့်ဖြူးလျက်ရှိကြောင်း ချမ်းမြသာစည်မြို့နယ် ကံသာယာရပ်ကွက်မှ ရေစကြိုပင်ရင်းနည်းစနစ်ဖြင့် ထုတ်လုပ်သည့် 'ဟိန်းစံ' ထန်းသီးမုန့်လုပ်ငန်းလုပ်ကိုင်နေသူက ပြောပြသည်။

"ကျွန်တော်တို့ ရေစကြိုထန်းသီးမုန့်က မုန့်ကို ဖွေးစေတဲ့ ချွတ်ဆေး၊ အချိုကဲစေတဲ့ ကြံချို၊ ဆေးသကြား လုံးဝမသုံးပါဘူး။ သဘာဝစစ်စစ် ထန်းလျက်ကို အချိုးညီညီ အသုံးပြုထားတာပါ။ မုန့်အရောင်ကတော့ ထန်းလျက်အရောင်ပေါ်မှာ မူတည်ပြီးတော့ ပြောင်းတတ်တယ်။ ထန်းလျက်နှင့်ဆန်ကိုသာ အဓိကထားပြီး ရိုးရာသဘာဝမုန့်ဖောက်နည်းစနစ်ကိုအသုံးပြုတဲ့အတွက် မြန်မာလူမျိုးတွေရဲ့ ခံတွင်းမှာ စွဲငြိစေတာ ဖြစ်ပါတယ်" ဟု ပြောပြသည်။

ဈေးကွက်အတွင်း တစ်တင်းခန့် နေ့စဉ်ဖြန့်ဖြူးရောင်းချလျက်ရှိပြီး မိသားစု တစ်ပိုင်တစ်နိုင် လုပ်ငန်းတစ်ခုအဖြစ် လုပ်ဆောင်လျက်ရှိသည်။ စီးပွားရေးအခြေအနေအရလည်း တစ်အိမ်လုံး၏ စီးပွားရေးအတွက် အဆင်ပြေကြောင်း၊ လုပ်သက် ၁၅ နှစ်အတွင်းမှာပင် သားသမီးများ၏ ပညာရေးလုပ်ငန်းများအတွက်လည်း ယခုလုပ်ငန်းနှင့်ပင် ဆောင်ရွက်ခဲ့ကြောင်း၊ ဇာတိဖြစ်သည့် ရေစကြိုမြို့၏ အရှေ့ဘက် ဆင်ခြေရာရွာမှ ပြောင်းကာ မန္တလေးမြို့တွင် ရေစကြိုထန်းသီးမုန့် ဈေးကွက်တစ်နေရာရရှိရေးအတွက် ရေစကြိုမှ မုန့်ဆရာများကို ခေါ်ယူကာ ပညာသင်ကြား၍ ယခုလုပ်ကိုင်နေခြင်းဖြစ်ကြောင်း သိရသည်။

**ဖြိုးဝေ(ဆင်တဲ၀)**



## ရေနံချောင်းမြို့နယ်တွင် မြစ်ကမ်းပါးပြို၍ ဘေးလွတ်ရာသို့ရွှေ့ပြောင်း

**ရေနံချောင်း ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မန်မြေအုပ်စု မိန်းမလှကျွန်းကျေးရွာတွင် ဧရာဝတီမြစ်ရေတိုက်စားပြီး ကမ်းပါးပြိုမှုကြောင့် လူနေအိမ်များ ရွှေ့ပြောင်းနေရကြောင်း သိရသည်။

မန်မြေကျေးရွာအုပ်စု မိန်းမလှကျွန်းကျေးရွာတွင် ယခုလ ၅ ရက်မှ ၁၅ ရက်အတွင်းမြစ်ရေတိုက်စားပြီး ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ် ၅၇ လုံးကို ရေဘေးလွတ်ရာသို့ပြောင်းရွှေ့ခဲ့ပြီးဖြစ်သည်။

အဆိုပါ မိန်းမလှကျွန်းကျေးရွာသည် မြေနုကျွန်းပေါ်တွင်တည်ရှိပြီး သုံးနှစ်တစ်ကြိမ်ခန့် ကမ်းပါးပြိုခြင်းကို တွေ့ကြုံနေရကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။

မိန်းမလှကျွန်းကျေးရွာတွင် အိမ်ခြေ ၁၅၁ လုံးရှိပြီး ကမ်းပါးပြို၍ပြောင်းရွှေ့ရသော အိမ်ထောင်စု ၅၇ စုကို ရွာ၏အရှေ့ဘက်မြေကွက်လပ်နေရာတွင် ယာယီနေရာချထားပြီး အဆိုပါ အိမ်ထောင်စုများအတွက် ရေနံချောင်းမြို့နယ် ထနောင်းကုန်းကျေးရွာအနီးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြေကွက်သစ်များ ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်းလည်း သိရသည်။

**မွန်မွန်**

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး၊ သေဆုံးမှုကျဆင်းရေး ညှိနှိုင်းဆွေးနွေး

**ငဖဲ ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး၊ ဖြစ်ပွားသေဆုံးမှုကျဆင်းရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက်နံနက် ၉ နာရီက ငဖဲမြို့ပြည်သူ့ဆေးရုံဝင်း အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်အောင်က သွေးလွန်တုပ်ကွေးရောဂါ ထူးကဲစွာဖြစ်ပွားမှုအခြေအနေကို ကာကွယ်ထိန်းချုပ်ရန်အတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို Power Point ဖြင့် ရှင်းလင်းကာ မြို့ပေါ်နှင့် ကျေးရွာများတွင် သွေးလွန်တုပ်ကွေးရောဂါနှိမ်နင်းရေးကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဌာနဆိုင်ရာများနှင့် NGO/INGO အဖွဲ့များက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယပညာရေးမှူးဦးကျော်စိန်က အခြေခံပညာကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် Save the Children မှ စီမံချက်အရာရှိ ဒေါ်အိအိခင်က ကျန်းမာရေးဌာနနှင့် လက်တွဲပူးပေါင်းဆောင်ရွက်မှု၊ ထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မိခင်သေနှုန်းကျဆင်းရေးနှင့် ငါးနှစ်အောက်ကလေး သေဆုံးမှုကျဆင်းရေးကို ကျန်းမာရေးဝန်ထမ်းများနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ဒဟတ္တန်းစံပြကျေးရွာတွင် ၃၁၅ ကေဗွီအေ ထရန်စဖော်မာနှစ်လုံး တပ်ဆင်ပြီးစီး

**မိတ္ထီလာ ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး ကွက်ငယ်ကျေးရွာအုပ်စု ဒဟတ္တန်းစံပြကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲကို ဇူလိုင်လ ၁၈ ရက်နံနက် ၉ နာရီက ကျင်းပရာ ကျေးရွာအတွင်း ၃၁၅ ကေဗွီအေ ထရန်စဖော်မာနှစ်လုံးဖြင့် လျှပ်စစ်မီးလင်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒဟတ္တန်းစံပြကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲတွင် ကျေးရွာအလယ်ရှိ ၃၁၅ ကေဗွီအေ ထရန်စဖော်မာအား မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၊ မဲဆန္ဒနယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောဌေးနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဇော်နိုင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လျှပ်စစ်မီးဖွင့်ပွဲတွင် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးဦးမျိုးမင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လင်းတို့က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောဌေးက ကျေးရွာလျှပ်စစ် မီးလင်းနိုင်ခြင်းအတွက် ဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ကျေးရွာလျှပ်စစ်မီးလင်းနိုင်ရေးအတွက်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံ အခက်အခဲများကို မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းက ရှင်းလင်းပြောကြားပြီး လျှပ်စစ်မီးလင်းရေးအောင်ပွဲ အထိမ်းအမှတ်အလံများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာတို့ထံသို့ မီးလင်းရေးကော်မတီဝင်များက ပေးအပ်ခဲ့သည်။

ဒဟတ္တန်းစံပြကျေးရွာတွင် အိမ်ထောင်စု ၄၇၀ ခန့်နှင့် လူဦးရေ ၂၃၀၀ ကျော်နေထိုင်ပြီး ကျေးရွာလျှပ်စစ်မီးလင်းနိုင်ရေးအတွက် ရွာအဝင်လမ်းဆုံတွင် ၃၁၅ ကေဗွီအေထရန်စဖော်မာ တစ်လုံး၊ ရွာအလယ်လမ်းဆုံတွင် ၃၁၅ ကေဗွီအေထရန်စဖော်မာတစ်လုံးတပ်ဆင်ပြီး ကျေးရွာအတွင်းလမ်းများ မီးလင်းရေးကိုလည်း သံကူကွန်ကရစ်တိုင် ၁၂၀ စိုက်ထူ၍ ဆောင်ရွက်ထားသည်။

ကျေးရွာလျှပ်စစ်မီးလင်းနိုင်ရေးတွက် စုစုပေါင်းကျပ်သိန်း ၁၄၀၀ခန့်ကုန်ကျခဲ့ပြီး လက်ရှိတွင် အိမ်ထောင်စု ၂၈၀ လျှပ်စစ်မီးလင်းထားပြီးဖြစ်ကာ ကျန်ရှိသည့်အိမ်ထောင်စုများ လျှပ်စစ်မီးလင်းနိုင်ရေးကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## တိုက်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်းဆင်းပွဲကျင်းပ

**တိုက်ကြီး ဇူလိုင် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အစီအစဉ်ဖြင့် ဖွင့်လှစ်လျက်ရှိသည့် ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင် တန်းအမှတ်စဉ် (၁၅/၂၀၁၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် ဇူလိုင် ၁၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီးမြင့်လွင်၊ တိုက်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး ဌေးဝင်း၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းမြင့်၊ တိုက်ကြီးမြို့မရဲစခန်းမှူး ဒုရဲမှူးကျော်ကျော်ခိုင်၊ ဥက္ကံနယ်မြေရဲစခန်းမှူး ရဲအုပ်စိုးဝင်း၊ အဖျောက်နယ်မြေရဲစခန်းမှူး ရဲအုပ်သန်းဦး၊ ဖိုးခေါင်နယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်ဆန်းလင်း၊ ကတိုင်စိန်ရဲကင်းစခန်းမှူး၊ ရဲအုပ်မျိုးဇော်ဦး၊ မှုခင်းမှတ်တမ်းတာဝန်ခံရဲအုပ်ကျော်သူ၊ သင်တန်းနည်းပြဆရာများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ သင်တန်းသားအရာရှိနှင့် အခြားအဆင့် ၁၆ ဦး၊ စုစုပေါင်းအင်အား ၃၅ ဦးခန့် တက်ရောက်ခဲ့ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးမှ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ရဲနိုင်(တိုက်ကြီး)**

## မြင်းမူမြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများ အသိပညာပေးဟောပြောမှုများဆောင်ရွက်

**မြင်းမူ ဇူလိုင် ၁၉**

စစ်ကိုင်းခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများသည် ဇူလိုင် ၁၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ထီးဆောင်းစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲတွင် စစ်ကိုင်းခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို လည်းကောင်း ဒေါ်ကေသီအောင်က မုန့်မျိုးစုံ စားသုံးခြင်းနှင့် မိမိတို့စားသုံးနေသည့် မုန့်မျိုးစုံတွင် ပါဝင်သော ဓာတုပစ္စည်းများကြောင့် စားသုံးသူများတွင် အန္တရာယ်ဖြစ်ပွားနိုင်မှုများအကြောင်းကိုလည်းကောင်း၊ စစ်ကိုင်းခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးခင်မောင်ဝင်းက ဆီစားသုံးမှုနှင့် ဟင်းချိုမှုန့် စားသုံးမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများအကြောင်းကို လည်းကောင်း၊ မြင်းမူမြို့နယ်တာဝန်ခံ ဒေါ်သင်းယုနွယ်က ဆေးလိပ်၊ အရက်၊ ဘီယာနှင့် ကွမ်းများစားသုံးမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေး ပြဿနာများအကြောင်းကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

ပြည်သူများအစားအသောက်စားသုံးရာတွင် အာဟာရဖြစ်စေရန်နှင့် အန္တရာယ်ကင်းသော အစားအသောက်များကို ရွေးချယ်စားသုံးတတ်စေရန် ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ယင်းနေ့ နေ့လည်ပိုင်းတွင် မြင်းမူမြို့နယ် ပျော့ရွာ ကျေးရွာတွင် ပြုလုပ်ပြီး စစ်ကိုင်းခရိုင်ကုန်သွယ်မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

**အောင်စိုးဖေ**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## စကုမြို့အမှတ်(၂)ရပ်ကွက်တွင် ရေကျော်မြောင်းကွန်ကရစ်တံတားတည်ဆောက်

**မင်းဘူး ဇူလိုင် ၁၉**

မင်းဘူး(စကု)မြို့နယ် စကုမြို့ အမှတ်(၂)ရက်ကွက်ရှိ ဇေယျာသီရိလမ်းတွင် ရေကျော်တံတား အကျယ်ပေ ၂၀၊ အရှည် ၈ ပေ ၃ လက်မခန့်ရှိ ရေကျော်မြောင်း ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စကုမြို့အမှတ်(၂)ရပ်ကွက် ဇေယျာသီရိလမ်းပိုင်းတွင် ယခင်မိုးရာသီတွင် စကုမြို့တောင်ဘက်ရှိ သားမွေးချောင်းရေလျှံမှု၊ လယ်ကွယ်များမှ ပိုလျှံရေများ၊ မြို့တွင်း ဆေးရုံဘက်မှ စီးဆင်းလာသောရေများသည် ထိုလမ်းပိုင်းမှတစ်ဆင့် ရပ်ကွက်အတွင်းသို့ ရေများ ဝင်ရောက်ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။

ယင်းသို့ ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုမရှိစေရန် မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေကျပ် ၃၆ သိန်းဖြင့် ကွန်ကရစ်ရေကျော်မြောင်းတံတားအား ယခုနှစ် ဇွန် ၃၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါ ကွန်ကရစ်ရေကျော် မြောင်းတံတားအား ယခုနှစ် ဇူလိုင်လအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မင်းဘူးမြို့နယ်စည်ပင်သာသာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

"ဒီနေရာမှာ အရင်နှစ်မိုးရာသီကဆို ကျွန်တော်တို့အိမ်တွေထဲအထိ ရေဝင်ခဲ့သဖြင့် သွားလာရအဆင်မပြေဖြစ်ခဲ့တယ်။ အခု ရေကျော်မြောင်းတံတား တည်ဆောက်ပေးတာကြောင့် ရေတွေ ရေကျော်မြောင်းမှတစ်ဆင့် မန်းချောင်းအတွင်းသို့စီးဆင်းဖို့ လွယ်ကူသွားတော့ ကျွန်တော်တို့ရပ်ကွက်မှာ မိုးရာသီ ရေလျှံတာတွေ မကြုံတွေ့နိုင်တော့ဘူး" ဟု အမှတ်(၂)ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

**ကျော်ဇေယျ**

**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

**တက္ကသိုလ်ဘုန်းနိုင်**

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြား ဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင် မည်ဟုယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

"ဒါထက် ကိုယ့်ညီ၊ စောစောက ကိုယ့်ညီပြောတဲ့အထဲမှာ ပညာတတ်လူငယ်တွေဟာ ရှို့ပေမယ့် လယ်တောထဲ ဘယ်တော့ ဆင်းမလဲ မသိဘူးလို့ ပါတယ်၊ စကားစပ်လို့ ပြောရဦးမယ်၊ လူငယ်တွေ မပြောနဲ့၊ ဆရာတွေလည်း ဒီအတိုင်းပဲ၊ ရန်ကုန်က ဘွဲ့ရတဲ့လူတွေဟာ မန္တလေး တက္ကသိုလ်ကိုတော့ ပူတယ်ဆို မလာချင်ကြဘူး၊ တက္ကသိုလ်ဆိုတာဟာ ရှို့နဲ့အဝေးကြီးရှိပါသေးတယ်၊ အဲ. . . မန္တလေးတောင် မလာချင်တော့ မကွေးဆို ပိုဝေးတာပေါ့၊ အမှန်တော့ မကွေးက ထင်သလောက် မပူပါဘူး၊ ပြီးတော့ ဟောဒီ မကွေးရာသီနဲ့အလိုက် အရိပ်ပြန်မြန်ရအောင် ကိုကြီးစိုက်ထားတဲ့ အပင်လေးတွေ ကြည့်စမ်း"

ဦးဘရီက ကိုသက်ခိုင်အား ပြတင်းဆီ ဆွဲခေါ်၍ အပြင်ဘက်လရောင်ပြာပြာဝယ် စိမ်းရင့်အုပ်မှိုင်းသော အပင်ငယ်လေးများကို ပြသည်။

"ဘာပင်တွေလဲ ကိုကြီး"

"အရပ်အခေါ်တော့ မသိဘူး၊ စိုက်ပျိုးရေးဌာနက လူတွေနဲ့ တိုင်ပင်ပြီး ဒီမြေ. . . ဒီရေ. . . ဒီရာသီအလိုက် မြန်မြန်ကြီးပြီး မြန်မြန်အရိပ်ရမယ့် သစ်ပင်မျိုး တောင်းယူတာ၊ သူတို့ကတော့ ကန္တာရပင်လို့ခေါ်တာပဲ၊ နှစ်နှစ်သားလောက်နဲ့တင် အရိပ်ကောင်းကောင်းပေးနိုင်တဲ့ အပင်မျိုးပဲ"

ကိုသက်ခိုင်က သစ်ပင်ကလေးများကို ငေးကြည့်နေမိသည်။

ရေ မြေ ရာသီအလိုက် ကောလိပ်ဝင်းအတွင်း ကျောင်းအုပ်ကြီးက ရွေးချယ်စိုက်ထားသည်ဆိုသော အပင် ငယ်များက ကိုသက်ခိုင်၏အတွေးကို ကျယ်စေသည်။

"ကိုယ့်ညီ ဘာတွေးနေတာလဲ"

"ဩော်. . . ကိုကြီးစကားကို ဒီနေ့ ပညာရေးစနစ်နဲ့ စပ်ဟပ်ပြီး တွေးမိလို့ပါ၊ ဒါထက် ဘယ်နှနာရီထိုးပြီ လဲ မသိဘူး"

ဦးမြသန်းက ချဉ်းကပ်လာရင်း ဖြေသည်။

"တစ်ချက် ထိုးတော့မယ်၊ ကျွန်တော့်ကို ခွင့်ပြုကြပါ၊ နည်းနည်းအိပ်ချင်လာပြီ၊ မနက်ကို မြို့ထဲ ဆရာဦးသက်ခိုင်ကို လိုက်ပြမလို့လည်း ကြံထားတယ်၊ ဒါထက် ဆရာဦးသက်ခိုင်. . ."

"ဆိုပါဦး. . . ဦးမြသန်း"

"ဆရာ. . . အခုအိပ်မယ့်အခန်းမှာ ကျောင်းသားတစ်ယောက် လာအပ်ထားတဲ့ တယောတစ်လက်ရှိတယ်၊ ဆရာမအိပ်ချင်သေးလို့ တယောထိုးချင်လည်း ထိုးပေါ့၊ ခွတ်သိမို့ ပြောရတာပါ ဆရာ၊ ဒါပါပဲ"

ဦးမြသန်းက နှုတ်ဆက်၍ ထွက်သွားသောအခါ ဦးဘရီကလည်း ထိတ်လန့်စွာ ဆိုသည်။

"ဟိုက်. . . တစ်ချက်တောင် ထိုးသွားပြီ၊ မဖြစ်ဘူး၊ အိပ်ကြမှပဲ၊ ကိုကြီးက မနက်စောစောထပြီး စာမေးပွဲခန်းတွေအတွက် ပြင်ဆင်စရာတွေ ရှိသေးတယ်"

ဦးဘရီနှင့် ကိုသက်ခိုင်သည် ပြတင်းမှခွာ၍ အပေါ်ထပ်သို့ အတူ တက်လာခဲ့ကြ၏။

မကွေး ဥပစာကောလိပ်ကျောင်းအုပ်ကြီး၏ နှစ်ထပ်တိုက်သည် ကျယ်ဝန်းခံ့ညားသည်။ လူပျိုကိုယ်ဖြစ်သော ဦးမြသန်းက ကျောင်းအုပ်ကြီး၏ အိမ်တွင်ပင် အောက်ထပ် အခန်းတစ်ခု၌ နေသည်။ ကိုသက်ခိုင်အတွက် အိမ်၏ အပေါ်ထပ်လက်ဝဲဘက်ရှိ အခန်းကို ပြင်ဆင်ပေးထား၏။

ကိုသက်ခိုင်အား သူ့အတွက် အခန်းဆီလိုက်ပို့ပေးရင်း ဦးဘရီက ဆို၏။

"ခုနင်က ဦးမြသန်း ပြောသလိုပဲ မအိပ်ချင်သေးလို့ တယောတီးရင် တီးပေါ့၊ ကျောင်းသားတုန်းက ကိုယ့်ညီတို့. . . မောင်ရှိန်တို့. . . အေးဝင်းတို့ဟာ လာသာရင် အိပ်တတ်ကြတဲ့ လူတွေမှ မဟုတ်တာ ကိုကြီး သိသားပဲ၊ လွတ်လွတ်လပ်လပ်ပေါ့၊ မိန်းကလေး ကျောင်းဆောင်က ကျောင်းသူတွေလည်းအားလုံး ဆရာ ဆရာမတွေနဲ့ မန်းစက်တော်သွားနေကြလေရဲ့၊ ယောကျ်ားလေး ကျောင်းဆောင်နဲ့လည်း ဝေးပါတယ်"

တစ်ဦးတည်း ကျန်ရစ်သောအခါ ကိုသက်ခိုင်သည် ပထမသော် အိပ်စက်မည် စိတ်ကူးသည်။

တစ်နှစ်တာလုံး သင်ရိုးသင်တန်းများကြောင့် ပန်းခဲ့ရသည်။ ဤသို့ထွက်မလာမီကလေးတင်အထိ တာဝန်ကြီးလှသော မေးခွန်းထုတ်ရသည့် အလုပ်က နှိပ်စက်ခဲ့သည်။ ဤမှ ပြန်လျှင်လည်း ရှည်လျား၍ ငြီးငွေ့ဖွယ်ကောင်းလှသော စာမေးပွဲခန်း ကြီးကြပ်စောင့်ရှောက်ရသည့် ဝတ္တရားများက စောင့်နေပေမည်။ နွေရာသီ ကျောင်းပိတ်ရက်ဆိုက်သည့်တိုင်စေ အဖြေလွှာ စစ်ဆေးခြင်းလုပ်ငန်း၊ အောင်စာရင်းအတွက် စာမေးပွဲဘုတ်အဖွဲ့အစည်းအဝေးများ၊ ဂုဏ်ထူးနှင့် ဝိဇ္ဇာဘွဲ့ယူသူများအတွက် စာတမ်းများ စစ်ဆေးရေး၊ ထို့နောက် အဓိပ္ပာယ်မရှိလှသော ဇွန်လနောက်ဆက်တွဲ စာမေးပွဲများအတွက် ပြင်ဆင်မှု . . . စသည် စသည်တို့နှင့် အားရဖွယ် မမြင်။

ယခု ဤအခိုက်အတန့်တွင်မူ စိတ်မှာ လွတ်လပ်၍ ပေ့ါပါးနေသည်။ စိတ်လွတ်လပ်ပေ့ါပါးနေချိန်တွင် မျက်လုံးများက မမှိတ်ချင်။

မကွေး၏ နွေဦးည ငွေရောင်အလှကလည်း စွန့်ပစ်ငြင်းပယ်ရက်ဖွယ်မရှိ။

ကိုသက်ခိုင်က မျက်လုံးများကို ပိတ်လိုက်သည်။ နှလုံး၏တိုးတိတ်တိတ်ခုန်သံကို တေးအဖြစ် ဖွင့်လှစ်သီကျူးမိသည်။ ဥပါဒါန်၏ တေးတစ်ပုဒ်မျှသာတည်း။

**နီလာ. . . မိုး. . . မိုး. . . တစ်ခွင်၊ ဖြန့်ဝန်း. . . နှံ့. . .**
**စင်၊ ငွေမင်ရည်မြ ဆွေရှင်သီတ စန်းလပုဏ္ဏမီ . . .**
**မှုန်ရီပြာလဲ့ . . . သိုင်းဖွဲ့ဖွဲ့ဝေဝေစည် . . . နဝင်းလဲ့ . . .**
**သခ်ီညီ . . .**

ကျယ်ဝန်းပြန့်ပြော၍ အိပ်မောကျနေသော နွေညတစ်ခွင်ဝယ်တယောသံသည် လှိုင်းရိပ်ဆင်လျက် ငွေ့ငွေ့ပျံ့လွင်နေ၏။ အဆိုသမားကို ကိုယ်ချင်းစာလေသလော . . . ယှဉ်ပြိုင်လေသလော . . . မသိ။ ကုက္ကိုပင်ထက်မှ ဥဩငှက်သည်လည်း သူလွမ်းသမျှ သူစွမ်းသမျှ ရင့်ကျူးနေသည်တည်း။

**ပင်ထက်ဟိုဆီ . . . ဘယ်အရေးကို ဆိုသည်၊**
**နွေတေးရှင် ငှက်မောင်**
**တစ်ကိုယ်ရည် . . . လွမ်းတေးကို သူပင် သီရော့မည်၊**
**ရော်ရည်မှန်းဆသည်၊ အိပ်မက်ဆန်တဲ့ . . .**
**နွေညပန်းချီ . . . နွေညပန်းချီ**

မြောက်လေက အနိုင်ယူ တိုးဝှေ့ဝင်လာသည်။ ရွက်ဝါတို့ကား မကြွေ။ နှင်းမြူတို့သာ ဝန်းခြုံမှုန်ဝိုင်းလာ၏။

ပြောင်းလဲခြင်း သဘာဝနှင့် တည်မြဲလိုသော ဆန္ဒတို့၏ ရုန်းကန်ခြင်း သရုပ်သာ မည်အံ့ထင်သည်။ ဘဝ၏ လှည့်စားချက်ဟုလည်း ဆိုနိုင်လေမည်လော မပြောတတ်။

ကိုသက်ခိုင်က သူ၏ ခံစားမှုတေး၌သာ နစ်မြုပ်နေမိသည်။

**နှင်းမြူရိပ်ကို မြင်လျှင်၊ အမှတ်မထင် ဝေဝေဝါး၊**
**ဘဝပမာလေား၊ တင်စားမိသည်၊ ဆီးတားကာဝှက်၊**
**လ ရက် နာရီ အချိန် မင်ရည် . . .၊ အံ့ကာဆိုင်းလို့**
**မပီ . . . တစ်ပိုင်းပြယ်လွင့်၊**
**နွေအဖွင့်သို့လေသင့်ရာလျှော . . . မျော . . .**
**ရွှေရင်လွှာ သီဂီ . . .**

မြောက်လေနှင့် တောင်လေ ဆုံကြပြန်သည်။ နှင်းမြူတို့ အပိုင်းပိုင်းကွဲကာ တိုးတိုးဝှေ့ဝှေ့ရွေ့လျားကြရသည်။ ဥဩသံ ခေတ္တငြိမ်သက်သွားခိုက် ရွက်ဝါတို့က တသဲသဲကြွေ၍ တရှဲရှဲ အော်မြည်ညည်းညူကြ၏။ ယိမ်းယိုင်သွားသောပင်စည်သည် ငိုကြွေး၍ တုန်လှုပ်နေပါသလား။ အမှန်မှာ သရစ်နုဝေချိန်နီး၌ ရွက်ဝါသည် မရှိထိုက်လေပြီ တကား။

ကိုသက်ခိုင်သည် သူ့တေး၏ နောက်ဆုံးပိုဒ်ကို ပင့်သက်နှင့် ညည်း၏။

**လွမ်း မော . . . သီကရီ မေ့မရလေပြီ၊**
**ဂိမှာန်အခါတွင်မည်၊**
**ဆောင်းရိပ်ကြွင်းသည့်နှယ်၊**
**နွယ်ဦးမွန်မို့ ချစ်ထွတ်တင်သည် . . .**
**ကမ္ဘာကုန်ကျယ်သရွေ့ဝယ်၊**
**ကမ္ဘာကုန်ကျယ်. . . သရွေ့ဝယ်၊**
**လွမ်းရမည် . . .၊ သံသာဝဲရစ်တွဲနှောင်ချည်၊**
**နွေရတုခုမိန်ဆီ၊**
**ဩောင်းရွက်ဝါတို့ ဈာန်ယဉ်ပြောင်းသည့်နှယ်၊**
**ပြယ်ကောင်းလေသောစိတ်ဇော . . မာန်သိမည် . . .**

တယောသံက မျှဉ်းမျှဉ်းမြမြ ဆွဲငင်လေဆေး ရပ်သွားသည်။ ကိုသက်ခိုင်က ရင်မှ ရှိသမျှ ခံစားမှုတို့ကို တယောသံနှင့်အတူ လွှင့်မျှောပစ်လိုက်သည်။

ကိုသက်ခိုင်သည် မျက်လုံးများကို ဖွင့်လိုက်မိချိန်၌ မှုန်ရီပြာလဲ့သော ငွေရောင်ကို ရှေးဦးစွာ မြင်ရသည်။ ထိုနောက် . . .။

ငွေလရောင်ကျသော မြေပြင်၌ထိုးကျ ထင်နေသော လူရိပ်တစ်ခု . . . ။

"အို"

ကိုသက်ခိုင်၏ နှုတ်မှ အံ့ဩရေရွတ်သံ ပေါ်လာပြီးနောက် လူမှာလည်း အမှတ်မထင်ထိုင်ရာမှ ထမိလျက်သား ရှိနေ၏။

သူ့ရှေ့မှောက်၏ မိန်းမပျိုတစ်ဦးသည် ငြိမ်သက်စွာ ရပ်လျက်ရောက်နေလေသည်တကား။

ဆက်လက်ဖော်ပြပါမည်။

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

---

**-ကျန်းမာရေးဆောင်းပါး-**

# သွေးဆုံးကိုင်ဝေဒနာအတွက် အိမ်တွင်းကုထုံးလေးများ



**à ပေါက်ပေါက်**

အမျိုးသမီးများ ပျမ်းမျှ အသက် (၄၇)နှစ် ဝန်းကျင်ခန့်မှာ သွေးဆုံးကိုင်ဝေဒနာကို စတင်ခံစား လာရတတ်ပါတယ်။ (မိခင်သွေးဆုံးခဲ့သော အသက်အရွယ်ကိုကြည့်၍လည်း မိမိသွေးဆုံးနိုင်မည့်အချိန်ကို ကြိုတင်မှန်းဆလို့ရပါတယ်) အောက်ပါ ရိုးရှင်းလွယ်ကူတဲ့ အိမ်တွင်းကုထုံးလေးများက သွေးဆုံးကိုင်ဝေဒနာကို ဘေးဥပါဒ်ကင်းစွာဖြင့် သက်သာပျောက်ကင်းစေနိုင်ပါလိမ့်မယ်။

(၁) 'မိန်းမတို့ အသက် ကရမက် ' ဟု ဆိုးရိုးစကားရှိပါတယ်။ သွေးဆုံးကိုင်ခြင်းအတွက် ကရမက်ကို လိမ်းပေးသင့်သလို၊ သွေး၍ သောက်သုံးပေးပါ။
(၂) မိုးဥတုတွင် ပေါ်တတ်သော ဂုံမင်းပင်ကို ဟင်းခါးချက်၍သောက်ပါ။
(၃) စွယ်တော်ပင်(ခရမ်းရောင်ပန်းပွင့်) ၏ အရွက်ညွန့်ကို ဟင်းချိုချက်သောက်ပါ (သို့မဟုတ်) ရွက်ပြုတ်ရည်သောက်ပါ။
(၄) အနက်ရောင်စပျစ်သီးမှည့်ကို အခွံရော အစေ့ပါဝါးစားပါ။
(၅) ဆီးဖြူသီး စားပါ။
(၆) ထန်းရည်ချိုစစ်စစ်ကို တဝကြီးသောက်ပေးပါ။
(၇) ကြိတ်မှန်ရွက်စားပါ (သို့မဟုတ်) ကြိတ်မှန်ရွက်ယိုထိုးစားပါ။ (ကြိတ်မှန်ရွက် ၂၅ ကျပ်သားကို ရေစင်စင်ဆေး နုတ်နုတ်စဉ်းပြီး၊ ထန်းလျက်သန့်သန့် ၁၀ ကျပ်သား၊ အရည်ညှစ်ပြီး ရှောက်သီးအဖတ် ၁၀ ကျပ်သား၊ ပါးပါးလှီးထားသော ကြက်သွန်နီ ၁၀ ကျပ်သား၊ စမုံငါးပါးအမှုန့် ၂ ပဲသားစီတို့ကို မြေအိုးအသစ်ထဲရော၍ ဆားနှင့် ရေသင့်ရုံထည့်ပြီး ယိုထိုးသလို ကျိုချက်ပါ။ ယိုဖြစ်ပါက ပုလင်းသန့်သန့်ထဲထည့်၍ အစာနှင့်ဝေးချိန် နံနက်၊ နေ့၊ ည သုံးကြိမ်စီ လက်ဖက်ရည်ဇွန်း တစ်ဇွန်းမျှ ခပ်၍စားပါ။)
(၈) အဝါရောင် ကန်စွန်းဥကို များများပြုတ်စားပါ။
(၉) သင်္ဘောသီးမှည့် နေ့စဉ်စားပေးပါ။
(၁၀) တရုတ်စကားပွင့်ကို ကြော်ချက်၍ စားပါ။
(၁၁) ပဲနောက်ကို ကြက်သွန်ဖြူနှင့် ဟင်းချိုချက်သောက်ပါ။
(၁၂) ဝါစေ့ပင်ပေါက်ကို ဟင်းခါးချက်သောက်ပါ။
(၁၃) ကင်ပွန်းချဉ်ရွက်ကို အမျိုးမျိုးလုပ်၍ ဟင်းချက်စားပေးပါ။
(၁၄) ကြက်သွန်ဖြူစားပါ။
(၁၅) ရဲယိုသီးမှည့်မှည့်ကို ထန်းလျက်ခဲ (သဘာဝ အမည်းရောင် ထန်းလျက်ခဲ) ဖြင့် ခေါက်၍ စားပါ။
(၁၆) အဆီများတဲ့အသား၊ ဖြူဆွတ်ဆွတ်သကြားမှုန့်များ၊ ဆီကြော်မုန့်များ၊ ကဖိန်းဓာတ်များသော ကော်ဖီနှင့် ကိုလာအချိုရည်များ၊ ငရုတ်သီးအပူအစပ်များ၊ ပူပူလောင်လောင် ဟင်းရည်များ စသည်တို့ကို လွန်ကဲစွာစားသောက်ခြင်းမှရှောင်ပါ။
(၁၇) အဆီများတဲ့ငါး (သို့မဟုတ်) ငါးကြီးဆီစားပါ။ Spirulina ခေါ် စိမ်းပြာရေညှိ(သို့ မဟုတ်) EPO (ခေါ်)ရွှေဝါရောင် Evening Primrose ပန်းအဆီ(သို့မဟုတ်) Silica စီလီကာ ဆေးတို့ကို ဖြည့်စွက်စာအဖြစ် မှီဝဲသောက်သုံးပါ။
(၁၈) Barley Grass (ခေါ်) ဘာလီမြက်နုထဲမှာ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေက များစွာကောင်းကျိုးပြုပါတယ်။ (နိုင်ငံခြားဖြစ် ဘာလီမြက်နု အချိုရည်တို့ကို City Mart ဆိုင်တွေမှာ ဝယ်ယူရရှိနိုင်ပါတယ်။)
(၁၉) နေ့စဉ်မှန်မှန်လမ်းလျှောက်ခြင်း (သို့မဟုတ်) ကိုယ်လက်လှုပ်ရှားအားကစားလုပ်ပါ။
(၂၀) တစ်ကိုယ်ရေသန့်ရှင်းမှုဂရုစိုက်ပါ။ သို့သော် အချိန်လွန်၍ ရေချိုးခြင်းမပြုရ။

# ဈေးနှုန်းကြီးမြင့်နေသောအော်တိုတယ်လီဖုန်း သုံးစွဲခ လျှော့ချပေးရန် သုံးစွဲသူများလိုလား

**ရန်ကုန် ဇူလိုင် ၁၉**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငှားရမ်းသုံးစွဲခွင့်ပြုထားသော အော်တိုတယ်လီဖုန်းသုံးစွဲခများမှာ လက်ရှိအခြေအနေတွင် အခြားမိုဘိုင်းဖုန်းသုံးစွဲခများထက် ဈေးနှုန်းကြီးမြင့်နေသဖြင့် လျှော့ချပေးရန် သုံးစွဲသူများ လိုလားလျက်ရှိကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေး၏ အော်တိုတယ်လီဖုန်း သုံးစွဲခမှာ မြို့တွင်း တစ်မိနစ် ၁၅ ကျပ်၊ နယ်အဝေး ၂၅ ကျပ်ဖြစ်ပြီး တပ်ဆင်နှုန်းထားမှာ ကျပ်ခြောက်သိန်းခွဲဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးလုပ်ငန်းများတွင် နိုင်ငံခြားကုမ္ပဏီများပါဝင်ရောက်လုပ်ကိုင်လျက်ရှိပြီး ဖုန်းပြောခအနေနှင့် တစ်မိနစ် ၂၀ ကျပ်၊ ၂၅ ကျပ် နှုန်း သာရှိပြီး MPT ကလည်း မိုဘိုင်းဖုန်း သုံးစွဲခများကို တစ်မိနစ် ၂၃ ကျပ် ပြင်ဆင်လျှော့ချပေးခဲ့သည်။ ထိုသို့ဖုန်းသုံးစွဲခများ လျော့ကျလာသော်လည်း အော်တိုဖုန်းသုံးစွဲခများမှာ မူလဈေးနှုန်းအတိုင်းပင် သတ်မှတ်ထားဆဲဖြစ်သည်။ အော်တိုဖုန်းတပ်ဆင်သည့် နှုန်းထားများကိုမူ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မူလနှုန်းထား၏ ထက်ဝက်ဈေးဖြစ်သော ကျပ် ၃၂၅၀၀၀ သို့ ဇူလိုင် ၁၅ ရက်မှစတင်ကာ လျှော့ချပေးခဲ့သည်။

အော်တိုဖုန်း သုံးစွဲသူတစ်ဦးက "တစ်ခြားမိုဘိုင်းဖုန်းတွေ သုံးနေပေမယ့်လည်း အော်တိုဖုန်းက ဖက်စ်နဲ့ ADSL သုံးဖို့ကျတော့မရှိလို့မဖြစ်ပြန်ဘူး။ အပြိုင်အဆိုင်မရှိတဲ့လုပ်ငန်းမျိုးမို့ မလျော့တာမျိုးတော့ မဖြစ်သင့်ဘူးပေါ့။ အခု အပြိုင်အဆိုင်ဈေးနှုန်းလျှော့ချတဲ့အထဲ အော်တိုဖုန်းပြောခ တစ်ခုဘဲကျန်နေတယ်" ဟုပြောသည်။

မြန်မာ့ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် MPT နှင့်အတူ ဂျပန်နိုင်ငံမှ KDDI နှင့် Sumitomo ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲခေါင်ဦး**

## မူကြိုကျောင်းတွင် အထွေထွေကျန်းမာရေးနှင့် သွားကျန်းမာရေးစစ်ဆေးပေး



**မန္တလေး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကံသာယာရပ်ကွက် မေတ္တာရင်ခွင် မူကြိုကျောင်းတွင် ဇူလိုင် ၁၆ ရက်မွန်းလွဲ ၁ နာရီက မန္တလေးခုတင် ၃၀၀ သင်ကြားရေးဆေးရုံကြီးမှ ဆေးရုံအုပ်နှင့် ဆရာ၊ ဆရာမများသည် မူကြိုကျောင်းမှ သားငယ်၊ သမီးငယ်များအား အထွေထွေကျန်းမာရေးစစ်ဆေးပေးခြင်း၊ တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာများ စစ်ဆေးပေးခြင်းနှင့် သွားကျန်းမာရေးဆိုင်ရာများကို စစ်ဆေးပေးခဲ့ကြောင်းသိရသည်။

"မူကြိုကျောင်း ကော်မတီကနေ စီစဉ်ပြီးတော့ ခုတင် ၃၀၀ သင်ကြားရေးဆေးရုံကြီးက ဆရာ၊ ဆရာမတွေ လာရောက်ပြီး ကလေးတွေရဲ့ ကျန်းမာရေးဆိုင်ရာတွေကို စစ်ဆေးပေးတာပါ။ ယမန်နှစ်ကလည်း လာရောက် ဆောင်ရွက်ပေးပါတယ်။ စစ်ဆေးရင်းနဲ့ လိုအပ်တဲ့ ကလေးတွေ တွေ့ရင်တော့ ဆေးရုံကို တစ်ခါတည်း လွှဲပါတယ်။ မနှစ်ကတော့ အခုလို စစ်ဆေးပေးရင်းနဲ့ လိုအပ်လို့ တစ်ယောက်ကိုတော့ ဆေးရုံတင်လိုက်ရပါတယ်။ ဒီနှစ်ကတော့ ကျန်းမာရေးဆိုင်ရာ ထူးခြားတဲ့ ကလေးတော့ မတွေ့သေးပါဘူး" ဟု ကော်မတီဥက္ကဋ္ဌ ဦးဖြူအေးက ပြောသည်။

ကလေးများကို တစ်ကိုယ်ရည် သန့်ရှင်းမှုဆိုင်ရာ စစ်ဆေးပေးခြင်း၊ အထွေထွေရောဂါ စမ်းသပ်ပေးခြင်းနှင့် လိုအပ်ပါက ဆေးဝါးများပေးခြင်း စသည်များ ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေး ဝန်ဆောင်မှု လာရောက်ပေးသည့် ဆရာ၊ ဆရာမများအား ချမ်းမြသာစည်မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကံသာယာရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မူကြိုကျောင်းဆရာမများနှင့် ကော်မတီဝင်များကလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မူကြိုကျောင်းကော်မတီက ကျန်းမာရေးစစ်ဆေးမှုများ လာရောက်ပေးသည့် ဆရာ၊ ဆရာမများအား မေတ္တာလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့သည်။ ယင်းနေ့က အလှူရှင် 'သားသား' ရယ်ဒီမိတ်ဆန်ပြုတ်မှ ကလေးငယ်များကို ဆန်ပြုတ်အာဟာရဖြင့် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဖြိုးဝေ(ဆင်တဲ၀)**

## မြန်မာ–ဂျပန်ချစ်ကြည်ရေး တတိယအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**တိုက်ကြီး ဇူလိုင် ၁၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့တွင် မြန်မာ-ဂျပန်ချစ်ကြည်ရေး တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီက တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်းမကြီးဘေးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌမှ အဖွင့်အမှာစကားပြောကြားပြီး ဂျပန်နိုင်ငံ AEON Environmental Foundation မှဥက္ကဋ္ဌ Mr.Takuya Okada မှ အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ကောင်စစ်ဝန် မစ္စတာမာစုအိုဟီဒဲအာခိမှ အမှာစကား ထပ်မံပြောကြားခဲ့သည်။ ထိုသစ်ပင်စိုက်ပျိုးပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂျပန် AEON ဖောင်ဒေးရှင်းမှ လူအင်အား ၈၀၀ ဦး၊ တိုက်ကြီးမြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း အင်အား ၁၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**ရဲနိုင်(တိုက်ကြီး)**

## မင်းဘူးမြို့တွင် ရေပေးရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရေး တွေ့ဆုံရှင်းလင်း

**မင်းဘူး ဇူလိုင် ၁၉**

မင်းဘူးခရိုင် မင်းဘူးမြို့တွင် မြို့ရေပေးဝေရေးလုပ်ငန်း လက်ရှိအခြေအနေနှင့် မြို့တိုးချဲ့ရေပေးရေးလုပ်ငန်း မြစ်ရေတင်စီမံကိန်းနှင့်ပက်သက်၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီက မင်းဘူးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်တင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းတို့က အဖွင့်အမှာစကား အသီးသီးပြောကြားခြင်း၊ မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးကိုကိုအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ခိုင်တို့က မြို့ရေပေးရေးလုပ်ငန်းများ တိုးချဲ့ရေးနှင့်ပက်သက်သော စာရင်းဇယား၊ မြေပုံများအား ပရိုဂျက်တာဖြင့် အသေးစိတ် ဆွေးနွေးတင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

လက်ရှိ မင်းဘူးမြို့တွင် ကျောက်တန်း မြေအောက်ရေဖြင့် မင်းဘူးမြို့ရပ်ကွက်(၄)ရပ် ကွက်အား ရေဖြန့်ဖြူးပေးမှုများဆောင်ရွက်လျက်ရှိပြီး ကျောက်တန်းမြေအောက် ရေမှာတစ်နေ့လျှင် ရေဂါလန်တစ်သိန်းခန့်သာ ထွက်ရှိသဖြင့် မြို့ပေါ်ရပ်ကွက်များအတွင်း မြို့နယ်စည်ပင်မှ သုံးရက်လျှင်တစ်ကြိမ် တစ်ကြိမ်လျှင်နှစ်နာရီခန့် ရေပေးဝေခြင်းများ ဆောင်ရွက်လျက်ရှိရာ ရပ်ကွက်နေပြည်သူများအတွက် သောက်သုံးရေလောက်ငှမှုမရှိသောကြောင့် ရေစည်ဝယ်ယူသုံးစွဲနေရသည်မှာ ကြာပြီဖြစ်ကြောင်း သိရသည်။

မြစ်ရေတင်စီမံကိန်းအား မင်းဘူးမြို့၊ အမှတ်(၂)ရပ်ကွက်ရှိ ဦးသြဘာသခန်းမအနီးတွင် တည်ဆောက်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် မြစ်ရေအား မင်းဘူးမြို့၏ အမြင့်ဆုံးနေရာဖြစ်သော လိပ်တောင်ပေါ်သို့ရေတင်ပြီး ထိုမှတစ်ဆင့်မြို့ပေါ်ရပ်ကွက်များအတွင်း သောက်သုံးရေဖြန့်ဖြူးပေးရန် လျာထားဆောင်ရွက်လျက်ရှိသည်။ မင်းဘူးမြို့တွင် ပြည်သူများရေကိုလုံလောက်စွာ မရရှိသည့်အတွက် မင်းဘူးမြို့ မြို့တိုးချဲ့ရေပေးလုပ်ငန်း မြစ်ရေတင်စီမံကိန်းနှင့် ကျောက်တန်းစိမ့်ရေတွင်း မြေအောက်ရေပေးရေးလုပ်ငန်းနည်းစသော နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်သွားနိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှငွေကျပ်သိန်း ၁၆၇၀၀ ကျော်ကုန်ကျခံက တည်ဆောက်ပေးမည်ဖြစ်ကြောင်း မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူက ပြောသည်။

**ကျော်ဇေယျ**

## မင်းမြင်ဆည် စိုးရိမ်ရေမှတ်ရောက်ရှိ၍ လက်တံမြောင်းမကြီးမှတစ်ဆင့် ရေများထုတ်လွှတ်

**မုံရွာ ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်ရှိ မင်းမြင်ဆည်သည် ဇူလိုင် ၁၆ ရက်မှစတင်ပြီး မိုးသည်းထန်စွာရွာသွန်းသဖြင့် ဆည်ထဲသို့ ရေများ ၆၈၂ ပေအထိ ဝင်ရောက်ခဲ့ရာ ဆည်၏ စိုးရိမ်ရေမှတ်မှာ ၆၈၇ ပေ ဖြစ်သဖြင့် ဇူလိုင် ၁၇ ရက်မှစတင်ပြီး ဆည်လက်တံမြောင်းမကြီး တစ်လျှောက် ရေများ ထုတ်လွှတ်ပေးခဲ့သည်။

ယင်းသို့ လက်တံမြောင်းမကြီး တစ်လျှောက် ဆည်ရေများ ထုတ်လွှတ်မှုကြောင့် ကျွန်းလှမြို့ပေါ်ရှိ ရပ်ကွက်ကျေးရွာများရှိ ဒေသခံပြည်သူများ ဘေးကင်းစေရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၄ နာရီ အနီးကပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မင်းမြင်ဆည်သည် ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်အတွင်းတွင် ပါဝင်ပြီး ဆည်၏ ရေလက်ခံနိုင်မှုမှာ ၆၉၀ ပေဖြစ်ပြီး ဇူလိုင် ၁၈ ရက် နံနက် ၁၁ နာရီခန့်တွင် တမံ၏အထက်သို့ ရေများ တစ်ပေခန့်အထိ ကျော်လွန်နေပြီဖြစ်ပြီး ဆည်မှာ ကျိုးပေါက်ခြင်းမရှိသေးကြောင်းနှင့် ကျွန်းလှမြို့ပေါ်ရှိ ရပ်ကွက်များတွင် ရေများ ဝင်ရောက်လျက်ရှိသည်။ **(တိုင်းဒေသကြီးပြန်/ဆက်)**

## အုတ်တွင်းကျေးရွာအုပ်စုတွင် အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားပြုလုပ်

**သာစည် ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အုတ်တွင်းကျေးရွာအုပ်စု ဆင်ရွာကျေးရွာနှင့် အင်တိုင်းသာကျေးရွာ အခြေခံပညာ မူလတန်းကျောင်းများအား မူလတန်းလွန်ကျောင်းများအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အဆိုပါ ကျောင်းများ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသန်းစိုးနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းဇော်တို့က ဆင်ရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အခမ်းအနားကိုဆက်လက် ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းတို့က အမှာစကားများပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူးက ယခုကဲ့သို့ အခြေခံပညာ မူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရသည့်အတွက် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာသင်ခုံများ ပြုလုပ်ရန်အတွက် သုခပံသုသတ္တုတူးဖော်ရေးကုမ္ပဏီ လီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်ချိုက အလှူငွေကျပ် သုံးသိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ခဲ့သည်။

ဆက်လက်၍ အင်တိုင်းသာကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း အဆင့်တိုးမြှင့်ခြင်းအခမ်းအနားကို ပြုလုပ်ရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။ ယခင်က ဆင်ရွာကျေးရွာနှင့် အင်တိုင်းသာကျေးရွာ အခြေခံပညာ မူလတန်းကျောင်းများမှ မူလတန်းအဆင့် အောင်မြင်ပြီးသော ကျောင်းသား၊ ကျောင်းသူများမှာ အခြားကျေးရွာကျောင်းများသို့ သွားရောက်၍ ပညာဆက်လက်သင်ယူကြရပြီး ယခုနှစ်မှစတင်၍ မူလတန်းလွန်ပညာ အဆင့်ထိ မိမိကျေးရွာ၊ မိမိကျောင်းတွင် ပညာသင်ယူနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

## ကသာခရိုင်လုံးဆိုင်ရာ ဟိတဓရဓမ္မစကူးလ် ဖြစ်မြောက်ရေးအဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားကျင်းပ

**ကသာ ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ခရိုင်လုံးဆိုင်ရာ ဟိတဓရဓမ္မစကူးလ် ဖြစ်မြောက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားကို ဇူလိုင် ၁၇ ရက်က ကသာမြို့ ရေဝန်းကျောင်းတိုက်ဝင်းအတွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို ကသာခရိုင်သံဃနာယကဥက္ကဋ္ဌ အောင်မြေသာစည်ကျောင်းတိုက်ဆရာတော်နှင့် ကသာမြို့နယ်ရှိ သံဃာတော်များ၊ ကသာခရိုင် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုံး၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်၊ သီလရှင်များ၊ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာပြန့်ပွားရေးအကျိုးတော်ဆောင် ဓရဓမ္မစကူးလ်အသင်းအဖွဲ့သားများ၊ စေတနာရှင်အလှူရှင်များ အသီးသီးတက်ရောက်၍ ရွေးချယ်တင်မြောက်ရာ ကသာမြို့နေသူ ဦးပေါက်စကို ဓရဓမ္မစကူးလ်အသင်းဝင်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ခရိုင်လုံးဆိုင်ရာ ဟိတဓရဓမ္မစကူးလ် ရှေ့ဆက်တည်တံ့ဖွံ့ဖြိုးရေးဆောင်ရွက်နိုင်စေရန် အလှူရှင်များမှ စုပေါင်း၍ ငွေကျပ် ၃၅ သိန်းကို ဓမ္မစကူးလ်ဖြစ်မြောက်ရေးအဖွဲ့ထံ လွှဲပြောင်းအပ်နှံ လှူဒါန်းခဲ့ကြသည်။

ယင်းနောက် ကသာမြို့နယ်သံဃနယကဥက္ကဋ္ဌဆရာတော်နှင့် ဆရာတော်ကြီးများက သြဝါဒချီးမြှင့်ပေးတော်မူသော တရားဒေသနာတော်များကို နာကြား၍ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ သုံးကြိမ်းရွက်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြကြောင်း သိရသည်။

**ရဲကို(ကသာ)**

# အထက်မင်းလှမြို့နယ်တွင် မြန်မာ့တူရိယာအိုးစည်လုပ်ငန်း လုပ်ကိုင်လိုသူ နည်းသော်လည်း မိရိုးဖလာလုပ်ကိုင်သူများရှိ

**မင်းလှ ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် မင်းလှခံတပ်ကြီးအနီးရှိ မြောက်ရွာတွင် မြန်မာ့ရိုးရာတူရိယာပစ္စည်းများဖြစ်သော အိုးစည်နှင့် ဗုံပြုလုပ်ခြင်း လုပ်ငန်းကို ယနေ့ထက်တိုင် မိရိုးဖလာလုပ်ငန်းအဖြစ် လုပ်ကိုင်နေသူများရှိနေဆဲဖြစ်ကြောင်း သိရသည်။

ရှေးအခါက 'အိုးစည်တန်းအရပ်' အဖြစ် နာမည်ခေါ်တွင်ခဲ့သော မြောက်ရွာသည် ကုန်းဘောင်ခေတ် မင်းလှခံတပ်ကြီး တည်ရှိစ အချိန်ကပင် သံတမန်၊ မင်းမှုရာထမ်းနှင့် ရဲမက်စစ်သည်များအား ဖျော်ဖြေရာ၌လည်းကောင်း၊ အောင်ပွဲခံ ပွဲလမ်းသဘင်များ၌လည်းကောင်း တီးမှုတ်ဖျော်ဖြေရာတွင် အဓိကအသုံးပြုရသော အိုးစည်နှင့်ဗုံတူရိယာများကို ပြုလုပ်ရာအရပ်ဖြစ်သည်။



ဧရာဝတီဆိပ်ကမ်း ဆိုက်ရောက်ရာအရပ်ဖြစ်သောကြောင့် လှေထိုးဝါးထိုးလုပ်ငန်းနှင့်အတူ အိုးစည်၊ ဗုံတူရိယာ ပစ္စည်းများကို မြန်မာ့လက်မှုပညာတစ်ရပ်အနေဖြင့် လုပ်ကိုင်လာခဲ့ပြီး ကုန်းဘောင်ခေတ်ကတည်းကပင် မင်းလှအိုးစည်မှာ နာမည်ကျော်ကြားခဲ့ကြောင်း ရိုးရာလက်မှုပညာရှင်ဦးစိုးမြင့်က ပြောပြသည်။

"ကျွန်တော်တို့ ရွှေပြည်စိုးအိုးစည်လုပ်ငန်းကနေ အိုးစည်အပါအဝင် စည်တော်၊ ဒိုးပတ်၊ ပတ်မနဲ့ ဗုံအမျိုးမျိုးကို ပြုလုပ်ပြီး သရက်၊ စကု၊ စလင်း၊ ဆင်ဖြူကျွန်းနဲ့နေရာဒေသအနှံ့ ဖြန့်ချိတယ်။ အော်ဒါအပ်ရင် အရပ်သုံး၊ ဆိုင်းသုံး (ပညာရှင်သုံး)နဲ့ ကလေးကစားစရာပစ္စည်းအထိ လက်ခံတယ်။ အိုးစည်တွေကို အရပ် ၃၁ လက်မ၊ အဝ ၈ လက်မ၊ နောက်ခံအဝိုင်း (ပဒိုင်း) (၁၃)လက်မ(ပွဲဝင်ရိုက်)(၁)လုံးကို ကျပ်ငွေ ၇၅၀၀၀ အထိယူတယ်။ ဆိုက်လတ်(ပွဲဝင်) ၂၈ လက်မက ကျပ် ၄၅၀၀၀၊ ဆိုက်သေး(ပွဲဝင်) ၂၄ လက်မက ကျပ် ၃၅၀၀၀ ယူတယ်။ ဆိုင်းဝိုင်း(အလှရွှေချ) အစုံ ကျပ် ၆၅၀၀၀ ယူတယ်။ စည်တော်တွေအတွက် အလှူပွဲတွေနဲ့ ဘုန်းတော်ကြီးကျောင်းတွေမှာ ရိုးရာဝေလေ့ဆွမ်းစားချိန်အချက်ပေး စည်တော်ယွန်းဖို့အတွက်လည်း ပစ္စည်းအော်ဒါ မှာတာမျိုးတွေရှိတယ်" ဟု ယင်းက ဆက်လက်ပြောပြသည်။

ယင်းတူရိယာပစ္စည်းများကို ဒေသထွက် သစ်မျိုးရင်းများဖြစ်သော ဒီးဒူ၊ လက်ပံ၊ ချဉ်ယုတ်နှင့်ကုက္ကိုသစ်များအား နွားသားရေ၊ ဆိတ်သားရေတို့နှင့်အတူ အသုံးပြုရကြောင်း၊ ယနေ့ခေတ်တွင် အချို့က သစ်ထွင်းသားအစားပလတ်စတစ်ကော်အိုးများလည်း အသုံးပြုမှုရှိကြကြောင်း၊ ရှေးယခင်က စစ်စေးနှင့်မန်ကျည်းပြာကို သရိုးကိုင်ခဲ့သော်လည်း ယခုအခါ စစ်စေးရှားပါး၍ တန်ဖိုးမြင့်လာသောကြောင့် သဘော်ဆေးကို အသုံးပြုနေရကြောင်း၊ ဟသ်ာပြဒါးကိုလည်း အသုံးမပြုနိုင်တော့ကြောင်း၊ စက်ပစ္စည်းအကူကိရိယာမပါဘဲ လက်မှုသက်သက် လုပ်ကိုင်ရသောအိုးစည်လုပ်ငန်းမှာ တွင်ကျယ်မှုမရှိသည့်အပြင် လုပင်ပန်းသလောက် အမြတ်အစွန်းနည်းပါးသည့်အတွက် မျိုးဆက်သစ်လုပ်ကိုင်သူများလည်း လျော့နည်းလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် မြန်မာ့လက်မှုပညာရပ်တစ်ခုဖြစ်သော အိုးစည်လုပ်ငန်းအား တိမ်ကောပပျောက်မှု မရှိစေရေးအတွက် နိုင်ငံတော်မှ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသင့်ကြောင်း ဒေသခံအိုးစည်ပညာရှင်များက ပြောသည်။

**ကျော်စွာ(မကွေး)**

# ရေနံချောင်းမြို့တွင် လူမှုဖူလုံရေးအဖွဲ့မှ ငွေလုံးငွေရင်း အကျိုးခံစားခွင့်များပေးအပ်

**ရေနံချောင်း ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့တွင် လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုများအား ငွေလုံးငွေရင်း အကျိုးခံစားခွင့် တစ်လုံးတစ်ခဲတည်းထုတ်ပေးခြင်းနှင့်ဆေးဖိုးကုန်ကျငွေ ပြန်လည်ပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက်က မြို့နယ်ထွေထွေအုပ်ချုပ်ရေးမှူးရုံး စည်းဝေးခန်းမတွင်ကျင်းပရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားတွင် ရေနံချောင်းမြို့ Gold Petol .Joc.Inc မှ အာမခံ အလုပ်သမား ဦးခိုင်သောင်းသည် အလုပ်တွင် ထိခိုက်သေဆုံးမှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုအား ငွေလုံးငွေရင်း ကျပ် ၄၉၁၃၇၀၄ နှင့် မင်းဘူးမြို့နယ် မန်းရေနံမြေမှ အာမခံအလုပ်သမား ဦးစိန်လှမောင်အား ဆေးကုသမှု ကုန်ကျငွေ ၃၃၄၂၅၀၀တို့ကို ဒုတိယဝန်ကြီးက ပေးအပ်ရာ သက်ဆိုင်ရာ မိသားစုများက လက်ခံရယူခဲ့ကြသည်။

ယင်းနောက် အကျိုးခံစားခွင့်ရရှိသူများကိုယ်စား သက်ဆိုင်ရာဌာနတာဝန်ခံများမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲကျင်းပ

**ဝါးခယ်မ ဇူလိုင် ၁၉**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးရရှိကြသော အခြေခံပညာကျောင်းများ၊ ဂုဏ်ထူးရရှိအောင်သင်ကြားပေးသောဆရာ၊ ဆရာမများနှင့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရွှေခယ်သီရိအားကစားခန်းမတွင် ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစောမြသိန်း၊ လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူ၊ ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက အ-ထ-က (၁) ကျောင်းမှ ငါးဘာသာဂုဏ်ထူးရှင် မောင်ငြိမ်းချမ်းသူနှင့်အတူ လေးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၁၇ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၆ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင်၁၈၆ ဦး၊ ဂုဏ်ထူးရရှိအောင်သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမ ၇၇ ဦးနှင့် အောင်ချက်အကောင်းဆုံးရရှိသော ကျောင်းများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **လွှမ်းသီဟ** (Iprd)

**ဗုဒ္ဓဘာသာဖတ်စာ(၁)**
ဥပဒေဦးစိန်လှိုင်
ဖုန်း-၀၁-၆၄၄၃၂၆၊ ၀၁-၆၄၃၇၇၃
ငါးပါးသီလကိုစောင့်ထိန်းအောင် ဓမ္မစက်နဲ့လုပ်မရရင် အာဏာစက်နဲ့လုပ်ကြမလား။
ဗုဒ္ဓဘာသာဖတ်စာ-၁ကို ဖတ်ကြည့်ပါလား

**ရောင်းမည်/ငှားမည် (အလွန်တန်)**
၁။ တ/ဒဂုံဆိပ်ကမ်းတိုးချဲ့ဇုန်(၃)၃ကေဆက်လျက်တစ်ကေ၁၄၀၀သိန်းနှုန်း (ညှိနိုင်း)
၂။ အင်းစိန်တောင်သူကုန်း(30'x50')ခေတ်ပီRC(၂)ထပ်4BR,Fully Furnish၁၇၀၀သိန်း
၃။ ဗိုလ်ချုပ်လမ်းမပေါ်ဒု-ထပ်(15'x55')2BR, ဘိုထိုင်(ရှေ့/နောက်)ဝရံတာပါ ၁လ = ၄ သိန်း
ရွှေအိမ်ကမ္ဘာ - 09 43133981, 09 254042009, 01 245585, 01 246663




**အဆင့်မြင့်မြေတိုင်းသင်တန်းအမှတ်စဉ်(၉)ဖွင့်လှစ်ခြင်း**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆည်မြောင်းဦးစီးဌာနနှင့် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းတို့မှ ပူးပေါင်းဖွင့်လှစ်သင်ကြားမည့် အဆင့်မြင့်မြေတိုင်းသင်တန်းအမှတ်စဉ်(၉)ကို ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၂၅ရက်(စနေနေ့)တွင် ဆည်မြောင်းရုံးချုပ် (ရန်ကင်း)တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။ သင်တန်းနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းရုံးခန်း၊ အခန်း(၃၀၃)၊ ၃လွှာ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၊ လှိုင်နယ်မြေ၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၄၅၀၀၅၁၃၁၀၊ ၀၉-၇၉၉၆၉၈၁၂၈၊ ၀၉-၅၀၂၅၉၇၂၊ ၀၁-၅၆၄၅၁၇ သို့ ဆက်သွယ်စုံစမ်း၍လာရောက်အပ်နှံနိုင်ပါသည်။

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၇၂) ဟုခေါ်တွင်သော (၆-ထပ်)တိုက်သစ်၏ (B)အခြမ်းမှ (၆-လွှာ)၊ ဧရိယာ (၁၁ ½×၄၈) ပေ အကျယ်အဝန်းရှိ ရေမီးအပြည့်အစုံပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ယင်းတိုက်ခန်းအား တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ကန်ထရိုက်တာဦးဘထွန်း[၁၂/သကတ(နိုင်)၁၂၆၆၅၂]ထံမှ အခန်းအပျောက်ကြိုပွိုင့်အရောင်းအဝယ် ကတိစာချုပ်ချုပ်ဆိုကာ ပထမအရစ်အဖြစ် စရန်ငွေပေးချေ ဝယ်ယူထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသူအနေဖြင့် ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေများအနေဖြင့် တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးထွန်းဝင်းနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၆၂)**
**ရှေ့နေများရုံးခန်း၊ အင်းစိန်စုပေါင်းရုံးဝင်း၊**
**အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၄၃၁၈၅၄၄၂**

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းသွားရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများအား ၉-၆-၂၀၁၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၃၁-၇-၂၀၁၅ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့်** ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာ ထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာ ပိတ်ရက်မတိုင်မီ ပြန်လည် တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁/၀၃၆-၃၀၃၃၈) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## အခွန်ပေးဆောင်ရန် ကျန်ရှိနေသည့် အခွန်ထမ်းများသိစေရန် အသိပေးကြေညာခြင်း

- ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် တစ်ဦးချင်းပုဂ္ဂိုလ်များ၊ ပုဂ္ဂိုလ်စုများ၊ ကုမ္ပဏီများမှ ပေးဆောင်ရန်ကျန်ရှိသည့် နှစ်အဆက်ဆက် အခွန်မပြေကျန်ငွေများ ကျန်ရှိလျက်ရှိပါသည်။ ယင်းအခွန်မပြေ ကျန်ငွေများကို ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် အကြိမ်ကြိမ်စည်းရုံးနှိုးဆော်၍ ကောက်ခံလျက်ရှိသော်လည်း အချို့သော အခွန်ထမ်းများအနေဖြင့် အခွန်မပြေ ကျန်ငွေများပေးဆောင်ရန် ဆက်လက်ပျက်ကွက်လျက်ရှိပါသည်။
- အဆိုပါ ပျက်ကွက်သူများအား သတ်မှတ်ပေးထားသည့်အချိန်အတွင်း ပေးဆောင်ခြင်းမရှိပါက တည်ဆဲဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- သို့ဖြစ်ပါ၍ ပြည်တွင်းအခွန်များဦးစီးဌာနသို့ပေးဆောင်ရန် အခွန်ကြွေးကျန်ရှိသည့် အခွန်ထမ်းများအနေဖြင့် သတ်မှတ်ရက်အတွင်း မပျက်မကွက် လာရောက်ပေးဆောင်ပါရန်နှင့် ဆက်လက်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(မြိတ်)
## စက်ပစ္စည်းများနှင့်ပရိဘောဂပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ် (မြိတ်)အတွက် အောက်ဖော်ပြပါ ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့် တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1. | Criming Tools | 5 |
| 2 | DC Power Supply (0 to 30)(Adjustible 5AMP) | 2 |
| 3 | UBIQUITI Nano Station LOCO M2 Acess Point | 6 |
| 4 | Unmanaged Switch 16 Ports Giga Bits | 1 |
| 5 | UPS Power Tree 650VA | 105 |
| 6 | Desktop Computer Dell (Memory 4GB,HDD 500 | 35 |
| 7 | Air Con (2HP) | 9 |
| 8 | ဖုန်စုပ်စက် | 1 |
| 9 | Rack for server 42U | 1 |
| 10 | Cisco Catalyst 3750E 24Port Multilayer Switch | 1 |
| 11 | Duplo Copy Printer | 1 |
| 12 | Paper Shredder | 1 |
| 13 | Digital White Board | 2 |
| 14 | ComputerTable(မလေးရှားကြိတ်သား) | 60 |
| 15 | Plastic Chair(Armless) | 35 |

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(မြိတ်)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၂၂-၈-၂၀၁၅ရက် (၁၄း၀၀)နာရီတွင် နောက်ဆုံးထား၍ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၉-၈၇၆၂၇၇၈**
**ကွန်ပျူတာတက္ကသိုလ်(မြိတ်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် မွေးကင်းစနှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန်အတွက် ဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ တင်ဒါစည်းမျဉ်း စည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် -၂၂-၇-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၂၁-၈-၂၀၁၅ရက်၊ မွန်းလွဲ ၂း၀၀နာရီ
ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၆၇-၄၃၁၀၈၅/၀၆၇-၄၃၁၀၇၇

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ စင်ကာပူ-မြန်မာသက်မွေးပညာ သင်တန်းကျောင်း၊ (SMVTI)တွင် အလုပ်ခန့်အပ်နိုင်ရန်အတွက် အောက်ဖော်ပြပါ ဘွဲ့ရများအား Finance & HR ဌာန၏ Manager ရာထူးတာဝန်ပေးအပ်နိုင်ရေးအတွက် လစာနှုန်း (၁၆၅၀၀၀ိ- ၂၀၀၀ိ-၁၇၅၀၀၀ိ)ရာထူးနေရာ၌ အလုပ်ခန့်ထားရန် သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများ ပူးတွဲတင်ပြ၍ စင်ကာပူ-မြန်မာသက်မွေးပညာ သင်တန်းကျောင်းတွင် ၃၁-၇-၂၀၁၅ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) BBM ဘွဲ့ရရှိသူ/MBAလက်မှတ်ရရှိသူဖြစ်ရမည်။
(ဂ) ၃၁-၇-၂၀၁၅ရက်တွင် အသက်(၃၅)နှစ်ထက်မကြီးသူ/ဝန်ထမ်းဖြစ်ပါက အသက် (၄၅)နှစ်ထက်မကြီးသူ ဖြစ်ရမည်။
(ဃ) အင်္ဂလိပ်ဘာသာ ရေးဖတ်ပြော ကျွမ်းကျင်သူဖြစ်ရမည်။
(င) (၆)လအတွင်း ရိုက်ကူးထားသော ပတ်စပို့ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(စ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(ဆ) (၁)လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ။
(ဇ) (၁)လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ။
(ဈ) (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

၂။ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်းအောင်မြင်ပြီးပါက လိုအပ်သော သင်တန်းများအား ဦးစွာတက်ရောက်ရမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင် မူရင်းများ တင်ပြနိုင်ရမည်။ လျှောက်လွှာများကို စင်ကာပူ-မြန်မာသက်မွေးပညာသင်တန်းကျောင်း၌ ထုတ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန(တယ်လီဖုန်းနံပါတ်-၀၆၇-၄၀၄၄၇၇)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (၂/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ) မှယူရီးယားဓာတ်မြေသြဇာ (ဂျိုးတုံး/ဂျိုးခဲ)နှင့် အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)၊ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)တို့ရှိ ယူရီးယားဓာတ်မြေသြဇာ(အောက်ကျုံး)များအား (ဒုတိယအကြိမ်)အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။
၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၁-၇-၂၀၁၅ရက်မှ ၄-၈-၂၀၁၅ရက်ထိ (ရုံးချိန်အတွင်း)
၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်-၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၄။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်-၄-၈-၂၀၁၅ရက်(အင်္ဂါနေ့)
အချိန်နှင့်နေရာ - ၁၂း၀၀နာရီ၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန် - ၄-၈-၂၀၁၅ရက်၊ ၁၃း၀၀နာရီ
၅။ အသေးစိတ်သိရှိလိုပါကဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်**

## ဝန်ထမ်းအမြန်အလိုရှိသည်

**Myanmar Kowa International Co.,Ltd အမှတ်(၁၉၇/၁၉၉)၊ မြေညီထပ်၊ ၃၄လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၂၄၅၉၂၅၊ ၂၄၆၃၀၄ လိုင်းခွဲ-၁၃**

| | | |
|---|---|---|
| ၁။ | Admin/HR Manager<br>လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။ | ကျား(၂)ဦး |
| ၂။ | Office Secretary လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိရမည်။ | ကျား/မ(၂)ဦး |
| ၃။ | Sales & Marketing Manager<br>Kitchen Appliance, Home Appliance, Cabinet Furniture ပစ္စည်းများနှင့်ပတ်သက်၍ အတွေ့အကြုံရှိသူများ ပိုမိုသင့်လျော်သည်။ | ကျား/မ(၂)ဦး |
| ၄။ | Sales & Marketing Assistant Manager<br>Kitchen Appliance, Home Appliance, Cabinet Furniture ပစ္စည်းများနှင့်ပတ်သက်၍ အတွေ့အကြုံရှိသူများ ပိုမိုသင့်လျော်သည်။ | ကျား/မ(၂)ဦး |
| ၅။ | Showroom Staff<br>လုပ်ငန်းအတွေ့အကြုံ (၁)နှစ် ဝန်းကျင်ရှိရမည်။ Kitchen Appliance, Home Appliance ပစ္စည်းများနှင့်ပတ်သက်၍ အတွေ့အကြုံရှိသူများ ပိုမိုသင့်လျော်သည်။ | မ(၅)ဦး |
| ၆။ | Counter Girl<br>လုပ်ငန်းအတွေ့အကြုံ (၁)နှစ် ဝန်းကျင်ရှိရမည်။ Kitchen Appliance, Home Applianceပစ္စည်းများနှင့်ပတ်သက်၍ အတွေ့အကြုံရှိသူများ ပိုမိုသင့်လျော်သည်။ Sein Gayhar (ပါရမီ)၊ victoria (လှိုင်သာယာ)၊ Ocean (ရွှေဂုံတိုင်)၊ capital(သာကေတ)၊ Ocean North Point (ကိုးမိုင်) | မ(၅)ဦး |
| ၇။ | Store Assistant Supervisor<br>(ဒဂုံဆိပ်ကမ်းစက်မှုဇုန်တွင် တာဝန်ထမ်းဆောင်ရန်) | ကျား(၂)ဦး |
| ၈။ | Driver (အိမ်/ရုံး ကားမောင်းရန်) | ကျား(၃)ဦး |
| ၉။ | Cashier လုပ်ငန်းအတွေ့အကြုံရှိရမည်။ | မ(၃)ဦး |
| ၁၀။ | Accountant (senior, junior)လုပ်ငန်း အတွေ့အကြုံရှိရမည်။ | မ(၃)ဦး |
| ၁၁။ | Operation လုပ်ငန်းအတွေ့အကြုံရှိရမည်။ | ကျား(၂)ဦး |
| ၁၂။ | Office Staffလုပ်ငန်းအတွေ့အကြုံရှိရမည်။ | ကျား(၂)ဦး |

လျှောက်ထားလိုသူများသည် CV Form နှင့် အတူ လိုအပ်သော စာရွက်စာတမ်းမိတ္တူများဖြင့် အထက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်၍ သော်လည်းကောင်း E-mailဖြင့် လျှောက်ထားလိုပါက hr.myanmarkowa@gmail.comသို့ ၁၆-၈-၂၀၁၅ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရှိ လုပ်ငန်းသုံး ရေယာဉ်ကြီးများ ပြုပြင်ထိန်းသိမ်းခြင်းအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းကမ်းလှမ်းလွှာများကို ၁၁-၈-၂၀၁၅ရက် ၁၃း၀၀နာရီ နောက်ဆုံးထားပြီး တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1. | Deep Sea Seal (Propulsion Spares for M.V Hasdan) | - 2 Items |
| 2. | Hydro-Bladder Accumulator & Hydro-electric Pressure Switch (Spare Parts For Ramanya) | - 2 Items |
| 3. | Dredge Pump Spares(Ramanya) | - 5 Items |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း၊ (ဗိုလ်တထောင်ဘုရား အနောက် ဘက်၊ ကွန်ကရစ်လမ်းသစ်၊ Toll Gate အနီး)၊ ဆိပ်ကမ်းမြို့နယ်တွင် ၂၁-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၂၃၂သို့ စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## တည်ဆောက်ရေးအဖွဲ့(၂)
## လက်ပံခြေပေါ်-ညောင်ဦးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်တွင် တည်ဆောက်မည့် ကုက္ကိုဝတံတားတည်ဆောက်ရေးလုပ်ငန်းခွင်၌ အောက်ဖော်ပြပါ လုပ်ငန်းသုံး စက်/ယာဉ်များအား (မြန်မာကျပ်ငွေဖြင့်) ငှားရမ်းအသုံးပြုလိုပါသည်။

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | 40 ton မှ 80 tonကြား Crawlerr Crane | ၃စီး |
| ၂ | Working Barge (400) to n(အထက်) | ၁စီး |
| ၃ | Air compressor 8-Bar CFM-550(အထက်) | ၁လုံး |

ငှားရမ်းအသုံးပြုမည့်ကာလ - ၈/၂၀၁၅လ မှ ၁၀/၂၀၁၅လထိ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၆-၇-၂၀၁၅ရက် ၁၀း၀၀ နာရီ
တင်ဒါလျှောက်လွှာပိတ်သည့်ရက်/အချိန် -၂၅-၇-၂၀၁၅ရက် ၁၆း၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ - တည်ဆောက်ရေးအဖွဲ့(၂)၊ ကုက္ကိုဝတံတားစီမံကိန်း(ရုံး)၊ ထန်းတပင်မြို့နယ်။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တည်ဆောက်ရေးအဖွဲ့(၂)၊ ကုက္ကိုဝတံတားတည်ဆောက်ရေးစီမံကိန်းရုံး၊ ထန်းတပင်မြို့နယ်၌ ၂၁-၇-၂၀၁၅ရက်မှစ၍ ၂၅-၇-၂၀၁၅ရက် နောက်ဆုံးထားပြီး ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တည်ဆောက်ရေးအဖွဲ့(၂)**
**လက်ပံခြေပေါ်၊ ညောင်ဦးမြို့နယ်**
**ဖုန်း-၀၉-၈၃၀၄၅၉၃**

ကြော်ငြာ

## "မေယုကိုစုတ်တံချီ"

**တက္ကသိုလ် မင်းသူ**

ပခုက္ကူ ဦးအုန်းဖေ၊ စာပေ (စာကြည့်တိုက်) ဝတ္ထုရှည်
ဆုရရှိခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူခြင်း

အစွန်းရောက်ဘာသာခြားများက နိုင်ငံအတွင်း မတရားဝင်ပြီး သွေးနှောသည့်နည်းဖြင့် သူတို့ဘာသာဝင်ဖြစ်အောင် ကြံစည်နေမှုများကိုတင်ပြထားသည့် **"တက္ကသိုလ် မင်းသူ"** ၏ **"မေယုကိုစုတ်တံချီ"** စာအုပ်၊ **ပခုက္ကူဦးအုန်းဖေ** စာပေ၊ စာကြည့်တိုက်ဝတ္ထုရှည်ဆုရရှိသဖြင့် ကျောက်တံတားမြို့နယ် စာရေးဆရာအသင်း နာယကဖြစ်သူ ဆရာတက္ကသိုလ်မင်းသူအတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

စာရေးဆရာအသင်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့







## MTS Holidays သင့်ရဲ့အကောင်းဆုံးခရီးသွားအဖော်မွန်

| | | | |
|---|---|---|---|
| ဗီယက်နမ် ခရီးစဉ် (ဟနွိုင်း-ဟလောင်ဘေး) | (3N/ 4D) | အပတ်စဉ် | 483 USD |
| ဗီယက်နမ် ခရီးစဉ်(ဟနွိုင်း-ဟိုချီမင်း) | (3N/ 4D) | အပတ်စဉ် | 458 USD |
| ဗန်ကောက် - ပတ္တရားခရီးစဉ် | (4N/ 5D) | (July 30 / Aug 3) | 640 USD |
| ဂျပန် ခရီးစဉ် (၅ဦးသာလို) | (5N/ 6D) | (Aug 14 / 19) | 2345 USD |
| သီရိလင်္ကာ ဗုဒ္ဓစွယ်တော် ခရီးစဉ် | (7N/ 8D) | (Aug 22 / 29) | 1500 USD |
| စင်ကာပူ ခရီးစဉ် | (3N/ 4D) | (Aug 21 / 24) | 830 USD |
| ဟောင်ကောင် - မကာအို ခရီးစဉ် | (4N/ 5D) | (Aug 7 / 11) | 1200 USD |
| ကိုရီးယား ခရီးစဉ် | (5N/ 6D) | (Oct 16 / 21) | 1850 USD |
| ဩစတြေးလျ ခရီးစဉ် | (8N/ 9D) | (Sep 11 / 19) | 3850 USD |
| အမေရိကား ခရီးစဉ် | (9N/ 10D) | (Nov 13 / 22) | 5150 USD |
| ဥရောပ(၅)နိုင်ငံ ခရီးစဉ် | (14N/ 15D) | (Nov 20 / Dec 4) | 5200 USD |

ဗုဒ္ဓဂယာ ခရီးစဉ်
(၁၁ည/၁၂ရက်)
စရံငွေ (၂)သိန်း + 1050 USD
ဟိုတယ်သီးသန့်
ကြိုတင်စာရင်း
ပေးသွင်းနိုင်ပါသည်။

HOT LINE : 09 4480 49945, 09 7968 67024

Myanmar Tourism Services Co.,Ltd. (MTS) www.facebook.com/myanmartourismservice
အခန်း အမှတ် (၆၀၆)၊ (၆)လွှာ၊ ယုဇန တာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်း မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁- ၅၅၂ ၇၆၂၊ ၅၅၂ ၆၄၂၊ ၅၄၉ ၅၀၀၊ ၀၉ ၂၅၂၆၆၈၄၉၅

**SEVEN ဝံ** မာ်
မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
SEVEN ဝံ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံးဝ မယူပါ"
Ph: 09 - 33 333 511, 09-33 333 514, 09-33 333 644

မင်္ဂလာပါ **ASIA KING** 09-43114301,09-420221257
- ကျိုက်ထီးရိုးဆံတော်ရှင်(?)ဗုဒ္ဓခွန်၊ ကျောက်ကလပ်၊ ရသေ့ပျံဂူ၊ ကော့ကသောင်ဂူ၊ ကော့ဂွန်းဂူ (နေ့ချင်းပြန်) Package- 30000/ — ကားမျိုးစုံစင်းလုံးငှား July 17,18,19,24,30
- ပုဂံ(စွယ်တော်လေးဆူ)၊ ပြည်ငါးပြည်၊ ပခုက္ကူ၊ နေပြည်တော် Hotel Package- 65000/
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထန်ဆမ်း၊ ကက္ကူ Hotel-120000/ Guest-65000/
- ကျောက်စိမ်းစေတီ၊ မဟာမြတ်မုနိ၊ နေပြည်တော်ဗုဒ္ဓဂယာ(နေ့ချင်းပြန်)Package-35000/

**Trumpet Travels & Tours**
: Pa(3) Padonmar Street, Sanchaung Township, Yangon.
: 01 532250, 09 250021676, 09-5182767,09 43089536
+ မယ်လံဆံတော်ရှင်-ဇင်းကျိုက်ရေတံခွန် နေ့ချင်းပြန်ခရီးစဉ် 35000Ks/-
"ဒုတိယပထိဆိုလပြည့်နေ့ ပူဇော်ပွဲတော်(၃၁)ရက်နေ့"
+ ဆီမီး(၁၀၀၀)မာန်(၁၀၀၀)ပူဇော်နေ့ ပုဂံဘုရားစုံဖူးခရီးစဉ် (3*Hotel)
website : www.mytravelmyanmar.com/ Facebook: www.facebook.com/trumpettravels




## မိုးသောက်ပန်းအဆင့်မြင့်မုန့်ကြိုး

(၁၉၉၄-ခုနှစ်တွင်တည်ထောင်သည်)

"ဘယ်နေ့ပဲ တက်တက်၊ ဘယ်အချိန်ပဲ တက်တက်
နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက်
မိုးသောက်ပန်း ရှိနေမယ်"

နံနက်(၉း၀၀)နာရီမှ (၃း၀၀)နာရီအထိ
ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက်တပ်ဆင်ထားပါသည်။

(1) Junction ဇဝနအနီး: Ph-01-571545, 09-5126882,09-43122883
(2) ယုဇနပလာဇာလုံးချင်းအိမ်ရာ Ph-01-200917, 09-43122884
(3) ရန်ကင်း၊ ကျောက်ကုန်း: Ph-01-566592, 09-421008133

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၇-၂၀၁၅ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာအချပ်ပို(၁)ရှိ တရားရုံး ဦးထွန်းနိုင်(ခ)ကိုနိုင် (အဖ)ဦးသန်းထွန်း သိစေရန်ကြော်ငြာစာရှိ ဦးထွန်းနိုင်(ခ)ကိုနိုင်၏ မှတ်ပုံတင်အမှန်မှာ [၉/မနမ(နိုင်)၁၂၁၂၃၉]ဖြစ်ကြောင်း ပြင်ဆင် ဖတ်ရှုပေးပါရန်နှင့် ၎င်း၏အကြောင်းအား သိရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ် များသို့ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၇၉၅၇၇၃၆၀၀၊ ၀၉-၄၀၁၆၂၁၅၂၂

ဂီတအနုပညာရှင်များ၏ကိုယ်စား
မူပိုင်ခွင့်ကာကွယ်တားဆီးရေးကော်မတီ
မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)




## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စိုးယု[၁၂/တမန(နိုင်)၀၆၄၈၄၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ရတနာသီရိလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်(ကြည်စု)၊ မြေကွက်အမှတ်(၆၉)၊ မြေအကျယ်အဝန်း (၂၅×၅၀)ပေ ဒေါ်တင်ကြည်အမည်ပေါက် နှစ်(၆၀)ဂရန်မြေပေါ်တွင် ကန်ထရိုက်တာ ဦးစိုးမြင့်စိုး[၁၂/ပဘတ(နိုင်)၀၃၀၅၄၃]မှ သုံးထပ်ခွဲ၊ တစ်ခြမ်းပေးတစ်ခြမ်းယူစနစ်ဖြင့် တိုက်သစ်ဆောက်လုပ်ခဲ့ရာတွင် ကန်ထရိုက်တာရရှိမည့် အခန်းအမှတ်(B-2)မှန်ခန်းအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စိုးယုမှ တန်ဖိုးပေးချေ ဝယ်ယူခဲ့ရာတွင် မြေရှင်ဒေါ်တင်ကြည်မှ အသိအမှတ်ပြု လက်မှတ်ရေးထိုးကာ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုခဲ့ပါသည်။

အဆိုပါ တိုက်ခန်းအား မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းခြင်း၊ ထပ်မံရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပိတ်ပင်တားဆီးခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း မပြုလုပ်ရန်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဝယ်ယူထားသည့် အထက်ပါတိုက်ခန်း၏ ပိုင်ဆိုင်မှုအား တစ်နည်းနည်းဖြင့် ထိပါးနှောင့်ယှက်သည့် မည်သူ့ကိုမဆို ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးညိုဝင်းမောင် **B.Sc, HGP, RL** တရားလွှတ်တော်ရှေ့နေ(၅၀၄၇)
အမှတ်(၂၇၆)၊ ဘုရားလမ်း(၁)၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၂၁၁၃၄၆၊ ၀၁-၉၁၃၉၀၄၃၅

ကြော်ငြာ

MYANMA RAILWAYS

Amendment of Tender Opening Date

The Following Tenders Opening date shall be amend as follows.

| Sr No | Tender No | Description | Initial Closing Date & Opening Date | Extension of Closing Date & Opening Date |
|---|---|---|---|---|
| 1 | 2/MR/INDIA(M) 2015-2016 | Machinery (4) Items | 29.7.2015 | 17.9.2015 |
| 2 | 6/MR/INDIA(M) 2015-2016 | Diesel Rail Crane 60 Tons (at 9 M radius and 360° slew) (1)Item | 29.7.2015 | 17.9.2015 |
| 3 | 7/MR/INDIA(E) 2015-2016 | Ballast Cleaning Machine (2) Items | 29.7.2015 | 30.9.2015 |
| 4 | 8/MR/INDIA(E) 2015-2016 | Track Geometry Measuring Trolley(6)Nos Rail-Road Excavator with Five Attachments (5)Nos, Self-Propelled Trolley for Ultrasonic Rail Inspection(2)Nos and Track Off-Trackable Tamping Machine (6) Nos | 29.7.2015 | 30.9.2015 |
| 5 | 9/MR/INDIA(E) 2015-2016 | Small Track Maintenance Machines (10) Items | 29.7.2015 | 30.9.2015 |

Enquiry about tender can be made to Managing Director,Myanma Railways(Fax No. 95-67-77016) by fax or by phone to 95-67-77001, 95-67-77181, 95-1-291994 , 95-1-291985 during office hours.

Managing Director, Myanma Railways,
Ministry of Rail Transportation, Nay Pyi Taw, Myanmar


GLOBAL PHOENIX
REAL ESTATE

ပြင်ဆင်ပြီး ကွန်ဒိုအခန်း၊ လုံးချင်းအိမ်များကို ငှားရမ်းလိုသော နိုင်ငံခြားသားဧည့်သည်များ ရှိနေပါသည်။ Global Phoenix သို့ ပိုင်ရှင်များ အမြန်ဆက်သွယ်ပေးပါ။

09 - 260 2600 29 / 59

GOLDEN STAR Travels & Tours

☆ ပုဂံ(ရွှယ်တော်လေးဆူ)-ပုပ္ပါး July - 30
☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း July - 30
☆ တောင်ကြီး-အင်းလေး-ပင်းတယ July - 30
☆ ကျိုက်ထီးရိုး-ချောင်းသာ - ငွေဆောင်

Ph: 209200, 544383, 430480, 703448, 705968

UNIQUE TRAVELS & TOURS CO.,LTD

UNIQUE STAR TRAVELS & TOURS

ဗန်ကောက်၊ပတ္တရား (6)D Jul: 25, 31 / Aug : 15,29 / Sep : 12,26 ($ 300)

[ Emerald Buddha , Tiger Zoo , Koh Larn Island , Nong Nooch Garden , Alcaza Show, Dream World , Safari World , Baiyoke Sky Dinner , Cruise Dinner , Ayutthaya ]

ကူမင်း၊သလီ၊လိကျန်း၊ရှန်ဂရီလာ (6)D Jul: 31 / Aug: 22 / Sep : 26 / Oct: 24 ($ 500)

ကုမ္ပဏီအသင်းအဖွဲ့များအား အထူးချိုသာသောဈေးနှုန်းဖြင့်ရောင်းချပေးနေပါသည်။

No.(70/A) , Kabaaye Pagoda Rd , Bahan Tsp, Yangon. Ph: 860 4964 , 860 4965 , 860 4966. 708 353 , 705 723 , 09 7310 9133 , 09 7310 9144 , 09 7310 9155, 09 7310 9166 , 09514 8079

သင့်လုပ်ငန်းအတွက် အသင့်တော်ဆုံး လမ်းညွှန်ကို ရွေးချယ်ပါ

YOUR INDUSTRY, YOUR DIRECTORY




စီးပွားရေးနယ်ပယ်တစ်ခုချင်းစီအတွက် သီးသန့်ထုတ်လုပ်ထားပြီး တိကျပြည့်စုံသော လိပ်စာများ၊ သက်ဆိုင်ရာ စီးပွားရေးနယ်ပယ်ရှိ သိထားသင့်သော အချက်အလက်များနှင့် အကြံပြုချက်များ ပါဝင်သည်။

2015-16 ထွက်ပြီ

Tel: 373254, 245358 Ext: 810-819 Email: ydg.adv@gmail.com

HOTLINE 01-8619277

KMD Computer Centre

ကလေးငယ်များ၏ဉာဏ်ရည်ထက်မြက်စေရန် နှင့်Programming အခြေခံသဘောတရားများကို နားလည်ပြီး Project တစ်ခုကိုယ်တိုင်ဖန်တီးတတ်စေရန်ရည်ရွယ် သင်ကြားပေးမည့်သင်တန်း

Creative Programming for Kids




- MIT (Massachusetts Institute of Technology) Media Lab's Lifelong Kindergarten group မှ ထုတ်လုပ်ထားသော Scratch Programming ကိုအသုံးပြု၍ သင်ကြားပေးသောသင်တန်းဖြစ်ပါသည်။
- Animation and Interactive Game Program ကိုအချိန်တိုအတွင်း မိမိကိုယ်တိုင်ဖန်တီးတတ်စေရန်ရည်ရွယ်ပါသည်။
- ကျောင်းစာများတွင်အပြည့်အဝအထောက်အကူရရှိစေရန် ရည်ရွယ်၍ ကြိုက်နှစ်သက်ရာ အချိန်များကို ဖွင့်လှစ် သင်ကြားပေးပါမည်။

အသက် ၁၀ နှစ် နှင့် အထက်ကလေးငယ်များတက်ရောက်နိုင်ပါသည်။

သင်တန်းဖွင့်မည့်ရက်
(မြေနီကုန်းစင်တာ)
26 July 2015
(Sat - Sun)
7:00 am - 10:00 am

(ပန်းဆိုးတန်း)း ပန်းဆိုးတန်းအလယ်၊ကျောက်တံတားမြို့နယ်။ ☎ -၃၈၀၀၃၅၊၃၈၀၇၇၆။ | (မြေနီကုန်း) း ၃၃၁၊ပြည်လမ်း၊မြေနီကုန်း၊စမ်းချောင်းမြို့နယ်။ ☎ -၅၀၂၂၃၃၊ ၅၂၇၄၃၆။

SMILE

ABC Dry Chemical Powder Type




ဆက်သွယ်ရန်
ဖုန်း - ၀၁-၅၅၆၅၇၇
၀၉-၅၀၂၈၀၀၀
၀၉-၇၃၃၂၀၉၂၃

၃ နှစ် အာမခံ

အရောက်ပို့
တပ်ဆင်
ရှင်းပြ

အရောင်းပြခန်း
အမှတ်(၄၁)၊မြေညီထပ်၊ဦးချစ်မောင်လမ်း၊ဆရာစံတောင်ရပ်ကွက်၊ဗဟန်းမြို့နယ်။

## ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ်ဆိုခြင်း



အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ၊ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၊ ကောသလတိုင်း သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်ကြီးအနီး ဓမ္မဒါယာဒဓမ္မရိပ်သာ သာသနာ့မြေဝယ်ယူနိုင်ရန်။

ဘဝအဆက်ဆက်မှ တော်စပ်ခဲ့ကြကုန်သော အမိများ၊ အဖများနှင့် မိခင်ဖြစ်သူ ဒေါ်အမာစိန်အားအမှူးထား၍ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်တင်မိုးအောင်မှ ၁၃-၇-၂၀၁၅ ရက်တွင် ကျပ်သိန်းငါးရာတိတိကို မတည်ငွေအဖြစ် သဒ္ဓါပြဋ္ဌာန်း လှူဒါန်းပါသည်။

သာသနာ့မိခင်ကြီး ဒေါ်အမာစိန်နှင့် သမီး ဒေါ်တင်မိုးအောင်တို့အား ပစ္စုပ္ပန်သံသရာ လိုအင်ဆန္ဒပြည့်စုံပြီး သာသနာ့မာတာ၊ သာသနာ့ဥပဋ္ဌိကာ သာသနာတော်အဓွန့်ရှည်တည်တံ့ရေးအတွက် ပြုစုပျိုးထောင်ပေးသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များအဖြစ် အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာ၊ တေဇမင်္ဂလာဝိဟာရကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇမှ ဝမ်းမြောက်စွာမှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

အလှူပွဲအခမ်းအနား၌ ကိုယ်ရောစိတ်ပါ စွမ်းဆောင်ပေးခဲ့ကြသော သဟာယမွန်၊ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှ M.D ဒေါ်ခင်မော်ဟန်၊ A.SSID ဒေါ်မိုးမိုးသက်ပိုင်၊ သိမ်၊ ကျောင်း၊ ဇရပ်၊ အလှူဒါယိကာမ ဒေါ်သန်းကြွယ်တို့အားလည်း ဝမ်းမြောက်စွာမှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**တေဇမင်္ဂလာဝိဟာရ၊ ဗုဒ္ဓဂယာ၊ အိန္ဒိယနိုင်ငံ**





HOLLY HOTEL

**Opportunity!**

Are you ready to explore new challenges?

Our Holly Hotel has the following opportunities available;

| Position | No. |
|---|---|
| **Management Position** | |
| Operation Manager | 1 |
| Executive Chef (Thai) | 1 |
| **Accounting** | |
| Accounting Officer | 3 |
| **Front Office** | |
| Guest Service Supervisor | 3 |
| Guest Service Agent | 8 |
| Concierge/ Bellman | 4 |
| **F&B Service** | |
| F&B Supervisor | 2 |
| F&B Agent | 8 |
| Bartender | 1 |
| **Sales & Marketing** | |
| Sales Executive | 3 |
| **Engineering:** | |
| Engineering Officer | 3 |
| **Housekeeping** | |
| Housekeeping Supervisor | 2 |
| Room Attendant | 8 |
| Public Areas – Cleaner | 4 |
| **F&B Service** | |
| Sous Chef | 1 |
| Chef de Partie | 1 |
| Commis I, II – Preparation | 4 |
| Steward – Dish Washer | 3 |

**We offer:**

- Service Charge
- Bonus
- Staff Incentive Program
- Staff Discounted Program
- Career Training
- Career Development Plan
- Duty Meal
- Uniform
- Staff Recognition Program
- Birthday Present

******



**To begin your journey – simply go to;**

Pre-Opening Office;
**GMP Co., Ltd (Ga Mone Pwint Co., Ltd)**
245, Bargayar Road Sanchaung Township, Yangon, Myanmar
Tel: 95-1-516533-6
Fax: 95-1-526926
Website: www.gmp-myanmar.com
Or send your resume to email: info@hollyhotelmyanmar.com



## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
